# သောင်းဝေဦး

# အစ်ကိုတို့စစ်သား



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀၅၀၂၀၄၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၄၄၇၀၅၀၇ |
| ပထမအကြိမ် | - | ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | [redacted] |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| မျက်နှာဖုံးကာလာခွဲ | - | မြကျွန်းသာ |
| အတွင်းဖလင် | - | **AZ** |
| ကွန်ပျူတာစာစီ | - | မြရတနာအဖွဲ့သားများ |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ
ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မြရတနာစာပေ

# အစ်ကိုတို့စစ်သား

မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | အစ်ကိုတို့စစ်သား (၁) | ၁ | ၁၀ |
| ၂။ | အစ်ကိုတို့စစ်သား (၂) | ၁၃ | ၂၄ |
| ၃။ | အစ်ကိုတို့စစ်သား (၃) | ၂၇ | ၃၇ |
| ၄။ | အစ်ကိုတို့စစ်သား (၄) | ၄၂ | ၅၆ |
| ၅။ | အစ်ကိုတို့စစ်သား (၅) | ၆၁ | ၇၀ |
| ၆။ | အစ်ကိုတို့စစ်သား (၆) | ၇၅ | ၈၇ |
| ၇။ | အစ်ကိုတို့စစ်သား (၇) | ၉၂ | ၁၀၂ |
| ၈။ | အစ်ကိုတို့စစ်သား (၈) | ၁၀၇ | ၁၂၀ |
| ၉။ | အစ်ကိုတို့စစ်သား (၉) | ၁၂၅ | ၁၃၈ |
| ၁၀။ | အစ်ကိုတို့စစ်သား (၁၀) | ၁၄၃ | ၁၅၂ |



ဝိဇ္ဇာနောက်ဆုံးနှစ်က စာရေးသူ(၁၉၆၄)

မြရတနာစာပေ



တကယ် စစ်သားလုပ်မှာလား

မြရတနာစာပေ




ညီလေးလည်း ဒီလိုအရာရှိကြီး ဖြစ်နိုင်တယ်

မြရတနာစာပေ



အရာရှိငယ်ဘဝက စာရေးသူ(၁၉၆၉)

မြရတနာစာပေ



ဒါဟာ အရာရှိကြီးတွေဆောင်းတဲ့ ဦးထုပ်
ကြိုးစားရင် ညီလေးလည်း ဆောင်းရနိုင်တယ်

မြရတနာစာပေ

## စာရေးသူ၏အမှာ

ကျွန်တော်သည် စစ်သားဘဝ၌ ဝါသနာအရ စာရေးရန် လေးကြိမ်ခန့် ကြိုးစားခဲ့ဘူးပါသည်။

ပထမအကြိမ် ၁၉၆၇၊ ဗိုလ်သင်တန်းဆင်းစ ဒုဗိုလ်ဘဝ။

ဒုတိယအကြိမ် ၁၉၇၅၊ ဗိုလ်ကြီးဘဝ၊ ပင်လယ်နှင့် သိပ်မဝေးသော မြန်မာနိုင်ငံတောင်ပိုင်းတစ်နေရာတွင် စခန်းထိမ်းတာဝန်ထမ်းဆောင်နေစဉ်က။

တတိယအကြိမ် ၁၉၉၀၊ ဒုဗိုလ်မှူးကြီးအဆင့် တပ်ရင်းမှူးဘဝဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ပေ ၆၀၀၀ ကျော်၊ ၇၀၀၀ ခန့် မြင့်သော မော်ဖဒေသတောင်များပေါ်မှာနေစဉ်က။

စတုတ္ထနှင့် နောက်ဆုံးအကြိမ် ၁၉၉၄၊ နည်းဗျူဟာမှူးတာဝန်ဖြင့် ကရင်ပြည်နယ်၊ သာလွန်ဒေသတွင် နေခဲ့ရစဉ်က။

စုစုပေါင်း လေးကြိမ်တိတိ။

ပထမသုံးကြိမ်မှာ အကြောင်းအမျိုးမျိုးဖြင့် စာရေးသူဖြစ်မလာခဲ့ပါ။ စာရေးရင်း စိတ်ပျက်အားလျော့ခဲ့ပါသည်။ ၁၉၉၄ နောက်ဆုံးအကြိမ်ရောက်မှ အကြောင်းအပေါင်းသင့်သွားပြီး၊ ရေးသမျှစာများ မဂ္ဂဇင်းအတော်များများ၌ ပါလာ၍ ယနေ့အချိန်ထိ စာများအဆက်မပြတ်ရေးပြီး စာရေးဆရာအမည်ခံနိုင်

ခဲ့ပါတော့သည်။

ယခု ဤစာအုပ်ကလေးမှာ ၁၉၇၅ က မြန်မာနိုင်ငံ တောင်ပိုင်း၊ ထားဝယ်ခရိုင်အတွင်းရှိ မင်းသားလယ်ကြီး ကျွဲသုံးညီမ ကျွန်း၌ လေးငါးလစခန်းထိမ်းတာဝန်ထမ်းဆောင်နေစဉ် လက်သွေးရေးသားထားသည့် စာမူဖြစ်ပါသည်။ နှစ်ကာလများစွာ ရှည်ကြာခဲ့ပါပြီ။ သို့ရာတွင် ရည်ရွယ်ချက်ကောင်းနှင့် ရေးခဲ့သည့် စာမူလေးဖြစ်၍ ဖတ်ရှုသူများ အကျိုးရှိတန်ကောင်းရဲ့ဟု သဘောရသဖြင့် ခေတ်နှင့်လျော်ညီအောင် အချို့နေရာများ၌ ပြန်လည်ဖြည့်စွက်ပြင်ဆင်ပြီး စာဖတ်သူများလက်သို့ တင်ဆက်လိုက်ပါသည်။

အဓိကမှာ နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များအတွက်ဖြစ်ကြောင်း ဖြည့်စွက်အစီရင်ခံပါသည်။

ဖတ်ရှုလေ့လာအကဲဖြတ်ပေးကြပါခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

နေရာ - ရန်ကုန်မြို့

ရက်စွဲ - ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်

# အစ်ကိုတို့စစ်သား (၁)

## စိတ်ဓာတ်သည်သာအဓရာ

ညီလေး

စစ်ထဲဝင်ချင်တယ်ဆိုလို့ ညီလေးအတွက် ဒီစာကိုရေးလိုက်ရပါတယ်၊ ညီလေးက မေးတယ်။

"ကျွန်တော် စစ်ထဲဝင်ချင်တယ်၊ ဖြစ်ပါ့မလား၊ လူက နည်းနည်းချူချာချင်တယ်၊ တပ်ထဲရောက်မှ သူများနည်းတူ မလုပ်နိုင်ရင် ရှက်စရာကြီး" လို့ ဆိုထားတယ်။

ဖြစ်ပါတယ် ညီလေး၊ အဲရေးကြီးတာက စိတ်ပါပဲ၊ စိတ်ကဆောင်နေရင် ဖြစ်ပါတယ်၊ စိတ်ဆောင်ရင် အောင်တာပါပဲ။

"ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိတဲ့"

စိတ်ဆောင်ရင် အရာရာအောင်ရမယ်လေ။

အစ်ကို့အကြောင်း နည်းနည်းပြောပြမယ်၊ အစ်ကို တပ်ထဲဝင်တော့ လူက ရောဂါမျိုးစုံနဲ့ ရောဂါသည်၊ သတ်မှတ်တဲ့ ကိုယ်အလေးချိန်ကလည်း မပြည့်ဘူး၊ ပေါင် (၁၁၀)မရှိဘူး၊ ပေါင် (၉၀)သာသာပဲ၊ မျက်စိကလည်း မှုန်တုန်တုန် မွဲတဲတဲ၊ လူက မျက်မှန်လေးနဲ့၊ ဒါပေမယ့် အစ်ကိုက စစ်သား သိပ်လုပ် ချင်တာ၊

ဆန္ဒက သိပ်ပြင်းပြနေပြီ၊ **Personal Interview** ထိ အောင်ပြီးပေမယ့် ဆေးစစ်တာမအောင်ရင် တပ်ထဲဝင်လို့ မရဘူး၊ ဆေးအောင် အောင် ဆေးစစ်တဲ့အဖွဲ့ကို အောက်ကျ နောက်ကျနဲ့ သနားအောင် တောင်းတောင်းပန်ပန်ပြောရတယ်၊ ဆေးစစ်တဲ့သူတွေက "ဒီကောင်လေး တကယ်စစ်သား လုပ်ချင် ရှာတာပါလား"ဆိုပြီး ဆေးအအောင် ပေးလိုက်ပါတယ်၊ တကယ် တော့ ရောဂါပေါင်းစုံနဲ့ ရှုနာရှိုက်ကုန်းလေးကို စစ်ထဲသွင်းပေး လိုက်ကြတာပါ၊ ကျေးဇူးတင်ထိုက်ပါပေတယ်။

ဗိုလ်သင်တန်းကျောင်းရောက်တော့ အလွန်ပြင်းထန်တဲ့ စစ်လေ့ကျင့်ခန်းတွေနဲ့ ရင်ဆိုင်ရပါတယ်၊ **Time Table** အချိန် စာရင်းတွေနဲ့ ရှိုခနဲ ရှိုခနဲ ခရာတွေ တုတ်တုတ်ပြီး ခိုင်းတော့ တာပါပဲ၊ မနက် ငါးနာရီကနေ ညကိုးနာရီအထိ မအားရ မနားရ အလုပ်နဲ့ လက်နဲ့မပြတ် ဇယ်ဆက်သလို လေ့ကျင့်ခန်းတွေ ဆင်းရတော့ လူက လူနဲ့မတူတော့ဘဲ စက်ရုပ်လိုဖြစ်လာတယ်၊ ခေါင်းတွေဘာတွေ မူးနောက်လာပြီး ပြင်းထန်တဲ့ စစ်လေ့ကျင့် ခန်း တွေကို ကြောက်လာပြီး ထွက်ပြေးချင်စိတ်တောင် ပေါက် လာတယ်။

ဒါပေမယ့် အစ်ကို ထွက်မပြေးဖြစ်ပါဘူး။

စောစောက ပြောခဲ့တဲ့ "ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ" ကြောင့် ပြင်းပြတဲ့ဆန္ဒနဲ့ ငါ စစ်သားဖြစ်ရမယ်၊ ငါစစ်သားဖြစ်ရမယ်၊ ငါစစ်သားဖြစ်ရမယ်ဆိုတဲ့ သံမိဋ္ဌာန်

စိတ်ကြောင့် အစ်ကိုစစ်သား ဖြစ်ခဲ့ရပါတယ်၊ သင်တန်း ကာလ ကိုးလတာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

တကယ်တော့ တပ်ထဲမဝင်မီ စည်းမဲ့ကမ်းမဲ့ နေခဲ့တာ ကလား၊ ညနက်သန်းခေါင်ထိ ရုပ်ရှင်ကြည့်တယ်၊ စာဖတ်တယ်၊ သူငယ်ချင်းတွေနဲ့ ဟေးလား ဝါးလား ဝေဖန်ရေး လေကန်ရေး လုပ်တယ်၊ လက်ဖက်ရည်ဆိုင်တွေမှာ အကြာကြီးထိုင်တယ်၊ အထိုင်ဖြစ်ဆုံး လက်ဖက်ရည်ဆိုင်ကတော့ အိမ်နဲ့အနီးဆုံး ရေကျော်မောင်အေးကဖီးပေါ့၊ အဲဒီ ၁၉၆၄-၆၅လောက်တုန်းက ရေကျော် မောင်အေးကဖီးမှာ သေသွားပြီဖြစ်တဲ့ မင်းသားကြီး မြတ်လေးတို့၊ အဆိုတော်ကြီး စန္ဒယားချစ်ဆွေတို့၊ မင်းသား ဇော်ခင်တို့၊ အဆိုတော် ကိုခင်လတ်တို့လည်း လာလာပြီးထိုင် တတ်တယ်၊ အစ်ကိုတို့က မြတ်လေးနဲ့ ဇော်ခင်တို့ပါတဲ့ ရေပွက် ပမာရုပ်ရှင်ကားကို သိပ်ကြိုက်ပြီး အဲဒီဇာတ်ကားမှာ မင်းသမီး ခင်သန်းနုကို လူကြမ်းဌေးဝင်းက လက်ကိုဖမ်းဆွဲပြီး အတင်း မဟားဒရားလုပ်မယ် အလုပ်မှာ တစ်နေရာရာကနေပြီး ဘွားခနဲ ပေါ်လာတဲ့ မင်းသားဇော်ခင်က

"ကောင်မလေးကို လွှတ်လိုက်"

လို့ အော်လိုက်တာကို တအားသဘောကျကြတာ၊ ဒါကြောင့် အဲဒီတုန်းက အစ်ကိုတို့ လူငယ်ချင်း တွေ့ရင်

"ကောင်မလေးကို လွှတ်လိုက်"

လို့ ဦးရာလူက အရင်အော်ကြတယ်။

အဲဒီ **Feeling** နဲ့ မောင်အေးကဖီးမှာ ညညသွားထိုင် ဟိုပြော ဒီပြောနဲ့ အချိန်တွေ ဖြုန်းကြတယ်၊ အဲဒီအကျင့်က တပ်ထဲဝင်တော့ ဒုက္ခရောက်တော့တာပေါ့၊ စစ်တပ်ဆိုတာ စည်းနဲ့ကမ်းနဲ့ နေရတာ၊ သင်တန်းဆိုတော့လည်း ပိုပြီးတိကျ ပြင်းထန်တယ်လေ၊ အရပ်သားဘဝကို ခဝါချပြီး စစ်ပုံသွင်းတာ ဆိုတော့ မတွေ့ဘူး၊ မကြုံဘူးတဲ့ **Physically** ရော **Mentally** ပါ စိတ်ရော ကိုယ်ပါ ဖိစီးမှုတွေနဲ့ တိုးတော့တာပါပဲ၊ ဒါတွေကို စောစောကပြောတဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ ကျော်လွှန်ခဲ့ရပါတယ်။

ကိုယ့်ကိုယ်ကိုယ်လည်း အားပေးရတယ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ ဂျပန်နိုင်ငံ ဟိုင်နန်ကျွန်း သွားပြီး ဂျပန်တွေရဲ့ ပါးရိုက် နားရိုက်ခံပြီး စစ်ပညာကို သင်ခဲ့တယ်၊ သွားရတာလည်း အဝေးကြီး၊ စွန့်စွန့်စားစား ခိုးကြောင် ခိုးဝှက်၊ ဟိုမှာ စားရသောက်ရတာလည်း ကိုယ်စားနေကြ ထမင်းဟင်း မဟုတ်၊ ဂျပန်တွေ ကျွေးတာပဲစားရ၊ စစ်ပညာသင်တော့ အနှိမ်ခံ၊ အနှိပ်စက်ခံပြီးသင်ရ၊ အဲဒါတောင် သူတို့ တစ်တွေ အသက်စွန့်ပြီး ဂျပန်တွေဆီက စစ်ပညာရအောင် သင်နိုင်ခဲ့သေးတာပဲ၊ ပြန်လာတော့လည်း သူတို့မှာဘာ မျှော်လင့်ချက်မှ ရှိတာမဟုတ်ဘူး၊ ဒီမှာ ကိုယ့်မြန်မာအချင်းချင်း၊ သင်တန်း ပြီးရင်လည်း ပြန်တမ်းဝင်အရာရှိ **Gazetted Officer**

ဖြစ်မယ်၊ ဒါကြောင့် မရမနေဖြစ်အောင် အောင်မြင်အောင် လုပ်မယ်ဆိုပြီး အပြင်းအထန်ကြိုးစားခဲ့တယ် ညီလေးရေ။

ဒီနေရာမှာ အစ်ကို့ ကျန်းမာရေးနဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံအကြောင်းလေးလည်း နည်းနည်းထည့်ပြောချင်တယ်၊ အစ်ကိုက လူဗလံ လူပိန်ကလေး၊ ဘယ်တုန်းကမှ မဝခဲ့ဖူးဘူး၊ ရင်အုပ်ကလည်း ချိုးရင်အုပ်ကလေး၊ ပုခုံးကျဉ်းလေးနဲ့၊ ဗိုလ်သင်တန်းကျောင်းရောက်တော့ ရိုင်ဖယ်တောင် မနိုင်ဘူးလေ၊ ရိုင်ဖယ်တစ်လက်က ဆယ့်သုံးလေးငါးပေါင်လောက် လေးတယ်၊ အဲဒါကို မနိုင်ဘူး၊ ဒါ့ကြောင့် ရိုင်ဖယ်လေ့ကျင့်ခန်းလုပ်ရတယ်၊ လေ့ကျင့်ခန်းအစမှာ ရိုင်ဖယ်လွတ်ကျလို့ **Training Ground** လေ့ကျင့်ရေးကွင်းကို ပတ်ပြေးခဲ့ရပေါင်းကလည်း မနည်းဘူး၊ နောက်တော့ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ရိုင်ဖယ်ကိုကိုင်နိုင်အောင် အပိုဆောင်း လေ့ကျင့်ရေးလုပ်ရတယ်၊ တစ်လနှစ်လလောက် ကြိုးစားလိုက်မှ အဲဒီရိုင်ဖယ်ကို ကိုင်နိုင်လာတယ်၊ ချိုးရင်အုပ်ကလေးကိုလည်း လူနဲ့သူနဲ့ တူအောင် သရုပ်ပြတပ်ခွဲက လေထီးစစ်သည်တွေနဲ့ တည့်အောင်ပေါင်းပြီး အလေးမြှားပေ့ါပေ့ါလေးတွေ သွားမ၊ **Dive** ဒိုက်ထိုး၊ တန်းဘားဆွဲနဲ့ သုံးလေးငါးလ အပိုဆောင်း သွားလေ့ကျင့်ရတယ်။

လေထီးစစ်သည်တွေကလည်း ကောင်းကြရှာပါတယ်၊ ပြီးတော့ မေးတယ်။

"ဗိုလ်လောင်း၊ ဘာဖြစ်လို့ ဒါလောက်ကြိုးစားနေရတာ

လဲ၊ ဘာခံစားချက် ရှိလို့လဲ" တဲ့။

အဲဒီလိုမေးတော့ ငိုချင်ရက် လက်တို့လေ၊ အစ်ကိုက လည်း ငယ်သူတို့ဘာဝ တက္ကသိုလ်မှာ ကြုံခဲ့တဲ့ အစ်ကိုနဲ့ချစ်သော အစ်မကြီးတို့အကြောင်း သို့မဟုတ် မမထားနဲ့ အပါဇာတ်လမ်းကို ပြောပြဖြစ်တယ်၊ ပြီးတော့ အဲဒီမိန်းမကြီးက

"နင်က ရောဂါသည်လေးပဲ၊ စစ်သားလုပ်လို့ ရမှာ မဟုတ်ပါဘူး၊ စစ်သားက သိပ်ပင်ပန်းတာတဲ့ဟဲ့"

ဆိုတဲ့ ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုမညှာမတာ အထင် သေးအမြင်သေးနဲ့ နာလိုနာညိပြောခဲ့တဲ့ အကြောင်းနဲ့ အဲဒါ ကြောင့် မခံချင်တာနဲ့ စစ်တပ်ထဲ ဖွတ်ဝင်လာပြီး စစ်သားလုပ် တဲ့အကြောင်းပြောတော့ သူတို့တစ်တွေက တဟားဟားနဲ့ ရယ်မောကြတယ်၊ သူတို့ရတဲ့ **Special Diet** တွေလည်း ပေးကြ ကျွေးကြတယ်၊ ပြီးတော့ ပြောတယ်

"အင်း ထင်တော့ ထင်သားပဲ၊ ဗိုလ်လောင်းမှာ ခံစား ချက်တစ်ခုခုတော့ ရှိပြီထင်တယ်၊ ဒါကြောင့် **PT** တန်းဖြုတ်ပြီး ရင် ဒီကိုလာလာပြီး အလေးတွေမ၊ ကျွမ်းဘားတွေကစားနဲ့ တအားကြိုးစားနေတာကိုး" တဲ့။

ဟုတ်တယ်၊ ကြိုးစားရမယ်၊ ခန္ဓာကိုယ်ကြံ့ခိုင်မှ စိတ် ဓာတ်လည်း ကြံ့ခိုင်မယ်လေ၊ ခန္ဓာကိုယ်ကို ပထမ ကြံ့ခိုင် တောင့်တင်းအောင် လုပ်ရမယ်၊ ပြီးတော့ ပြောစရာရှိသေးတယ်၊ တပ်ထဲ မဝင်မီက စောစောက အစ်ကိုပြောတဲ့ အစ်ကို့ရဲ့

မမထား၊ ဒါမှမဟုတ် ဟိုမိန်းမကြီးပေါ့၊ သူက တောင့်တောင့် ဖြောင့်ဖြောင့်၊ ပစ္စည်းပစ္စယတွေက ခပ်ကြီးကြီး၊ ကိုယ်က သူ့ ကိုယ်လုံးတစ်ဝက်လောက်ပဲရှိတယ်၊ အသက်ကလည်း သူ့ထက် ငယ်၊ လူကလည်း သူ့ထက်အများကြီးသေးကွေးဆိုတော့ ဘယ် သူ့အထင်ကြီးနိုင်ပါ့မလဲ၊ ဒါ့ကြောင့် တပ်ထဲရောက်တော့ ဒီသေး ကွေးနေတဲ့ ခန္ဓာကိုယ်လေးကို ဖွံ့ဖြိုးတိုးတက်သန်မာအောင် တပ်မတော်အားကိုးနဲ့ ဘက်ပေါင်းစုံက ကြိုးစားရတော့တာပဲ။

ကြိုးစားရကျိုးနပ်ပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ သင်တန်းကာလ ကုန်လို့ပြီးလို့ သင်တန်းဆင်းတော့ ယူနီဖောင်း စမတ်ကျကျဝတ်ပြီး မမထားနဲ့ သွားတွေ့ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ခန္ဓာကိုယ်ကလည်း ညိုမောင်းပြီး တော်တော် တောင့်တင်း ကြံ့ခိုင်နေပါပြီ၊ အကျႌ ချွတ်ပြီး ကိုယ့်ကိုကိုယ် လေထီးတပ်ခွဲက ကိုယ်လုံးပေါ် မှန်ကြီး ရှေ့ရပ်ကြည့်လိုက်တဲ့အခါ ညောင်ရမ်းညီနောင်ဇာတ်ကားထဲက မင်းသားမြင့်အောင်လေလားလို့တောင် ထင်မိတယ်၊ ရင်အုပ် ကြွက်သားတွေ လက်မောင်း ကြွက်သားတွေနဲ့ ကြွက်သားအဖုဖု ထုထုပြီး ခရာချင်စရာငယ် ထွားကြိုင်းတဲ့ ဗမာလူငယ်ပေါ့၊ တကယ်လည်း ကိုယ်လုံးထွက်လာပြီး အရပ်ပါတစ်လက်မ ပိုရှည် လာတယ်။

ဒါ့ကြောင့် မှန်ကြည့်ရင်း "အင်း ဒီအကျႌချွတ် ကိုယ်လုံး မှာ မမထားကို မှိုခိုင်းကြည့်ရရင် သိပ်ကောင်းမှာပဲ၊ မမထားက

ကိုယ့်ကိုမို့ပြီး ဘာများပြောမှာပါလိမ့်" လို့လည်း စိတ်ကူးယဉ်မိပါတယ်၊ ရယ်စရာတော့ အကောင်းသား။

သူနဲ့ သွားတွေ့တော့ ကိုယ့်လက်မောင်းကြွက်သားတွေ ဘယ်လောက်ကြီးထွား ကြွခိုင်နေကြောင်း သိစေချင်လို့ စစ်အင်္ကျီလက်ရှည်ကို ခပ်တိုတိုခပ်တင်းတင်း လက်မောင်းရင်းနားရောက်လုမတတ် ခေါက်တင်ထားတယ်။

လူချင်းတွေ့တဲ့အခါ မိန်းမကြီးက ဘာပြောတယ်မှတ်လဲဗျာ။

"ဟယ် နင် အခုမှ တကယ့်စစ်သားနဲ့ တူလာတယ်တော့" တဲ့။

ဘယ်နှယ်ဗျာ၊ စစ်တပ်ထဲရောက်တာ တစ်နှစ်နီးပါးရှိပြီး ဖြင်းထန်တဲ့ စစ်လေ့ကျင့်ခန်းတွေလည်း ဖြတ်ကျော်ခဲ့ပြီ၊ ကိုယ်လုံး ကိုယ်ထည်ကလည်း ပေါင် ၉၀ ကနေပြီး တပ်မတော်တန်ခိုးနဲ့ ပေါင် ၂၀ တိုးပြီး ပေါင်၁၁၀ ဖြစ်ပြီ၊ ယူနီဖောင်းကလည်း အသစ်စက်စက် စမတ်ကျကျ၊ ပြီးတော့ ပုခုံးပေါ်မှာလည်း ရွှေသပြေတစ်ခက်နဲ့၊ ခေါင်းမှာလည်း ရွှေချည်ထိုးတံဆိပ် **Berry Cap** အစိမ်းနဲ့ အပုံစား။

အဲဒါကိုများ "နင်အခုမှ စစ်သားနဲ့ တူတယ်" လို့ ပြောမှ ပြောရက်ပလေတယ်ဗျာ။

အဲဒီတော့ အစ်ကိုက ဘာပြန်ပြောလိုက်တယ်မှတ်လဲ။

"စစ်သား မဟုတ်ဘူးဗျ၊ စစ်ဗိုလ် စစ်ဗိုလ်"

လို့ ခပ်ဆောင့်ဆောင့်ဆိုပြီး ပုခုံးက ရွှေသပြေခက်ကို လက်ညှိုးထိုးပြလိုက်တယ်လေ။

အဲဒီတော့ အစ်မကြီးကလည်း ပြုံးစစ ရယ်ကျဲကျဲနဲ့

"မသိလို့ပါ စစ်ဗိုလ်ကြီးရယ်"

ဆိုပြီး ကျေနပ်ဂုဏ်ယူနေဟန်နဲ့ ပြန်ပြောပါတယ်၊ သူ့ကြောင့် ကိုယ့်ဘဝပြောင်းသွားတာကို ကျေနပ်တာလား၊ သူ့ကိုယ်သူ ကျေနပ်နေတာလား၊ ဒါတော့ အစ်ကိုမသိဘူး၊ သူ့ မျက်နှာပေါ်မှာတော့ ဂုဏ်ယူတဲ့ အမူအရာတွေကို အပီအပြင် အထင်အရှား အစ်ကို တွေ့လိုက်ရတယ်။

အဲဒါပါပဲ ကိုယ့်ညီရေ။

စစ်ထဲဝင်မယ့်လူက ချူချာတယ်၊ ဖြစ်ပါ့မလားဆိုတဲ့ ညီလေးအမေးအတွက် အစ်ကို့အဖြေက

"ဖြစ်ပါတယ်၊ စိတ်သာ ပဓာန၊ ဆန္ဒဝတော ကိံ နာမ ကမ္မံ နိသိဇ္ဈတိ ပြင်းပြသော ဆန္ဒရှိရင် အရာရာအောင်မြင်ရမယ်"

**"Where there is a will, there is a way"**

"လိုလျှင်ကြံဆ နည်းလမ်းရ"ပါ။


ဒါကြောင့်လည်း စစ်သားလုပ်ချင်တဲ့ ဆန္ဒရှိရင်တော့ လုပ်သာလုပ်ပါ၊ ခြေနှစ်ဖက်ပြတ်နေတဲ့ကြားက လေယာဉ်မောင်းတဲ့ ဗြိတိသျှလေသူရဲ ဒေါက်ဂလပ်ဗေဒါရဲ့ **Motto** ဆောင်ပုဒ်နဲ့ ပြောရရင်တော့

**"Nothing is impossible under the blue sky"**

"ကောင်းကင်ပြာပြာကြီးအောက်မှာ မဖြစ်နိုင်တာ ဘာမှ မရှိပါ"

လို့သာ ပြောလိုက်ပါရစေ ညီလေးရေ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ



စစ်သားဆိုတာ ဒီလိုတိုက်ရ ခိုက်ရတတ်တယ်

မြရတနာစာပေ



ဒီလိုလည်း ရက်ပေါင်းများစွာ ချီတက်ရတတ်တယ်

# အစ်ကိုတို့စစ်သား (၂)

## အင်တာဗျူးအကြောင်း တစေ့တစောင်း

ညီလေး

အစ်ကို့စာကိုဖတ်ပြီး တပ်ထဲဝင်လိုက်မယ်လို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တာကို ကြိုဆိုပါတယ်။

တပ်ထဲဝင်မယ်ဆိုရင် **Entrance Exam** လို့ခေါ်တဲ့ စာမေးပွဲတွေဖြေရမယ်၊ သာမန်ရဲဘော် **Rifleman** သို့မဟုတ် **Private** ကတော့ စာမေးပွဲရယ်လို့ဆိုတာ မရှိပါဘူး၊ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တပ်မတော် စစ်သားစုဆောင်းရေးတပ်ဖွဲ့တွေမှာ သတင်းပို့ပြီး အမည်စာရင်းပေးလိုက်တာနဲ့ ကိုယ်ရေးရာဇဝင်ယူမယ်၊ ဆေးစစ်မယ်၊ ပြီးတော့ နီးစပ်ရာ သင့်လျော်ရာ လေ့ကျင့်ရေး ကျောင်းတွေကို ပို့ပေးမယ်၊ သင်တန်းတက်ရမယ်၊ တပ်သားသစ်သင်တန်း တန်းမြင့်သင်တန်းတွေပြီးရင် သက်ဆိုင်ရာတပ်တွေကို ပို့ပေးလိုက်တာပါပဲ။

သာမန်ရဲဘော်မဟုတ်တဲ့ ဗိုလ်သင်တန်းလို့ခေါ်တဲ့ အရာရှိသင်တန်းတွေတက်မယ်၊ တက်ချင်တယ်ဆိုရင်တော့ ဗိုလ်လောင်း လျှောက်လွှာတွေတောင်းပြီး လျှောက်ရတယ်၊ ဗိုလ်လောင်းလျှောက်လွှာက **D.S.A** လို့ ခေါ်တဲ့ **Defence**

မြရတနာစာပေ

**Services Academy**ကာကွယ်ရေးဝန်ကြီးဌာန စစ်တက္ကသိုလ်နဲ့ **O.T.S** လို့ခေါ်တဲ့ **Officers Training School** ဗိုလ်သင်တန်းကျောင်း နှစ်မျိုးအတွက် လျှောက်လွှာခေါ်တယ်၊ **D.S.A** က တက္ကသိုလ်ဝင်တန်းအောင်ပြီး အသက် ၁၆ နှစ်နဲ့ ၁၉ နှစ်ကြား ကျန်းမာသော မြန်မာလူငယ်များကို ခေါ်တယ်၊ **O.T.S** ကတော့ ဘွဲ့ရပြီး အသက် ၂၁ နှစ်နဲ့ ၂၅ နှစ်ကြား လူငယ်များကိုခေါ်တယ်၊ **D.S.A** က လေးနှစ်တက်ပြီးမှ ပြန်တမ်းဝင်အရာရှိဖြစ်တယ်၊ အခုတော့ သုံးနှစ်လို့ဆိုပါတယ်၊ **O.T.S** ကတော့ ကိုးလလောက်ပဲ တက်ပြီး ပြန်တမ်းဝင် အရာရှိ ဖြစ်တယ်။

ဝါသနာပါရင်တော့ နှစ်မျိုးလုံး ဘာပဲတက်ရ တက်ရ ကောင်းပါတာပါပဲ။

ဒီနေရာမှာ စပ်မိစပ်ရာ အစ်ကို့အကြောင်းလေး ပြောချင်တယ်၊ အစ်ကိုတို့ဒေသ အညာဘက်က စစ်သားလုပ်တဲ့သူ အတော်နည်းတယ်၊ ရှင်းရှင်းပြောရရင်တော့ မရှိသလောက် ရှားတယ်ဆိုရမယ်၊ စစ်ထဲဝင်တဲ့သူ လိုက်သွားတဲ့သူဆိုရင် ဝိုင်းပြီး ကြည့်ကြတယ်၊ အထူးအဆန်းပေါ့။

အစ်ကို ဆယ်တန်းအောင်တဲ့နှစ်က ၁၉၆၁၊ အသက်က ၁၆ နှစ်၊ **D.S.A** အပတ်စဉ် (၇)ကို မှီတယ်၊ တက်စမ်းကြည့်ဖို့ သူငယ်ချင်းတွေက လာတိုင်ပင်ကြတော့ အစ်ကိုကငြင်းလိုက်တယ်၊ ညီလေးလိုပဲ ကိုယ်က သိပ်ပြီး ချူချာတော့ ဆေးမအောင်

မှာ စိုးတာနဲ့ ကြောက်ပြီး ငြင်းလိုက်တာပဲ၊ သူငယ်ချင်းတွေထဲက ထွန်းမြင့်ဆိုတဲ့သူ တစ်ယောက်ပဲ သွားလျှောက်တယ်၊ စာမေးပွဲ အောင်ပါတယ်၊ ဒါပေမယ့် သူလည်း အစ်ကို့လို ဖြူဖတ်ဖြူလျော် ပျော့စိစိလေးဆိုတော့ ဆေးကျသွားတယ်၊ **D.S.A** မတက်လိုက် ရဘူး၊ မန္တလေးတက္ကသိုလ်တက်ပြီး **B.Sc** ဘွဲ့ရတော့ ကျောင်း ဆရာဖြစ်သွားလေရဲ့။

**D.S.A** မသွားဖြစ်ဘဲ တက္ကသိုလ်တက်လိုက်တာ ၁၉၆၅ မှာ စောစောကပြောတဲ့ မခံချင်စိတ်ကလေးကြောင့် **O.T.S** လျှောက်လိုက်မိတယ်၊ စားမေးပွဲအောင်ပါတယ်။

**D.S.A** ပဲ ဖြစ်ဖြစ် **O.T.S** ပဲဖြစ်ဖြစ် လျှောက်လွှာ တင်ပြီး ခေါ်စာ လာရင် ရန်ကုန်မှာရှိတဲ့ **O.T.T** လို့ခေါ်တဲ့ **Officer Testing Team** ဗိုလ်ရွေးအဖွဲ့မှာ သွားပြီး စခန်း သွင်းအရွေးခံရတယ်၊ တပ်ထဲဝင်ဖို့ ဒါက ပထမအရေး ကြီးဆုံးမို့ ဒီ **Camp** ဝင်ပြီး စာမေးပွဲဖြေတဲ့ကိစ္စကို နည်းနည်း အလေးပေး ပြောချင်တယ်။

**O.T.T** က ခေါ်စာလာရင် အောက်ပါအတိုင်းရေး တတ်တယ်၊ အစ်ကို့တုန်းက အဲဒီအတိုင်းလာတယ်။

သို့
မောင်သက်ဦး
မဲဇလီကျောင်းတိုက်အတွင်း
ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ရက်စွဲ။ ၃-၁၂-၁၉၆၅
အကြောင်းအရာ။ ။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အရွေးခံရန်ကိစ္စ။

၁။ လိပ်စာပါ မောင်သက်ဦးအား တပ်မတော် ဗိုလ်ရွေးအဖွဲ့၊ ပြည်လမ်းတွင် ပြုလုပ်မည့် ဗိုလ်လောင်းရွေးချယ် ရေးကိစ္စတွင် ဝင်ရောက် အရွေးခံရန်အတွက် အကြောင်းကြားပါသည်။

၂။ သတ်မှတ်ရက်တွင် ဗိုလ်လောင်းရွေးချယ်ရေး အဖွဲ့ **O.T.T** သို့ သတင်းပို့ရန်ဖြစ်ပါသည်။ အောက်ဖော်ပြပါပစ္စည်းများ မပျက်မကွက်တစ်ပါတည်း ယူလာပါရန် အသိပေးပါသည်။

(က) အရပ်ဝတ်သုံးစုံ (တိုက်ပုံအင်္ကျီတစ်ထည်နှင့် အင်္ကျီလက်ရှည်တစ်ထည် အပါအဝင်)
(ခ) ကင်းဘတ်ဖိနပ်တစ်ရံနှင့် ဘောင်းဘီတို တစ်ထည်
(ဂ) မှတ်စုစာအုပ်တစ်အုပ်နှင့် ခဲတံ၊ ဖောင်တိန်
(ဃ) ပစ္စည်းထည့်ရန် သေတ္တာ (သို့မဟုတ်) လက်ဆွဲအိတ်တစ်လုံး

ဒါတွေအားလုံးဟာ လိုအပ်လို့ မှာလိုက်တာတွေပဲဖြစ်တယ်။

လုပ်ရမယ့် ဟာတွေကတော့

(က) ပထနေ့မှာ ရေးဖြေ။ **Written**

(ခ) ဒုတိယနေ့မှာ အုပ်စုလိုက်နှင့် တစ်ဦးခြင်းဆောင် ရွက်ခြင်း၊ အခက်အခဲ အတားအဆီးကျော်လွှားခြင်းနဲ့ မြေပုံ ဖတ်ခြင်း။
**Group Task, Command Task.**

(ဂ) တတိယနေ့ လူတွေ့စစ်ဆေးမေးမြန်းခြင်း။
**Personal Interview.**

စသည်တို့ ဖြစ်ပါတယ်။

ပထမနေ့ ရေးဖြေကိစ္စပြောပါမယ်၊ စာအုပ်တစ်အုပ်ပေးပြီး အဲဒီစာအုပ်က ကွက်လပ်ကလေးတွေကို ဖြည့်ရတာပါပဲ၊ **Fill in the blank** ပေါ့၊ ဒါက ညီလေးတို့ ငယ်ငယ်က အရုပ်စာအုပ် ကာတွန်းစာအုပ်ကလေးတွေမှာ ကလေးတွေအတွက် ဉာဏ်စမ်းသဘောမျိုး အမှားအမှန်ရွေးတာမျိုးပါပဲ၊ မှားတာ မှန်တာသိပ်အရေးမကြီးပါဘူး၊ စိတ်ထဲထင်ရာသာ မြန်မြန်ချရေးလိုက်ပါ၊ များသောအားဖြင့်တော့ မှန်ကြတာများပါတယ်၊ **IQ** ကိုစမ်းတဲ့ သဘောပါ၊ **Quick Decision** ဆုံးဖြတ်ချက် မြန်မြန်ချနိုင်မှု ရှိမရှိ ကြည့်တာပါပဲ၊ တပ်ထဲမှာက **On the Spot** ချက်ခြင်းလက်ငင်း ဆုံးဖြတ်ပြီး လုပ်ရကိုင်ရတာ

တွေက အများကြီးလေ၊ အဲဒါကို စမ်းတာပါပဲ။

ရေးဖြေ ပထမနေ့မှာပဲ သင်္ချာ အပုဒ် (၆၀)လား တွက်ရတယ်၊ အချိန်က (၄၅)မိနစ်ပဲပေးတယ်၊ တစ်ပုဒ် တစ်မိနစ်တောင် မရှိဘူး၊ ဒါလည်း **Quick Decision** ကိုစမ်းတာပါ၊ သိပ်စဉ်းစားမနေနဲ့၊ မြန်မြန်တွက်ချပြီးရေးလိုက်၊ သို့သော်သူက အလှည့်လေးနဲ့လုပ်ထားတော့ မှားတတ်တယ်၊ လောလောလောလောလုပ်ရင် လျှမ်းပြီး မှားသွားရော၊ ဒါကြောင့် နမူနာပုစ္ဆာနဲ့ အဖြေကလေး ထည့်ပေးလိုက်ပါတယ်။

(က) မေး။ ဘူးသီးတစ်လုံးအား ငါးစိပ်အညီအမျှ စိပ်ရာ တစ်စိပ်သည် ကျန်အစိပ်များ၏ တစ်ဝက်သာ ရှိသည်၊ ညီအောင် ပြန်စိပ်သော် ဘယ်နှစ်စိပ်ရမည်နည်း။

ဖြေ။ ကိုးစိပ်ရပါသည်၊ ကြီးနေသည့် လေးစိပ်အား ငယ်နေသည့် တစ်စိပ်နှင့်တူအောင် ပြန်စိပ်ရာ ရှစ်စိပ်ရ၏၊ ရှစ်စိပ်နှင့် ကျန်တစ်စိပ်ပေါင်းသော် ကိုးစိပ်ဖြစ်၏။

(ခ) မေး။ အသံသည် တစ်စက္ကန့်တစ်မိုင်သွား၏၊ လူတစ်ယောက်သည် သူ့ရှေ့တူရူရှိ တောင်တစ်လုံးဆီသို့ 'ဟေး' ဟု လှမ်းအော်လိုက်ရာ သူ့အသံကိုတစ်စက္ကန့် တွင် ပြန်ကြားရသည်၊ သူနှင့်တောင် မည်မျှကွာဝေးပါသနည်း။

မြရတနာစာပေ

ဖြေ။ မိုင်ဝက် ကွာဝေးပါသည်။ တောင်၏အသွား
အပြန်မှ တစ်စက္ကန့်သာဖြစ်ရာ အသွားအပြန်
တစ်မိုင်ဖြစ်၏။ထို့ကြောင့် အမှန်တကယ်
အကွာအဝေးမှာ မိုင်ဝက်သာ ဖြစ်၏။

အဲဒါပါပဲ၊ အလွန်လွယ်လှပါတယ်၊ လွယ်လွန်းလို့ လျှမ်းပြီးမှားကြတာပါ၊ သတိထားရင် မှန်ပါတယ်၊ ကောင်းတာကတော့ အသေအချာစဉ်းစားပြီး မမှားအောင် ဖြေသွားပါ၊ အပုဒ် ၆၀ လုံးတော့ ပြီးချင်မှ ပြီးပေလိမ့်မယ်၊ ဒါပေမယ့် ပြီးသလောက်တော့ မှန်မှာပါပဲ၊ ဒါလည်း တစ်နည်းကောင်းတာပေါ့၊ မြန်ပြီး အကုန်မမှန်တာနဲ့ ရေးပြီးသလောက် မှန်တာ ကြိုက်ရာရွေးပါလေ၊ ညီလေး သဘောပါ။

နေ့လယ်မှာတော့ စာစီစာကုံးတွေ ရေးခိုင်းတယ်၊ ရုပ်ပုံကားချပ်တွေကို ပြပြီးရေးခိုင်းတာ၊ **Psycho Test** သဘောမျိုးပါပဲ၊ အကောင်းမြင်တာလား၊ အဆိုးမြင်တာလား စမ်းသပ်တာပါ၊ ကောင်းတာ စဉ်းစားပြီးရေးပါ၊ ဒါကလည်း ဗိုလ်လောင်းရဲ့ ပင်ကိုယ်စိတ်ကို စမ်းတာပါပဲ၊ အကောင်းမြင်တာလား၊ အဆိုးမြင်တာလား စမ်းသပ်တာပါ၊ အကောင်းသာ စဉ်းစားပြီး ရေးပါ။

ရုပ်ပုံမပါဘဲ ရေးရတာတော့ "သင်၏စိတ် အလှုပ်ရှားဆုံးနေ့" ဆိုပြီး ခေါင်းစဉ်နဲ့ အစ်ကိုတို့ရေးခဲ့ရပါတယ်၊ အပြောင်းအလဲ ရှိနိုင်ပါတယ်၊ ဒါလည်း စိတ်ခံစားခံကို စမ်းတာပါ၊

စာမေးပွဲအောင်တာ၊ ရှင်ပြုတာ၊ ရေကြီးတာ၊ မီးလောင်တာ၊ **Accident** ဖြစ်တာ . စသည်ဖြင့် အမျိုးမျိုးရေးကြတယ်၊ အစ်ကိုကတော့ တက္ကသိုလ်ကကျောင်းပိတ်လို့ အိမ်အပြန် မူးမြစ်ထဲမှာ ကူးတို့ပိတ်ပြီးလှေမရှိလို့ မြစ်ကို ခြေလျင်ဖြတ်အကူး ရေနစ်တာကို ရေးခဲ့တယ်၊ အရှည်ကြီးပဲ၊ ရေနစ်နေတုန်းမှာ တွေးတဲ့အတွေးကို ရေးတာပဲ၊ **Psycho Officer** ကြီးကတော့

"ဟော့ကောင် မင်းဟာက ရှည်လှချည်လား၊ ဘာတွေလဲကွာ"

လို့ မေးယူရတယ်။

အစ်ကိုက အကျိုးအကြောင်း ရှင်းပြတော့

"မင်းက လောလော လောလော အလွန်လုပ်ချင်တဲ့ကောင်၊ တပ်ထဲမှာ လောလော လောလော ဖျာယိဖျာယာမလုပ်နဲ့ကောင်လေး၊ ဒုက္ခရောက်မယ်"

လို့ မှာရှာပါတယ်။

တကယ်လဲ အဲဒီလို ဖျာယိဖျာယာ လုပ်ခဲ့မိလို့ ဒုက္ခတွေအမှန်ပဲဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် ညီလေးလည်း **Steady** မှန်မှန်ပဲ ကြိုးစားဆောင်ရွက်ဖို့ **Regular** ဖြစ်ဖို့ မှာပါရစေ၊ **Regular** ဖြစ်တာကတော့ ကောင်းတယ်၊ မပျက်မကွက်ပုံမှန်ကြိုးစားနေရင် အောင်မြင်မှာပါပဲ။

ဒုတိယနေ့ကတော့ အုပ်စုလိုက် **Group Task** တွေလုပ်ရတယ်၊ အဓိကကတော့ **Team Work** အဖွဲ့လိုက် လုပ်နိုင်

ကိုင်နိုင်စွမ်းဘယ်လောက်ရှိလဲဆိုတာ စမ်းသပ်တာပါ၊ တပ်ထဲမှာ **Team Work** က များတော့ ဒါလည်းအရေးကြီးပါတယ်၊ တတ်နိုင်တာ ဝိုင်းလုပ်ပါ၊ ကူညီပါ၊ ဆွေးနွေးပါ၊ အကြံပြုပါ၊ သိပ်မငြင်းခုံပါနဲ့။

**Group Task** ပြီးတော့ **Command Task** ပါ၊ ခေါင်းဆောင်မှု အရည်အသွေးစမ်းတာပါပဲ၊ အလှည့်ကျ ကွပ်ကဲမှု ယူရပါတယ်၊ ဒါတွေလည်း ဝိုင်းကူကြရင် ပြီးသွားတာပါပဲ။

**Individual** အနေနဲ့ကတော့ ရုပ်ရှင်တွေမှာ မကြာမကြာပါတဲ့ သံဆူးကြိုးတိုးတာ၊ ဗူးစင်ကူးတာ၊ ဘားတန်းတွေဆွဲပြီး တွဲလွဲခိုကူးတာ၊ အုတ်နံရံ ဖြတ်ကျော်တာ၊ ကျင်းရှည်ကြီးတွေ ကြိုးဆွဲကူးတာ စတဲ့ **Obstacle** တွေ ဖြတ်ကျော်ခြင်းများပါပဲ။ ဒါတွေကလည်း တပ်ထဲမှာ လိုပါတယ်။ **Rambo** နဲ့ **Mission in Action** ကားတွေမှာ ပါပါတယ်၊ ကြည့်ထားရင် အဆင်ပြေပါတယ်၊ လေ့ကျင့်လို့ရရင်လည်း လေ့ကျင့်ထားပါ၊ မခက်လှပါဘူး။

ဒါတွေပြီးတော့ မြေပုံဖတ်ခြင်း **Map Reading** ပါ၊ သဲမြေပုံ **Sand Model** မှာ ဖြစ်စဉ်တစ်ခုဖွင့်ပေးပြီး **Mission** ရည်မှန်းချက် တာဝန်ပေးလိုက်တာပါပဲ၊ ဒါလည်း စဉ်းစားရင် အဖြေရပါတယ်၊ မခက်ပါဘူး၊ ဘယ်အဖြေမှန်တယ် ပြောမရပါဘူး၊ ကိုယ့်အဖြေက **Firm** ဖြစ်ဖို့ ခိုင်မာဖို့ပဲ လိုပါတယ်၊ ဒါက ဒုတိယနေ့ပါ။

မြရတနာစာပေ

အရေးကြီးဆုံးကတော့ တတိယနေ့ဖြစ်တဲ့ **Personal Interview** နေ့ပါ၊ ဖြေတာတွေ ဘယ်လောက်ကောင်းကောင်း အမှတ်ဘယ်လောက်ကောင်းကောင်း၊ အဲဒီနေ့မှာ ရွေးချယ်ရေး ဘုတ်အဖွဲ့က မကြိုက်ရင် အပယ်ခံရတတ်ပါတယ်၊ အဲဒါ အထူး သတိထား ရပါမယ်၊ ဖြေတဲ့အခါ မဖြီး မဖြန်းပါနဲ့၊ ဘုတ်အဖွဲ့က လူကြီးတွေဟာ လူတွေထောင်နဲ့ချီပြီး ဒီလိုမေးခွန်းတွေ မေးလာ တာ၊ သွားပြီး ဖြီးလိုက်လို့မရဘူး၊ မသိရင် မသိဘူးပဲဖြေပါ၊ ဒါပေမယ့် ကိုယ်ပိုင်တဲ့ ဘာသာရပ်တော့ရှိရမယ်၊ အဲဒီဘာသာရပ် များဆိုရင် အသေအချာဖြေပါ၊ အစ်ကို့တုန်းက

"မင်း ဘာဝါသနာပါလဲ"

လို့ အမေးခံရတော့

"စာဖတ်တာပါ"

လို့ ဖြေခဲ့တယ်။

တကယ်လည်း စာစုံအောင် အကုန်ဖတ်တယ်၊ ငယ်ငယ် ကတည်းက ကာတွန်းရုပ်ပြကလေးတွေနဲ့ သတင်းစာအစုတ်ကို တောင် အစ်ကိုကဖတ်ခဲ့တာကလား၊ ဒါ့ကြောင့် စာနဲ့ပတ်သက်ပြီး ဘုတ်အဖွဲ့ကျေနပ်အောင် ဖြေနိုင်ခဲ့တယ်၊ တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူ့ကျွန်မခံပြီဝတ္ထုထဲက အဖွင့်စာပိုဒ်ဆိုရင် အလွတ်ရတယ် ဆိုတာကို မယုံဘူးဆိုတာနဲ့ ရွတ်ပြလိုက်လို့ ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးတွေက တဝါးဝါး တဟားဟားနဲ့ အလွန်ပွဲကျသွားပြီး အစ်ကို့လို လူစဥ့် သိပ်မရှိတဲ့ ပိန်ညောင်ညောင် ရှုနာရှိုက်ကုန်း

လေးကို ဗိုလ်လောင်းဆိုပြီး ရွေးခဲ့တာလေ၊ ကျန်တဲ့ ဝတ္ထုတွေက စာပိုဒ်တချို့ကိုလည်း အလွတ်ရွတ်ပြခဲ့ပါတယ်။

တကယ်တော့ ညီလေးသိတဲ့အတိုင်း အစ်ကိုက တက္ကသိုလ်ကျောင်းသားဘဝမှာ ကိုယ့်ဟာကိုယ် ငွေရှာပြီး ကျောင်းတက်ခဲ့ရတဲ့သူဆိုတော့ သတင်းစာနဲ့ ဝတ္ထုစာအုပ် ကလေးတွေ လက်ပွေ့ရောင်းခဲ့ရတယ်၊ ပုဇွန်တောင်ညောင်တန်း သဘော်ဆိပ်မှာပါ။ နောက်တော့ ရန်ကုန်လေဟာပြင်ဈေးမှာ အစ်ကိုမောင်နှင်းဆွေနဲ့ စာအုပ်အငှားဆိုင်ဖွင့်ခဲ့တယ်၊ ဒါ့ကြောင့် စာစုံအောင် ဖတ်နိုင်ခဲ့တာ၊ ညီအစ်ကိုနှစ်ယောက် စာတွေ အပြိုင် ဖတ်ကြရင်း အစ်ကိုက စစ်သား၊ သူက စာရေးဆရာ ဖြစ်သွားကြ ပါတယ်၊ ည ညဆို ညီအစ်ကိုနှစ်ယောက် တော် တော်နဲ့ မအိပ် နိုင်ဘဲ စာအကြောင်း ပေအကြောင်း ဆွေးနွေးဖြစ်ကြတယ်၊ အဲဒီအချိန်မှာ စာစောက ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူ့ကျွန်မခံပြီဝတ္ထုနဲ့ ဆရာမကြီးဒေါ်ခင်နှင်းယုရဲ့ မွေးဝတ္ထုတို့က နာမည်သိပ်ပြီးကြီးနေတဲ့အချိန်လေ၊ ပြီးတော့ အစ်ကိုတို့ တက်ခဲ့ရတဲ့ မှော်ဘီဗိုလ်သင်တန်းကျောင်းမှာ ဒေါ်ခင်နှင်းယုရဲ့ ယောကျ်ား ဗိုလ်မှူးကျော်သောင်းက အုပ်ချုပ်မှူတပ်ခွဲမှူး၊ ဆရာဘုန်းနိုင်ကလည်း စေတနာ့ဝန်ထမ်းစစ်သား လုပ်ခဲ့ဖူးသူ ဆိုတော့ ဘုန်းနိုင်နဲ့ ခင်နှင်းယု Crazy ဖြစ်တဲ့ အစ်ကို့ကို ရွေးချယ်ရေးအဖွဲ့က စိတ်ဝင်စားကြတယ်။

အစ်ကိုကလည်း ဆရာဘုန်းနိုင် စာတွေသာမကပါဘူး၊

ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ မွေးဝတ္ထုအဖွင့်က

"ယခုလို အချိန်ရောက်ပြီဆိုလျှင် အတွတ်နှင့် မွေးတို့ အတူတကွ မွေးဖွားလာခဲ့သော ဝါးခယ်မမြို့ပြင်၌ လယ်ကွက် များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်"

ဆိုတာကိုလည်း အလွတ်ရပါတယ်၊ရွတ်နိုင်ခဲ့ပါတယ်၊ ဒါကြောင့် လူစဉ်လည်း သိပ်မမှိတဲ့ ချူချာတဲ့ မင်းအစ်ကို တပ်မတော်အတွက် အသုံးတည့်တန်ကောင်းရဲ့ဆိုပြီး စစ်သား အဖြစ် တပ်မတော်က လက်ခံလိုက်တာထင်ပါရဲ့၊ ထားပါတော့။

အစ်ကိုပြောချင်တာကတော့ ကိုယ်ဝင်မယ့်အဖွဲ့ အစည်းရဲ့ ဝင်ပေါက်ကိုသိပြီး ညီလေးလိုအပ်တာ ပြင်ဆင်ထား ပါဆိုတာပါပဲ၊ အစ်ကိုတို့တုန်းကတော့ ဘယ်သူကမှ မကူညီကြ ပါဘူး၊ ကိုယ့်အားကိုယ်ကိုးပါပဲလေ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ



စစ်သားဆိုတာ စစ်မြေပြင်မှာ ကြံ့ခိုင်အောင်
ဒီလိုပြင်းထန်တဲ့ လေ့ကျင့်ရေးတွေ လုပ်မှ ရမယ်



ကဲ၊ လာလေရော့ဟော့၊ မင်းတို့အတွက်၊ နာနတ်သီး

# အစ်ကိုတို့စစ်သား (၃)

## သိထားသင့်သည့် စစ်သုံးဝေါဟာရများ

ညီလေး

စစ်သားလုပ်ချင်သူဆိုတော့ စစ်အကြောင်း နည်းနည်း ပြောချင်တယ်။

**War is the continuation of the politics** တဲ့။

အဓိပ္ပာယ်ကတော့ "စစ်သည် နိုင်ငံရေး၏အဆက်" ဆိုပဲ၊ အယူဝါဒတစ်ခုကို ငြင်းခုံကြရာမှာ အမြင့်ဆုံးအဆင့်က တော့ လက်နက်ကိုင်ပြီး ဖြေရှင်းကြတာကို ဆိုလိုပါတယ်၊ တကယ်တော့ စစ်ဆိုတာ ပဋိပက္ခရဲ့ အမြင့်ဆုံးအဆင့်ပါပဲ၊ ပဋိပက္ခဆိုတာကတော့ ငြင်းခုံခြင်း၊ ပြိုင်ဆိုင်ခြင်း၊ ဝိဝါဒကွဲ ပြားခြင်း၊ အယူအဆမတူခြင်းလို့ အစ်ကိုနားလည်ထားပါတယ်။

ဘယ်လိုကိစ္စတွေနဲ့ ငြင်းကြခုံကြတာလဲ၊ ရှေးတုန်းက တော့ ဘုရင်တွေ နယ်မြေလုကြတာတွေ၊ တန်ခိုးပြိုင်ကြတာ တွေ၊ လူမျိုးရေး ပဋိပက္ခတွေ၊ အမုန်းတရားတွေကြောင့် ငြင်းကြခုန်ကြတာများပါတယ်၊ အခုခေတ်မှာတော့ အယူဝါဒ ရေးရာတွေ၊ ဘာသာရေးနဲ့ စီးပွားရေးပြိုင်ဆိုင်မှုတွေ၊ နိုင်ငံရေး

ပြိုင်ဆိုင်မှုတွေကြောင့် ဖြင်းကြခုန်ကြတယ်၊ လူမျိုးရေးနဲ့ လွတ်လပ်ရေးတွေလည်း ပါတာပေါ့လေ။

အဲဒီလို ဖြင်းခုန်မှုတွေရဲ့ အမြင့်ဆုံးအဆင့်မှာ ဖြေရှင်းကြတာတော့ လက်နက်စွဲကိုင်ပြီး တိုက်ကြခိုက်ကြတာပဲလေ၊ လူနှစ်ယောက် စကားများရာကနေပြီး ထ ထိုးကြကြိတ်ကြသလိုပါပဲ၊ အဲဒီတော့ အားကြီးတဲ့သူက နိုင်စမြဲပဲ၊ အားဆိုတဲ့နေရာမှာ အားသုံးပါးရှိသတဲ့။

**(1) Military Might** စစ်အင်အား

**(2) Economic Might** ဓနအင်အား

**(3) Political Might** နိုင်ငံရေးအင်အား

(သို့မဟုတ်) အယူအဆရေးရာအင်အား ပေါ့။

နိုင်ငံတစ်နိုင်ငံဟာ သူ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးတည်မြဲဖို့ တောင့်တင်းခိုင်မာတဲ့ တပ်မတော်တစ်ရပ်ရှိရမယ်၊ မရှိလို့ မရဘူး၊ မရှိရင် သူများက ကိုယ့်ကိုစော်ကားမယ်၊ ကျူးကျော်မယ်၊ ဒါ့ကြောင့် နိုင်ငံတိုင်း **Military Might** စစ်အင်အားကို ထူထောင်ကြရတယ်၊ ကိုယ့်နိုင်ငံရဲ့ လွတ်လပ်ရေးအဓွန့်ရှည်ဖို့အတွက် တောင့်တင်းခိုင်မာတဲ့ တပ်မတော်တစ်ရပ်ဟာ ရှိကိုရှိရမယ်။

အစ်ကိုတို့ရဲ့ မြန်မာ့သမိုင်းကိုကြည့်ရင် အနော်ရထာရဲ့ ပထမမြန်မာနိုင်ငံတော်ကြီး၊ ဘုရင့်နောင်ရဲ့ ဒုတိယမြန်မာနိုင်ငံတော်ကြီးနဲ့ အလောင်းဘုရားရဲ့ တတိယမြန်မာနိုင်ငံတော်

ကြီးဆိုတဲ့ ကာလကြီးသုံးခုမှာ ပတ်ဝန်းကျင်နိုင်ငံများက မြန်မာကို အလွန်လေးစားခန့်ညားကြတယ်၊ ကြောက်လည်း ကြောက်ကြတယ်၊ ဒါဟာ ဘာလဲဆိုရင် **Military Might** ကြောင့်ပါပဲ။

ဒါကြောင့် ပြောရမယ်ဆိုရင် တရားသောစစ်ပွဲကို ဆင်နွှဲဖို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကိုစောင့်ရှောက်ဖို့ တောင့်တင်းခိုင်မာတဲ့ တပ်မတော်တစ်ရပ်ရှိရမယ်၊ ဒါကို ဘာတွေနဲ့ ဖွဲ့စည်းကြရမှာလဲ၊ ညီလေးတို့လို မျိုးချစ်စိတ်ရှိသူ လူငယ်တွေနဲ့ ဖွဲ့စည်းကြရမှာဖြစ်ပါတယ်၊ အဲဒီတော့ တစ်ဆက်တည်း ဖွဲ့စည်းပုံအကြောင်းပြောချင်တယ်၊ စစ်ထဲဝင်မယ်ဆိုတော့ စစ်တပ်ရဲ့ အခေါ်အဝေါ်အသုံးအနှုန်းတွေ မသိရင်လည်း မရပြန်ဘူးလေ၊ ဆင်ကန်တောတိုးဖြစ်သွားဦးမယ်။

အစ်ကိုတို့ ငယ်ငယ်တုန်းက အဲ ဗိုလ်ပေါက်စလေးဘဝတုန်းက တပ်ထဲက စစ်သုံးဝေါဟာရ အတော်များများဟာ အင်္ဂလိပ်လိုလေ၊ စစ်သားတွေကလည်း အင်္ဂလိပ်စာတတ်တဲ့သူနည်းတော့ အင်္ဂလိပ်စာကို သူတို့နားလည်သလို ကြားသလို ပြောကြတာပဲ၊ ဥပမာဆိုရင်

**Rifle** ရိုင်ဖယ်ကို ဒလိုင်ဖယ်
**Jungle Hat** တောဆောင်းဦးထုပ်ကို ဂျင်းဂလဲဟက်
**Jungle Boot** တောစီးဖိနပ်ကို ဂျင်းဂလဲဘု
**Ration** ရိက္ခာကို ဒါရှင်

**Ground Sheet** မြေခင်းကို ကရောင်းရှည်
**RSM (Regimental Sergeant Major)**
တပ်ရင်းအရာခံဗိုလ်ကို အာရအက်စအိုင်
**Coporal** တပ်ကြပ်ကို ကော်ပရာ
**CSM (Company Sergeant Major)**
တပ်ခွဲ အရာခံဗိုလ်ကို စီအက်စအမ်
**Operation** စစ်ဆင်ရေးကို အော်ပလေးရှင်း
**Section** တပ်စိတ်ကို စိုင်ရှင်
**Platoon** တပ်စုကို ပလက်တုန်း
စသည်ဖြင့် ပြောဆိုကြတယ်။

အဲဒီမှာ ရယ်စရာလေးတစ်ခု ပြောချင်သေးတယ်၊ အစ်ကိုတို့ မြို့နားမှာရှိတဲ့ရွာတစ်ရွာက စာသိပ်မတတ်ရှာတဲ့ မိန်းကလေးတစ်ယောက်ဟာ ဗိုလ်ချုပ်ကြီးအိမ်စောင့်အစိုးရ လက်ထက်မှာ မြို့ရောက်လာတဲ့ လုံခြုံရေးတပ်ရင်းက ရဲဘော် တစ်ယောက်နဲ့ ရပြီး မှော်ဘီပါသွားရော၊ နှစ်နှစ်၊ သုံးနှစ်ကြာ တော့ သူ့အမေနဲ့ သူ့အဖေကို ရန်ကုန်လာလည်ဖို့ မှာသတဲ့၊ တပ်ထဲသွားလည်ပြီး တစ်လကိုးသီတင်းနေခဲ့သတဲ့၊ ပြန်လာ တော့ ရွာကမေးကြတာပေါ့။

"ဘယ်နှယ့်လဲ မအတ္တာ၊ ညည်းသမီး စစ်သားနဲ့ယူတာ ဘယ်လိုနေလဲ၊ အဆင်ပြေရဲ့လား၊ ဘာတွေတွေ့ခဲ့လဲ၊ ဘာတွေ ထူးလဲ"

ဆိုတော့

အဖေကြီးက လူအေး၊ ဘာမှမပြောဘူး၊ အမေကတော့ ခပ်ကြွားကြွားဆိုတော့

"အောင်မလေးအေ ဘာပြောကောင်းမလဲ၊ ငါ့သမီး စာမတတ် ပေမတတ် ကောင်မက၊ စစ်တပ်ထဲမှာ ဗမာလို မပြောနဲ့ အင်္ဂလိပ်လိုတောင် မှတ်နေပြီအေ့"

လို့ ပြောသတဲ့။

"ဟဲ့ ဘာတွေ မှတ်နေတာတုန်း၊ ပြောစမ်းပါဦးအေရယ်"

ဆိုတော့

ဒေါ်ကြွားက

"ငါ့သမီးက ရောက်တဲ့နေ့မှာပဲ ငါ့ကို သူ့ယောကျ်ားရဲ့ အသုံးအဆောင်တွေပြတယ်၊ အင်္ဂလိပ်လို ခေါ်ခေါ်ပြီးပြော တော့တာပဲ၊ သူ့ယောကျ်ားစီးတဲ့ အဝတ်ဖိနပ်ကို ဒါက ဂျင်းဂလဲ ဘွတ်တဲ့၊ ဆောင်းတဲ့ဦးထုပ်ကို ဒါက ဂျင်းဂလဲဟက်တဲ့၊ သေနတ် ကြီးက လိုင်ဖိုတဲ့၊ ဖျာလိုခင်းရတဲ့ဟာလေးက ကရောင်းရှည် တဲ့ဟေ့၊ အောင်မယ်လေးတော် ရွှတ်ရွှတ်ရွှတ်ရွှတ်နဲ့ နေတာပဲ"

ဆိုပြီးပြောတော့ ရွာသူရွာသားတွေကလည်း အင်္ဂလိပ် စာ ကောင်းကောင်းမတတ်ကြ၊ စစ်တပ်အခေါ်အဝေါ်တွေလည်း နားမလည်ကြတော့ ဟုတ်မှာပဲဆိုပြီး ခေါင်းတညိတ်ညိတ်နဲ့တဲ့။

အဲဒါပါပဲ၊ ဒါကြောင့် တပ်နဲ့ဆိုင်တဲ့ အခေါ်အဝေါ် အသုံးအနှုန်းနဲ့ ဖွဲ့စည်းပုံတွေကို ကိုယ့်ညီသိထားသင့်တယ်၊ ဒါက

တို့ နိုင်ငံက တပ်မတော်ရယ် မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးက တပ်တွေနဲ့ဆိုင်ပါတယ်။

တပ်ရဲ့ ပထမဆုံးအခြေခံယူနစ် **Unit** ကတော့ သုံးယောက်တစ်ဖွဲ့ပါပဲ၊ ဒါ့ထက်ကြီးလာရင်တော့ ဆယ်ယောက်ပေါ့၊ ပြီးရင် ၃၀၊ ၁၀၀၊ ၅၀၀၊ ၇၀၀၊ ၁၀၀၀ စသည်ဖြင့် ကိုယ့်နိုင်ငံကိုယ့်လူမျိုးနဲ့ လိုက်လျောညီထွေမယ့် ဖွဲ့စည်းပုံမျိုးကို ရွေးချယ်အသုံးပြုကြတာပါ။

အများအားဖြင့်တော့ အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းကြတာ များပါတယ်။

(က) တပ်စိတ်တစ်စိတ် **One Section** လူ (၁၀) ယောက်

(ခ) တပ်စုတစ်စု **One Platoon** လူ (၃၅) ယောက်

(ဂ) တပ်ခွဲတစ်ခွဲ **One Company** လူ (၁၁၀) ယောက်

(ဃ) တပ်ရင်းတစ်ရင်း **One Regiment** လူ (၇၅၀) ယောက်

စသည်ဖြင့် ဖြစ်ပါတယ်။

ပြီးတော့ ဖွဲ့စည်းပုံအကြီးကျတော့ အောက်ပါအတိုင်း ဖွဲ့တတ်ကြတယ်။

(က) တပ်ရင်းသုံးရင်း တပ်မဟာတစ်ခု **One Brigade**

(ခ) တပ်မဟာသုံးခု တပ်မတစ်ခု One Division
(ဂ) တပ်မသုံးခု တပ်မကြီးတစ်ခု One Corp
(ဃ) တပ်မကြီးသုံးခု တပ်တော်တစ်ခု One Army
(င) တပ်တော်သုံးခု တပ်တော်စုတစ်ခု One Group Army ပါ။

ဒါပြီးတော့ အရာထူးအဆင့်အတန်း အခေါ်အဝေါ်နဲ့ အုပ်ချုပ်သူအဆင့်ကို ပြောချင်တယ်။

ရာထူးအဆင့်အတန်းအလိုက်ကတော့ အောက်ပါအတိုင်းပါပဲ။

(က) ရိုးရိုးရဲဘော် Rifleman, Private
(ခ) ဒုတိယတပ်ကြပ် Lance Corporal
(ဂ) တပ်ကြပ် Coporal
(ဃ) တပ်ကြပ်ကြီး Sergeant
(င) တပ်ခွဲတပ်ကြပ်ကြီး Company Quarter Master Sergeant
(စ) တပ်ခွဲအရာခံဗိုလ် Company Sergeant Major
(ဆ) တပ်ရင်းအရာခံဗိုလ် Regimental Sergeant Major
(ဇ) ဒုတိယဗိုလ် Second Lieutenant, Sub Lieutenant

| | | |
|---|---|---|
| (ဈ) | ဗိုလ် | **Lieutenant** |
| (ည) | ဗိုလ်ကြီး | **Captain** |
| (ဋ) | ဗိုလ်မှူး | **Major** |
| (ဌ) | ဒုတိယဗိုလ်မှူးကြီး | **Lieutenant Colonel** |
| (ဍ) | ဗိုလ်မှူးကြီး | **Colonel** |
| (ဎ) | ဗိုလ်မှူးချုပ် | **Brigadier** |
| (ဏ) | ဗိုလ်ချုပ် | **Major General** |
| (တ) | ဒုဗိုလ်ချုပ်ကြီး | **Lt. General** |
| (ထ) | ဗိုလ်ချုပ်ကြီး | **General** |
| (ဒ) | ဗိုလ်ချုပ်မှူးကြီး | **Senior General, Field Marshall** |

အုပ်ချုပ်တာတော့

| | | | |
|---|---|---|---|
| (က) | တပ်စိတ်ကို | တပ်စိတ်မှူး | ဒုတပ်ကြပ်/ တပ်ကြပ် |
| (ခ) | တပ်စုကို | တပ်စုမှူး | ဒုဗိုလ်/ ဗိုလ် |
| (ဂ) | တပ်ခွဲကို | တပ်ခွဲမှူး | ဗိုလ်ကြီး/ ဗိုလ်မှူး |
| (ဃ) | တပ်ရင်းကို | တပ်ရင်းမှူး | ဒုဗိုလ်မှူးကြီး |
| (င) | တပ်မဟာကို | တပ်မဟာမှူး | ဗိုလ်မှူးချုပ် |
| (စ) | တပ်မကို | တပ်မမှူး | ဗိုလ်ချုပ် |
| (ဆ) | တပ်မကြီးကို | တပ်မကြီးမှူး | ဗိုလ်ချုပ်/ ဒုဗိုလ်ချုပ်ကြီး |
| (ဇ) | တပ်တော်ကို | တပ်တော်မှူး | ဗိုလ်ချုပ်ကြီး |
| (ဈ) | တပ်တော်စုကို | တပ်တော်စုမှူး | ဗိုလ်ချုပ်မှူးကြီးတို့ ဖြစ်ပါတယ်။ |

အဲဒီလို အုပ်ချုပ်ရုံနဲ့ မပြီးသေးဘူး၊ တပ်ဆိုတဲ့နေရာမှာ အမျိုးအစား အမျိုးမျိုးရှိတယ်ဆိုတာလည်း သိဖို့လိုပါတယ်။

အစ်ကိုတို့ ငယ်ငယ်တုန်းက သင်ခဲ့ရတာတော့ ခြေ၊ မြောက်၊ ယာ၊ ဆက်၊ သံ၊ ထောက်၊ ဆေး၊ နက်၊ လျှပ်၊ ထိန်းတဲ့။

ခြေက ခြေလျင်တပ်။

မြောက်က အမြောက်တပ်။

ယာက အင်ဂျင်နီယာတပ်။

ဆက်က ဆက်သွယ်ရေးတပ်။

သံ သံချပ်ကာတပ်။

ထောက်က ထောက်ပံ့နဲ့ ပို့ဆောင်ရေးတပ်။

ဆေးက ဆေးတပ်။

နက်က စစ်လက်နက်ပစ္စည်းတပ်။

လျှပ်က လျှပ်စစ်နဲ့စက်မှုလက်မှုတပ်။

ထိန်းက တပ်ထိန်း။

ဒါ့အပြင် **Combat Intelligence** နှင့် **Counter Intelligence** တွေကို လုပ်ရတဲ့ တပ်ဖွဲ့တွေလည်း ဖွဲ့စည်းထားရှိရပါတယ်။

ဒါကလည်း အလွန်လိုအပ်ပါတယ်၊ မြန်မာ့သမိုင်းနဲ့ ရာဇဝင်တော်တွေထဲမှာတောင် ပါတာပဲ၊ မဟောသဓသုခမိန်ဟာ တကယ့်လူစွမ်းကောင်းပဲ၊ သူ့ကြောင့် ဝိဒေဟရာဇ်မင်းကြီးက ရန်သူတွေကို နိုင်ခဲ့တာမဟုတ်လား။

ဒါအပြင် တရုတ်စစ်ပညာရှင်ကြီးဆန်ဇုရဲ့ စစ်ပညာကျမ်းများမှာလည်း သူလျှိုတွေနဲ့ သတင်းစုံစမ်းရေးကိစ္စတွေဟာ အလွန်အရေးကြီးကြောင်း ဖွင့်ဆိုခဲ့တယ်။

"အမြော်အမြင်ရှိသော ဘုရင်နှင့် ကျွမ်းကျင်သော စစ်သူကြီးတို့သည် တပ်မတော်အတွက် အတော်ဆုံးသူများကို သာ သူလျှိုလုပ်ငန်းအတွက် အသုံးပြု၏။ ဤသို့ အသုံးပြုခြင်းဖြင့် ထိုဘုရင်နှင့် စစ်သူကြီးတို့မှာ ကောင်းကျိုးရလဒ်ထူးများ ခံစားကြရ၏။ စစ်အတွင်း၌ သူလျှိုတို့သည် အဓိကအရေးကြီး ဆုံးသောသူများဖြစ်ကြ၏။ အကြောင်းကား တပ်မတော်တစ်ရပ်လုံး၏ ချီတက်လှုပ်ရှား တိုက်ခိုက်နိုင်မှုများသည် သူတို့အပေါ်တွင် မှီတည်နေသောကြောင့် ဖြစ်ပေသည်။"

ဒီခေတ်မှာတော့ **Mossad** တို့ **F.B.I** တို့ **C.I.A** တို့ဆိုတာက နာမည်ကြီးထောက်လှမ်းရေးအဖွဲ့အစည်းတွေပေါ့၊ ရုပ်ရှင်တွေထဲမှာတော့ **Ian Fleming** ရဲ့ **James Bond** ပါပဲ၊ ကနေ့အချိန်ထိ မရိုးနိုင်သေးပါဘူး၊ ညီလေးတို့လည်း ကြိုက်ကြတယ်လို့ သိရပါတယ်၊ အစ်ကိုတို့တုန်းကတော့ **James Bond** မင်းသားကြီး **Sean Connery** ရှောင်ကွန်နရီကို အသည်းစွဲပဲလေ။

အဲဒီကားထဲက အာဆူလာအင်ဒရက်စ်သီဆိုခဲ့တဲ့ **Underneath The Mango Tree** နဲ့ **Sean Connery**

ရဲ့ **"Bond" "James Bond"** ဆိုတာတော့ စောစောပိုင်းက ပြောခဲ့တဲ့ မင်းသားဇော်ခင်ရဲ့ "ကောင်မလေးကို လွှတ်လိုက်"နဲ့ အပြိုင်ပါပဲ။

အဲဒါကို ဗမာကားထဲက မင်းသားကြီးရွှေဘက လိုက်တုပြီး ရုပ်ရှင်ကားတစ်ကားမှာ "မင်းနာမည် ဘယ်သူလဲ"ဆိုပြီးမေးတော့

"ဘ ရွှေဘ" လုပ်လိုက်လို့ ရုပ်ရှင်ကြည့် ပရိသတ်ကြီးက ရယ်စရာမပါဘဲ အုံးအုံးကျွတ်ကျွတ်ရယ်မောကြတာကိုလည်း သတိရမိပါသေးတယ်။

ကဲ ညီလေးရေ ဒီလို ဖွဲ့စည်းပုံတွေအကြောင်း သိပြီးရင်တော့ နောက်တစ်ဆင့်က လေ့ကျင့်ရေးတွေအကြောင်း နည်းဗျူဟာ၊ မဟာဗျူဟာတွေအကြောင်းကို တဖြည်းဖြည်း သွားကြတာပေါ့။

လေ့ကျင့်ရေးကလည်း အများသားလား၊ တောင်ပေါ်၊ တောတွင်း၊ မြေပြန့်၊ သဲကန္တာရ၊ ရေထဲ၊ လေထဲ၊ ရေခဲပြင် အစုံပါပဲ၊ အဲဒါတွေ အကုန်လုံး လေ့ကျင့်ဖူးမှ ရင်ဆိုင်နိုင်မှ၊ ပြီးတော့ လက်နက်ပျိုးစုံ ပစ်ခတ်ခြင်းလေ။

တဖြည်းဖြည်းနဲ့ စုံသွားမှာပါ၊ နောက်စာမယ် ဆက်ပြီး ပြောပါဦးမယ်၊ ဒီစာမှာတော့ ဒါလောက်ပဲ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ



ကဲ၊ ပြောတာ ရှင်းလား ? ဘာမေးစရာရှိသေးလဲ?
မရှိရင် ဆက်လုပ်



# ရန်သူတွေ့ နေပြီ

မြရတနာစာပေ



ရန်သူကို ဒီလိုမျှော်မှန်းပြီး စောင့်ရတတ်တယ်



ရဲဘော်တို့ သေသေချာချာကြည့်ပေါ့

မြရတနာစာပေ

# အစ်ကိုတို့စစ်သား (၄)

## အခါကကျတဲ့လေ့ကျင့်ရေး

ညီလေး

အရပ်သားက စစ်သားဖြစ်အောင်တော့ လေ့ကျင့်ရတာပါပဲ၊ ဘာမဆို အားလုံးကျင့်ယူရတာလေ၊ အစ်ကိုတို့ တစ်တွေလည်း အရပ်သားဘဝက စစ်သားဘဝရောက်အောင် လေ့ကျင့်ရေးတွေလုပ်ပြီးမှ စစ်သားဖြစ်ခဲ့ရတာ၊ စစ်သားဖြစ်ပြီး နှစ်တွေကြာလာတော့ စစ်သားအိုကြီးဖြစ်လာတဲ့အခါ ပိုပိုပြီးတော်လာတယ်၊ စစ်အရိပ်အကဲကို ပိုနားလည်လာတယ်။

စစ်သားကလည်း ဆရာဝန်တွေ၊ သမားတော်ကြီးတွေလိုပါပဲ။

ရှေ့နေဆိုပျို့မှ သမားဆိုအိုမှတဲ့၊ သမားအိုကလူနာအရိပ်အခြေကို ကြည့်လိုက်တာနဲ့ ဒီလူနာ ဘာရောဂါလည်းဆိုတာ ချက်ချင်း ပြောနိုင်သလို အစ်ကိုတို့စစ်သားအိုကြီးတွေကလည်း မြေအခြေအနေ၊ တောတောင်အခြေအနေ ပြည်သူလူထုအခြေအနေ၊ သားရဲတိရစ္ဆာန်နဲ့ ကျေးငှက်သတ္တဝါတွေရဲ့ ပုံသန်းလှုပ်ရှားမှု၊ လေတိုက်ခတ်မှုနဲ့ လေထဲပါလာတဲ့အနံ့ကိုကြည့်ပြီး ရန်သူရှိမရှိ တိုက်ပွဲဖြစ်မဖြစ်၊ သတင်းရနိုင် မရနိုင်သိတော့တာ

မြရတနာစာပေ

ပါပဲ၊ ကုန်ကုန်ပြောရရင် ဒီတိုက်ပွဲနိုင်မယ်၊ မနိုင်ဘူးဆိုတာကစပြီး ကြိုပြောနိုင်ပြီ။

ဒါကလည်း လေ့ကျင့်ယူရတာ၊ ငယ်တုန်းတော့ ဘာမှ မသိသေးဘူး၊ သွားဆိုသွား၊ စားဆိုစား၊ ထိုင်ဆိုထိုင် ထဆိုထပါပဲ၊ ကြီးလာတော့ အတွေ့အကြုံတွေ သိပ်များလာပြီး ဒါတွေကို အတွေ့အကြုံက သင်တော့တာပဲ၊ မုဆိုးစိုင်သင် ဆိုသလိုပဲ ကိုယ်လည်း ခံရပေါင်းက သိပ်များနေတော့ သိလာပြီပေါ့။

ဒီနေရာမှာ အတွေ့အကြုံတစ်ခုကိုပြောချင်တယ်။

၁၉၇၄ လောက်ကပေါ့၊ ထားဝယ်ခရိုင်အတွင်း တစ်နေရာမှာ အစ်ကိုက ကွန်မန်ဒိုတပ်စုတစ်စုနဲ့ ရန်သူပြည်ပြေး ကျော်အုံးအဖွဲ့ကိုလိုက်ရှာတာ၊ သတင်းအရ ညချိတက်မှု **Night Move** နဲ့ အခြေပြုစခန်းကြီးက မိုင် ၂၀ လောက်ဝေးတဲ့ တောတွင်း တစ်နေရာကို ရောက်သွားတယ်၊ ဒီနေရာဟာ သတင်းရထားတဲ့ နေရာပဲ၊ ဒါကြောင့် အသေအချာကြည့်တော့ ရှေ့မှာ ခြံတစ်ခြံနဲ့ အိမ်ကလေးတစ်လုံး တွေ့တယ်၊ ခြံကဒူးရင်းခြံ၊ ခြံရှင်က ကရင်အမျိုးသမီးကြီး၊ လူသံသူသံတွေကြားလို့ အမိုးကြီးက တဲထဲကထွက်လာပြီး အစ်ကိုတို့ မြင်တဲ့အခါ ကြောက်နေတယ်၊ အလွန်လည်းအံ့အားသင့်နေတယ်၊ အစ်ကိုက ဆွယ်တာ **Jersey pullover** ကို အပေါ်က ထပ်ဝတ်လာတော့ ဘယ်တပ်ကမှန်း အမိုးကြီးက မသိဘူး၊ ဒါ့ကြောင့်

"အမိုး၊ ပြည်ချစ်ဟဲရာ"

"အမေ၊ ကျွန်တော်တို့ ပြည်ချစ်တွေ လာလား"

ဆိုပြီး ကရင်လိုမေးလိုက်တယ်။

အမိုးကြီးစိတ်ထဲမှာ ပြည်ပြေးတွေနဲ့ တပူးတွဲတွဲလုပ်နေတဲ့ သုံးပါတီက KNU ထင်ပြီး အမှန်ပြောတော့မယ် အလုပ်မှာ ဗန္ဓုလပုခုံးတံဆိပ်နဲ့ ပွိုင့်တပ်စိပ်ကရဲဘော်လေးနှစ်ယောက်ကိုလည်းတွေ့ရော ချက်ချင်းအမူအရာပြောင်းသွားပြီး

"ဟင့်အင်း မလာဘူး"

လို့ ဗမာလို ပြန်ပြောတယ်။

ဒါပေမယ့် မျက်စိမျက်နှာပျက်ပြီး တဲထဲကို ကမန်းကတန်းပြန်ဝင်သွားတယ်၊ အချိန်က မနက်ငါးနာရီ၊ ဝေလီဝေလင်းလေ၊ အစ်ကိုလည်း အမိုးကြီးအမူအရာကိုကြည့်ပြီး ထူးပြီဆိုတာ သိလိုက်ပြီ။

"ရဲဘော်တွေ၊ သတိထားဟေ့"

လို့ ပွိုင့်တပ်စိပ်ကိုမှာတယ်၊ အစ်ကိုလည်း သူတို့နဲ့ အတူလိုက်သွားတယ်၊ အဲဒီအိမ်ကလေးကရှေ့ဆက်အထွက်မှာ 808 ယမ်းပျော့တွေ ထုပ်တဲ့လတ်လတ်ဆတ်ဆတ် စက္ကူညိုညိုတွေကိုတွေ့လို့ ကောက်နမ်းကြည့်လိုက်မိတယ်၊ ယမ်းနံ့တွေ အများကြီးရတယ်၊ သေချာပြီ၊ ဒါဟာ ပြည်ပြေးတွေ မနေ့က တံတားမိုင်းခွဲသွားတဲ့ ယမ်းပဲ၊ ဒါဆိုဒီကောင်တွေ ဒီနားမှာရှိပြီ၊ စဉ်းစားလို့မှ မဆုံးသေးဘူး

"လူ လူ လူ"

ဆိုတဲ့ အော်သံကြားလို့ ပြေးလိုက်သွားတော့ လားလား လူလေးငါးဆယ်ယောက်ဟာ အုန်းပင်၊ ဒူးရင်းပင်နဲ့ ကွမ်းသီးပင် တွေကို ခေါင်းဆိုက်ပြီး စိတ်ချလက်ချ အိပ်နေလိုက်ကြတာ၊ တခေါခေါနဲ့ ဟောက်လို့၊ ပြည်ပြေးသူပုန်တွေလေ၊ အနီးဆုံး အကောင်ကို အစ်ကိုကိုယ်တိုင် စောင်လှန်လိုက်တော့ စောင် အောက်က ကာဘိုင်သေနတ်တွေ့ပြီး ရှန်းရင်းဆန်ခတ်ပြန်လုပ် တာနဲ့ ကိုင်ထားတဲ့ ပစ္စတိုနဲ့ကိုယ်တိုင်ပစ်ခတ်သုတ်သင်ရင်း တိုက်ပွဲဖြစ်တော့တာပါပဲ၊ ဒီတိုက်ပွဲမှာ ရန်သူ ကိုးဦးအသေရပြီး လက်နက်ငယ်ကိုးလက် သိမ်းဆည်းရမိပါတယ်။

ဒါဟာ အကဲဖြတ်မှုကောင်းပြီး ခြေရာခံ ခြေရာကောက် ကောင်းလို့ ရန်သူကို သုတ်သင်နိုင်ခြင်းပါ၊ အတွေ့အကြုံက အများကြီး စကားပြောပါတယ်။

အလားတူပဲ။

၁၉၇၅ ဆောင်းဦးပေါက်လောက်က ကရင်ပြည်နယ် တစ်နေရာမှာ တပ်ခွဲနှစ်ခွဲပါစစ်ကြောင်းနဲ့ ပို့င့်တပ်ခွဲမှူး တာဝန် ယူပြီး ချီတက်နေတုန်း အခြေပြုခဲ့တဲ့ ရွာကထွက်လို့ တစ်နာရီ လောက်ကြာတော့ မသင်္ကာဖွယ်ရာ တစ်နေရာကို ရောက်တဲ့ အခါ အစ်ကိုက ပို့င့်တပ်စုကို ရပ်ခိုင်းလိုက်တယ်၊ သူတို့ကတော့ သွားဆို သွားတာပဲ၊ ဘေးဘီကို သိပ်မကြည့်ဘူး၊ ဘေးဘီဆိုတဲ့ နေရာမှာ လူရိပ်လူယောင် တင်မကပါဘူး၊ လက်ရာခြေရာ စွတ်ကြောင်းကစပြီး ခြေရာခံ ခြေရာကောက်ပေါ့၊ အကြောင်း

ကတော့ အစ်ကိုနှာခေါင်းထဲမှာ လတ်ဆတ်တဲ့ မစင်နံ့ရလို့ပါပဲ။

ပွိုင့်တပ်ခွဲကို ခဏရပ်ပြီး လိုက်ရှာတော့ ခပ်လှမ်းလှမ်း ညာတစောင်းက တောတန်းမှာ လျှိုသေးသေးလေးရှိတယ်၊ အဲဒီလျှိုထဲမှာ လူနှစ်ရာလောက်အိပ်သွားပြီး ခုမနက်မှ လျှိုထဲက ထပြီး ထွက်သွားကြတာ၊ အိပ်ထားတဲ့အရာတွေနဲ့ မစင်ပုံ လေးငါးဆယ်တွေ့တယ်၊ အစ်ကိုတို့က တောင်ကနေပြီး မြောက်ကို ချီတက်နေတာ၊ မစင်ပုံတွေက မြောက်ဘက်ခပ်ကျကျဆိုတော့ မြောက်လေသင့်ပြီး အစ်ကိုနှာခေါင်းထဲ တန်းဝင်လာကြတာလေ၊ ဘာနဲ့တူသလဲဆိုရင် ဒို့တောမှာ နှစ်ရက်သုံးရက်ပွဲခံပြီး ပွဲသိမ်းသွားတဲ့ ပွဲခင်းနေရာက အနံ့မျိုးလေ၊ ကိုယ့်ညီ နားလည်နိုင်ပါလိမ့်မယ်။

အဲဒီမစင်ပုံနဲ့ လူအိပ်ထားတဲ့ အရာတွေတွေ့တော့ ရန်သူ ရှေ့မှာရှိတယ်ဆိုတာ သေချာသွားပြီ၊ အိပ်ရာတွေ လိုက်ရေကြည့်လိုက်တော့ ရန်သူက အင်အား နှစ်ရာလောက်ရှိတယ်၊ ဒါ့ကြောင့် အသေအချာဒီက ပြင်ဆင် သွားတာ၊ သိပ်မကြာဘူး၊ နောက်ထပ်ကွင်းကြီးတစ်ခုအကူးမှာ ကျင်းတူး အသင့်နေရာယူထားတဲ့ရန်သူက ဆီးဆော်တော့တာပဲ၊ သုံးနာရီလောက် တိုက်ပွဲပြင်းထန်စွာဖြစ်ပြီး ရန်သူဆုတ်သွားပါတယ်၊ အစ်ကိုတို့ဘက်က တစ်ယောက်ကျပြီး ရှစ်ယောက် ဒဏ်ရာရတယ်၊ ရန်သူ့ဘက်က ၁၆ ယောက် ဒဏ်ရာရပြီး ၄ ယောက်ကျတယ်၊ အစ်ကိုတို့က ကြိုတွက်ပြီး လက်နက်ကြီးလှိုင်လှိုင် သုံးလိုက်လို့ ရန်သူကို

တိုက်ထုတ်လိုက် နိုင်တယ်၊ စိတ်ဓာတ်အရလည်း အပေါ်စီးရသွားပြီ၊ ဒီရန်သူဟာ အစ်ကိုတို့စစ်ကြောင်းကို နောက်ထပ်လုံးဝ မတိုက်ရဲတော့ဘဲ ရှောင်သွားတဲ့အထိ စိတ်ဓာတ်ရေးရာအရ အောင်မြင်ခဲ့တယ်။

ဒါဟာ အတွေ့အကြုံက ပေးလိုက်တဲ့ရလဒ်ကောင်းတွေပါပဲ၊ ဒါတွေနဲ့ ဆက်စပ်ပြီး

အစ်ကိုတို့ အလွန်လေးစားတဲ့ တရုတ်စစ်ပညာရှင်ကြီး ဆန်ဇုက ဒီလိုဆိုခဲ့တယ်။

- ရန်သူသည် သင့်အနီးတွင်ရှိနေပြီး ငြိမ်သက်နေလျှင် ထိုဒေသ၏ သဘာဝအခွင့်အလမ်းကောင်းများကို အသုံးချပြီး သင့်ကို တိုက်ခိုက်ရန် စောင့်စားနေခြင်း ဖြစ်၏။
- ရန်သူသည် ခပ်လှမ်းလှမ်းတွင်နေပြီး တိုက်ပွဲစရန် စစ်မြှူပါက သင့်ကို စတင်ချီတက်လာစေလိုသော ကြောင့်ဖြစ်၏။
- တောအုပ်ထဲတွင် သစ်ပင်တို့ လှုပ်ရှားနေခြင်းသည် ရန်သူ ချီတက်လာသည်ကို ဖော်ပြ၏။
- ငှက်များလန့်ဖျပ်ပျံသန်းသွားခြင်းသည် ရန်သူတို့မှ ချောင်း မြောင်းတိုက်ခိုက်ရန် နေရာယူနေသည်ကို ပြ၏။
- တောတိရစ္ဆာန်များ လန့်ဖျန့်ပြေးလွှားနေကြလျှင်

ရှုတ်တရက် တိုက်ခိုက်ရန် ရန်သူတို့ချီတက်လာခြင်း ဖြစ်၏။

* ဖုံမှုန့်၊ မြေမှုန်တို့ မြင့်မားစွာလွင့်တက်နေသည်ကို မြင်ရပါက ရန်သူ့ စစ်ရထားတို့ ချီတက်လာခြင်း ဖြစ်၏ (ယခုခေတ်ဆိုပါက စစ်ရထားအစား စစ်ကားများ ဖြစ်လိမ့်မည်။)
* ဖုံမှုန့်တို့မြင့်မားစွာ မတက်ဘဲ နိမ့်ပြီး ကျယ်ပြန့်နေပါက ရန်သူခြေလျင်တပ်များ ချီတက်လာခြင်းဖြစ်၏။
* ဖုံထခြင်းသည် ဟိုတစ်ကွက် ဒီတစ်ကွက်နေရာအနှံ့ အပြား တွေ့ရပါက ရန်သူတို့ လူစုခွဲနေခြင်းဖြစ်၏။
* ဖုံအနည်းငယ်သာထပြီး ဟိုဟိုဒီဒီရွေ့လျားနေပါက ရန်သူတို့ စခန်းချရပ်နားနေခြင်းဖြစ်၏။

ဒါတွေဟာ စစ်မြေပြင်မှာ အနက်ကောက်တာ၊ အဓိပ္ပာယ်ဖော်တာဖြစ်ပါတယ်၊ အစ်ကိုတို့လည်း ဒီလိုပါပဲ၊ စစ်သားဖြစ်လို့ နှစ်အတော်ကြာလာတော့ စစ်ပညာရှင်ကြီး ဆန်ဇုပြောသလို သိလာတာပါပဲ၊ စစ်ရဲ့အခြေခံသဘောတရားတွေဟာလည်း ရှေးတုန်းကနဲ့ အခုခေတ် အတူတူပါပဲ၊ စစ်ရဲ့ အခြေခံက မပြောင်းလဲပါဘူး။

ခုနက အနက်ကောက်တာ အဓိပ္ပာယ်ဖော်တာတွေလည်း အဲဒီအတိုင်းပဲလေ။

ရန်သူက အစ်ကိုတို့တပ်နဲ့ မနီးမဝေးမှာ ကပ်အိပ်ပြီး

ချုံခို **Ambush** လုပ်မလို့စောင့်နေတာ၊ အစ်ကိုတို့က တောထဲမှာ အနေကြာတော့ ဒါမျိုးတွေ မကြာခဏကြုံဘူးလို့ သူတို့အိပ်စောင့်ထားတဲ့နေရာကို ရှာလိုက်နိုင်တယ်၊ ဒါကြောင့် မကြာခင်မှာ သူတို့စောင့်တိုက်တော့မယ်ဆိုတာ သုံးသပ်နိုင်တယ်၊ ဘယ်လိုနေရာတွေဖြစ်မလဲ၊ သတ်ကွင်းကောင်းတဲ့နေရာ ဖြစ်မှာပေါ့၊ **Killing Ground** ကောင်းကောင်းတွေ့တာနဲ့ တပ်ကိုရပ်ဖို့မှာရတယ်၊ မကြာခင် တောကြီးမြက်မည်းထဲမှာ ကွင်းပြန့်ကြီးတစ်ခုတွေ့တော့ တပ်ကိုရပ်နားလိုက်တယ်၊ အရိပ်အခြည်ကို လေ့လာတော့ လူသူမနီးတောကြီးထဲမှာ ဟန်းကောလွတ်ကျတဲ့အသံတစ်သံကြားရတယ်၊ ဟန်းကောဆိုတာ စစ်သားသုံးတဲ့ ထမင်းချိုင့်ပဲ၊ ကိုယ့်တပ်က မဟုတ်ရင် ရန်သူ့တပ်က ဖြစ်မယ်၊ ပြီးတော့ ဖုံနည်းနည်းထတယ်၊ မီးခိုးလေး ဟိုတစ်ကွက်ဒီတစ်ကွက်အူနေတာတွေ့ရတယ်၊ ရန်သူဟာ ဆန်ဇုရဲ့စာထဲကလိုပဲ လူခွဲထားပြီ၊ နေရာယူထားပြီ၊ မှန်ပြောင်းနဲ့လှမ်းကြည့်တော့ တချို့နေရာမှာ မြေစာလေးတွေတောင် ပွနေတာတွေ့ရတယ်ဗျာ၊ ရန်သူက ဘာလုပ်တယ်ထင်လဲ၊ ကျင်းတူးထားတာဗျာ၊ ကျင်းတူးပြီး စောင့်နေတာ၊ အဲဒါကို အစ်ကိုတို့အပြောကတော့ **Dig in** လုပ်ပြီး စောင့်တာပေါ့၊ ရန်သူက အငိုက်ကိုင်မလို့ စောင့်နေတာ။

ဘာရမလဲ၊ ပါလာတဲ့ ၇၅မီလီမီတာ နောက်ပွင့်ကြီးကို ဆင်တယ်၊ သုံးလက္ခစိန်ပြောင်းကို ဆင်တယ်၊ ပြီးတော့မှ

အဲဒီကွင်း ဘေးက တောင်ကုန်းတွေကို တစ်ကုန်းပြီးတစ်ကုန်း တက်ရှင်းတယ်၊ ဘုမသိဘမသိနဲ့ ရောက်လာတဲ့ တခြား စစ်ကြောင်းတစ်ခုက အစ်ကိုတို့ စနစ်တကျဆောင်ရွက်နေတာ ကို မစောင့်နိုင်ဘဲ အဲဒီကွင်းကို အတင်းဝင်ဖြတ်တာ ကျင်းတူး စောင့်တဲ့ ရန်သူက အပိုင်တွယ်တော့တာပဲ၊ တိုက်ပွဲက မိုးမွန်သွား ပါ လေရော၊ အစ်ကိုတို့ကြိုတင်ပြီးဆင်ထားတဲ့ စိန်ပြောင်းကြီးနဲ့ အလုံးတစ်ရာလောက်ထုလိုက်ပြီး နောက်ပွင့်ကြီးနဲ့ လေးငါး ဆယ်လုံး ပြောင်းထိုးပစ်လိုက်တော့ ကျင်းတူးနေရာယူထားတဲ့ ရန်သူဟာ အစ်ကိုတို့ လက်နက်ကြီးဒဏ် မခံနိုင်ဘဲ ဆင်တွေနဲ့ လူနာ ၁၅ယောက် ၂၀ ကို တင်ပြီး ဒရောသောပါး ဆုတ်ရတော့ တာပဲ။

ဒါဟာ အမိပွာယ်ဖော်တာ၊ အနက်ကောက်တာမှန်ပြီး ကြိုတင်ပြင်ဆင်မှုကောင်းလို့ အသာစီးရခဲ့တဲ့ အစ်ကို့ရဲ့ တကယ့် အဖြစ်အပျက်ပါညီလေး။

ဒီလိုအောင်ပွဲတွေရအောင် ဘာက စ,လုပ်ရပါသလဲ။

အစပိုင်းက ပြောသလို ပထမလေ့ကျင့်တာအရင်လုပ်ရ ပါတယ်၊ ဘာတွေလေ့ကျင့်ကြမှာလဲ။

အမိန့်နာခံခြင်းက အရေးကြီးတော့ အမိန့်နာခံတတ် အောင် စစ်ရေးပြကစပြီး ကျင့်ရပါတယ်၊ သတိ၊ သက်သာ၊ အေးစေပေါ့။

စစ်ရေးပြ အသားကျသွားပြီဆိုရင် ကိုယ်စီတိုက်ပွဲလို့

ခေါ်တဲ့ တစ်ယောက်ခြင်း လှုပ်ရှားမှု ပစ်ထောက်မှောက်လှိမ့်ပေါ့၊ ရန်သူ့အသံကြားတာနဲ့ ကိုယ့်သေနတ်ကို ဒိုင်းခနဲပစ်ပြီး လက်ကို ထောက် မြေပေါ်မှောက်ပြီးတော့ ဟိုကပြန်ပစ်တာမထိအောင် လှိမ့်လိုက်၊ အဲဒါကို ပစ်ထောက်မှောက်လှိမ့်လို့ ခေါ်ပါတယ်။

အဲဒီလိုတစ်ကိုယ်ရေ လှုပ်ရှားမှုတွေလုပ်တာနဲ့အတူ လက်နက်တွေအကြောင်းလည်း သင်ရတယ်၊ လက်နက်ငယ်တွေကစပြီး သင်ရတာပေါ့၊ ပထမ ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်း၊ နောက်တော့ ချိန်ရွယ်ခြင်း၊ ပစ်ခတ်ခြင်း၊ စက်အစိပ်အပိုင်းလှုပ်ရှားမှုများ၊ စွမ်းရည်များ စသည်ဖြင့် ကမ္ဘာ့နိုင်ငံသုံး လက်နက်ငယ်များအကြောင်းကို သင်ကြားရပါတယ်၊ အစ်ကိုတို့ စသင်ခဲ့ရတာတော့ ဂျပန်ရိုင်ဖယ်၊ အမေရိကန်ရိုက်ဖယ်တွေပေါ့၊ လပေါင်းအတော်ကြာတော့ ခေတ်မှီမောင်းပြန်သေနတ်တွေကို သင်ရပါတယ်။

ဒါတွေပြီးတော့ လက်နက်ကြီးတွေအကြောင်း သင်ရမြန်ရော၊ လက်နက်ငယ်၊ လက်နက်ကြီး၊ လက်ပစ်ဗုံး၊ မိုင်း စသည်ဖြင့် လက်နက်တွေကလည်း အမျိုးမျိုးပါပဲ၊ ဒါတွေ အားလုံးကျွမ်းကျင်မှ စစ်သားကောင်း တစ်ယောက်ဖြစ်မယ်လေ၊ လက်နက်တွေရဲ့ စွမ်းရည်ကို မသိရင် တိုက်ပွဲမနိုင်နိုင်ဘူး၊ ဒီခေတ်အသုံးများတဲ့ **M 79** လို့ခေါ်တဲ့ ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာတို့ **R.P.G** လို့ခေါ်တဲ့ **Rocket Propelled Grenade Launcher** လောင်ချာတို့ဆိုတာ အလွန်အစွမ်း

ထက်တာကလား၊ လူအုပ်ထဲကိုပစ်ထည့်လိုက်ရင် တစ်လုံးပစ်လိုက်တာနဲ့ လူလေးငါးဆယ်ယောက်လောက် **splinter** အစတွေထိပြီး ဒုက္ခရောက်တော့တာပဲ၊ မိုင်းဆိုလည်း ဒီအတိုင်းပဲ၊ နင်းမိုင်း၊ ဆွဲမိုင်း၊ တိုက်မိုင်း အမျိုးမျိုးပါ၊ မိုင်းနင်းလို့ ခြေထောက်ပြတ်ပြီး အတိုတစ် အရှည်တစ်ဖြစ်ရတဲ့ လူတွေဟာ အစ်ကိုတို့နိုင်ငံမှာသာ မကပါဘူး၊ ကမ္ဘာပေါ်မှာ အနတတ္တမပါ။

**Anti personal** လို့ခေါ်တဲ့ လူနင်းတဲ့ မိုင်းကလေးတွေကစပြီး ဟိုး သင်္ဘောတွေထောင်တဲ့ ရေမြှုပ်မိုင်း၊ ရေမြှုပ်ဗုံးတွေ၊ လေယာဉ်တွေထဲ ထည့်ပေးလိုက်တဲ့ **Time Bomb** တိုင်းဗုံးတွေ၊ ဒါတွေလည်း အစုံပါပဲ၊ ဒီနေ့ ခေတ်ဆိုရင် အကြမ်းဖက်သမား တွေက ဒီလိုဗုံးအမျိုးစုံကို သုံးနေကြပြီ၊ ညီလေးတို့စစ်သားလုပ်တော့မယ်ဆိုရင် ဒါတွေသိဖို့လိုပါတယ်၊ လေ့ကျင့်တဲ့အခါမှာ ဒါတွေကိုပါ သက်ဆိုင်ရာက သင်ပေးမှာပါ၊ ဒါတွေကလည်း စစ်သားတွေအတွက် အလွန်လိုအပ်လှပါတယ်။

ဒီနေရာမှာလည်း အစ်ကို့ ကိုယ်တွေ့ တစ်ခုပြောပါရစေဦး။

အစ်ကိုက မိုင်းသင်တန်းကို အကြိမ်ကြိမ်တက်ထားသူပါ။

၁၉၇၃ နှစ်စနွေဦးကပေါ့၊ အစ်ကိုက ရေးမြို့မှာ တာဝန်ကျတယ်၊ ထောက်လှမ်းရေးမှူး အိုင်အို **I.O (Intelligene Officer)** ပေါ့၊ တစ်ရက်မှာ သုံးပါတီက မော်လမြိုင်ရေး

ရထားကို လမိုင်းနဲ့ တောင်ဘုံကြားမှာ မိုင်းထောင်ပြီး ပတ်ခတ် တိုက်ခိုက်တယ်၊ အစောင့်လိုက်လာတဲ့ တပ်ခွဲနဲ့ တိုက်ပွဲဖြစ်ပြီး အရှေ့ဘက်ဆုတ်သွားတယ်၊ ခရီးသည်တချို့ ဒဏ်ရာရပြီး ရထား တွဲလေးငါးတွဲ တိမ်းမှောက်သွားတယ်၊ အစ်ကိုတို့ ကွပ်ကဲမှုမို့ အစ်ကိုနဲ့ အစ်ကိုတို့တပ်ရင်းမှူးကြီးတို့ အခင်းဖြစ်ပွားတဲ့ နေရာ ကိုလိုက်သွားကြတယ်၊ မီးရထား တိုင်းမင်းကြီးလည်း ရောက် လာတယ်၊ ရထားလမ်းပြန်ပြင်ဖို့ ရထားတွဲတွေရှင်းမယ် လုပ် တော့ ဘယ်သူကမှ မရှင်းရဲကြဘူး။

"ဟာ ဘာဖြစ်လို့လဲ"

လို့ မေးတော့။

"မိုင်းတွေကျန်နေသေးတယ်တဲ့၊ မရှင်းရဲဘူးတဲ့"

မရှင်းလို့ဘယ်ဖြစ်မလဲ၊ ခရီးသည်တွေဒီလိုပဲ နေရတော့ မှာလား၊ မိုင်းရှင်းမယ့် အင်ဂျင်နီယာတပ်က ရဲဘော်တွေလည်း မပါခဲ့ဘူး၊ ဘီအီးတပ်ကြပ်ကြီးကလည်း သူ့တပ်ရင်းကို ခဏခွင့် ပြန်သွားတယ်၊ ဘာလုပ်ကြမှာလဲ၊ လုံခြုံရေးအစောင့်လိုက်တဲ့ တပ်ခွဲမှာလည်း မိုင်းသင်တန်းတက်ထားတဲ့သူ တစ်ယောက်မှ မပါဘူးတဲ့၊ အထက်ဌာနကလည်း ရထားလမ်းအမြန်ပြင်၊ ရထား အမြန်ဆက်ထွက်ဖို့ ညွှန်ကြားနေပြီ၊ ခက်နေတော့တာပေါ့၊ တပ်ရင်းမှူးကြီးလည်း မျက်စိပျက် မျက်နှာပျက်နဲ့။

အစ်ကို့ကို မေးတယ်။

"ဒို့ဘာလုပ်မလဲ၊ ဒီအတိုင်းပဲနေလို့တော့ မဖြစ်ဘူး၊ မိုင်း

ရှင်းမှ မိုင်းဖော်မှရမယ်၊ မဖော်နိုင်ရင် ဒို့တပ်သိက္ခာကျမယ်ကွာ”

လို့ ပြောရှာတယ်။

အစ်ကိုက

“သိပ်စိတ်မပူပါနဲ့ တပ်ရင်းမှူး၊ မိုင်းဖော်မယ့်သူရှိပါတယ်၊ ကျွန်တော်ရှာထားပြီးပါပြီ”

ဆိုတော့

“ဟေ ဘယ်သူလဲ”တဲ့

“ကျွန်တော်ပဲ တပ်ရင်းမှူး၊ ကျွန်တော်ဖော်တတ်တယ်၊ ကျွန်တော်ဖော်မယ်”

ဆိုတော့ တပ်ရင်းမှူးကြီးလည်း မလွှဲသာ မရှောင်သာ သဘောတူလိုက်ရတယ်။

အဲဒီတုန်းက အစ်ကိုက **Lieutenant** နှစ်ဘားပေါ့၊ ရွှေသပြေခက်လေးနှစ်ချောင်းနဲ့။

“ကဲ ဒီမိုင်းကို ကျွန်တော်ကိုယ်တိုင်ဖော်မယ်ဗျာ”

ဆိုတော့ မီးရထားတိုင်းမင်းကြီးက အံ့ဩလို့

မိုင်းစဖော်တော့ ပရိသတ်က

“ဗိုလ်ပေါက်စလေး ကိုယ်တိုင် မိုင်းဖော်နေပြီဟေ့” ဆိုပြီး ဝိုင်းအံ့ကြည့်ကြတယ်။

မိုင်းကွဲရင် သေကုန်မှာမို့ အားလုံးကို ဘေးကင်းရာ ခပ်လှမ်းလှမ်း သွားခိုင်းပြီး တစ်နာရီကျော်ကျော် နှစ်နာရီနီးနီး အဲဒီမိုင်းကို တစ်ဆင့်ပြီး တစ်ဆင့် ဖော်ရတော့တာပဲ၊ မိုင်းက

သူတို့ ပြောသလို ဆွဲမိုင်း မဟုတ်ပါဘူး၊ နင်းမိုင်းပါ၊ ရထားလာလို့ သံလမ်းဖြတ်ရင် ဝါယာနှစ်ခုထိသွားပြီး လျှပ်စစ်ဓာတ်စီးပြီး ကွဲတဲ့ မိုင်းပါပဲ၊ ထောင်ထားတာက နှစ်ဆင့်၊ ဖော်ရင်ဖော်တဲ့သူကို ထပ်ထိအောင် လုပ်ထားတာပါ၊ အပေါ်မိုင်းနဲ့ အောက်မိုင်း ဆင့်ထားပြီး အပေါ်မိုင်းကိုဆွဲလိုက်ရင် အောက်မိုင်းကပါ ထကွဲ အောင်လုပ်ထားတာပါ၊ အောက်က ကျောက်ဖျဉ်လို မိုင်းကြီး ထည့်ထားတာပေါ့။

ကရင်ပြည်နယ်မှာ နှစ်ပေါင်းအတော်ကြာအောင် နေလာခဲ့တဲ့သူဆိုတော့ ဒီလိုဟာမျိုး တွေ့ကြုံခဲ့ဖူးပေါင်း များပါပြီ၊ ဒါ့ကြောင့် အဲဒီမိုင်းကို အစ်ကို အောင်မြင်စွာ ဖော်နိုင်ခဲ့ပြီး မီးရထားသံလမ်းတွေ အချိန်မီ ပြုပြင်နိုင်လို့ ရထားလည်း အဲဒီနေ့ ညနေမှာပဲ ရေးကိုရောက်အောင် ပြန်မောင်းနိုင်ခဲ့ပါတယ်။


ဒါ့ကြောင့် စစ်သားဆိုတာ မိုင်းဘာသာရပ်လည်း ကျွမ်းကျင်ဖို့ အလွန် လိုအပ်ပါတယ် ညီလေး။

အဲဒီတော့ သင်တန်းမှာ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်နည်းဗျူဟာ စတာတွေလေ့ကျင့်ရပါမယ်၊ လေ့ကျင့်တဲ့ အခါ မှာ အထပ်ထပ်အခါခါ အသားကျအောင်ကျင့်ရမယ်၊ ချွေး ထွက်များမှ သွေးထွက်နည်းမယ်လေ၊ အဲဒါဆောင်ပုဒ်ပေါ့၊ စစ်သားဆိုတာ ပျင်းလို့မရဘူး၊ ဖျင်းလို့မရဘူး၊ ပျင်းရင် ဖျင်းရင် အသက်ပါပါသွားတတ်တယ်၊ အသက်မပေးရင်တောင် ခြေလက် အင်္ဂါတွေ ပေးလှူသွားရတတ်တယ်။

ဒါ့ကြောင့် လေ့ကျင့်ချိန်မှာ မခိုမကပ်ဘဲ အားလုံး
တတ်အောင် သင်ကြားပါလို့ ပြောလိုက်ချင်ပါတယ် ညီလေး

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ




တန်းစီ၊ တန်းစီ

မြရတနာစာပေ




ကဲ၊ တိုက်စစ်အစီအစဉ် ကို ရှင်းလား ?
ဘာမေးစရာရှိလဲ ? မရှင်းရင် မေးနိုင်တယ်




လေ့ကျင့်တဲ့အခါမှာ ဒီလိုခလုတ်ကန်သင်းနဲ့
နေရာတွေမှ သဘာဝကျတယ်

မြရတနာစာပေ



အမြန်ချီတက်ကြ၊ အရေးကြီးနေပြီ

# အစ်ကိုတို့ စစ်သား (၅)

## မြေပိုင်မှ စစ်နိုင်မည်

ညီလေး

လေ့ကျင့်ရေးကိစ္စတွေပြောပြီးရင် မင်း တကယ် ရင်ဆိုင်ရမယ့် မြေအခြေအနေအကြောင်း ပြောချင်တယ်။

မြေပိုင်မှ စစ်နိုင်သတဲ့၊ ဒါ့ကြောင့် ချီတက်သွားလာတဲ့အခါမှာ မြေကိုပိုင်ဖို့လိုတယ်၊ မြေဆိုတာလည်း အမျိုးမျိုးရှိတာကလား၊ တောအုပ်ဖြစ် ချင်ဖြစ်မယ်၊ လွင်ပြင်ဖြစ်ချင်ဖြစ်မယ်၊ အလိပ်လိပ်ထနေတဲ့ တောင်ကုန်းတောင်တန်းတွေ ဖြစ်ချင်ဖြစ်မယ်၊ ရေတွေခဲနေတဲ့ ရေခဲပြင်ကြီးလည်း ဖြစ်ချင်ဖြစ်မယ်၊ မြစ်ချောင်း အင်းအိုင်တွေပေါများတဲ့ ပင်လယ်နီး ဒေသတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ အစုံပါပဲ၊ တကယ့်စစ်သားဖြစ်လာပြီဆိုရင် ဘယ်လို မြေမျိုးမှာမဆို စစ်ချီစစ်တက်လုပ်နိုင်ရမယ်၊ တိုက်နိုင်ခိုက်နိုင်ရမယ်၊ အဲလိုလုပ်နိုင်မှ တကယ့်စစ်သားလေ။

မြေအခြေအနေပေါ်မူတည်ပြီး တိုက်တဲ့ခိုက်တဲ့နည်းစနစ်တွေကလည်း ကွဲပြားခြားနားသွားရတယ်၊ ကွင်းထဲမှာတိုက်တာတစ်မျိုး၊ တောင်ပေါ်နဲ့ တောထဲမှာတိုက်တာတစ်မျိုး၊ မြစ်တွေ၊ ချောင်းတွေပေါများတဲ့နေရာမှာ တိုက်တာတစ်မျိုး

စစ်နည်းဗျူဟာတွေ အမျိုးမျိုးရှိတယ်၊ ဒါ့ကြောင့် မြေကိုကျွမ်းဖို့ လိုတယ်။

ဒီအခါမှာ ဘာအရေးကြီးသလဲဆိုရင် ကိုယ်မရောက်ဘူးတဲ့ နေရာတွေမှာ စစ်တိုက်တတ်ဖို့ပဲ၊ အဲဒီလိုတိုက်နိုင်ဖို့အတွက် ဘာလုပ်တတ်ရမလဲဆိုရင် မြေပုံဖတ်တတ်ရမယ်၊ အဲဒီတော့ ညီလေး၊ မြေပုံဖတ်ခြင်း အတတ်ပညာကိုလည်း သင်ထားရမယ်၊ စစ်သုံးမြေပုံတွေကိုကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်လုပ်ကြပါတယ်၊ အဆင့်မြင့် စစ်ခေါင်းဆောင်ဖြစ်ဖို့ မြေပုံဖတ် ကျွမ်းကျင်ဖို့လိုပါတယ်၊ မြေပုံဖတ်ခြင်းအတတ်ပညာက တကယ်တော့ မခက်ပါဘူး၊ စကေးကိုက် လတ္တီတွဒ်၊ လောင်ဂျီတွဒ်မျဉ်းကြောင်းလေးတွေနဲ့ ဆွဲထားတာပါ။ မြေပုံညွှန်းပေးရင် 'ခြောက်လုံး' ပေးရပါတယ်၊ ဒါက ကြည်းတပ်အတွက်၊ လေတပ်အတွက်ဆိုရင်တော့ ဒါ့ထက်ပိုတိ ကျအောင် 'ရှစ်လုံး'ပေးရပါတယ်။

မြေပုံဖတ်ပညာကို သင်တဲ့အခါမှာ ဂရစ်မျဉ်းကြောင်းတွေနဲ့ မြေပုံညွှန်းပေးတတ်အောင် စသင်ရပါတယ်၊ ဒါပြီးရင် မြေပုံမှာပါတဲ့ အမှတ်အသားတွေကိုသိအောင် လုပ်ရတယ်၊ အရောင်တွေကို သိအောင်လုပ်ရတယ်။ ဒါကလည်း သိပ်မခက်ပါဘူး၊ 'ရေဆို အပြာပေါ့'၊ 'လမ်းဆို အနီပေါ့'၊ 'မြို့တွေ ရွာတွေဆိုရင် အမည်းစက်ကလေးတွေပေါ့'၊ 'သစ်ပင်တို့ တောအုပ်တို့ဆိုရင် အစိမ်းပေါ့'၊ ဒါ့ကြောင့် အစ်ကိုတို့တစ်တွေ ကြေးနန်းတွေပို့ရင်

"အပြာကြောင်းကိုဖြတ်ပြီး အနီကြောင်းကိုအရောက် လာခဲ့ပါ၊ အနီကြောင်းရောက်ရင် ဒီက ဒလိမ့်တွေလွှတ်ပေး လိုက်မယ်"

လို့ ပြောတတ်ကြတယ်၊ အဓိပ္ပာယ်ကတော့ မြစ်ကို ကူးပြီး လမ်းမပေါ် တက်ခဲ့ပါ၊ လမ်းမပေါ် ရောက်ရင် ကားတွေ လွှတ်ပေးလိုက်မယ်လို့ ပြောလိုက်တာပါပဲ။

မြေပုံတွေဟာ စကေးကိုက်မို့လို့ မြို့တွေရွာတွေရဲ့ အကွာအဝေးကို တိတိကျကျဖော်ပြနိုင်ပါတယ်၊ ဒီမြေပုံတွေကို လေယာဉ်ပျံနဲ့ ကောင်းကင်ကနေပြီး ရိုက်ထားတာ၊ ကောင်းကင် မြေတိုင်း ဓာတ်ပုံတွေကို ပုံထုတ်ပြီးတော့ မြေပုံပြန်လုပ်ထားတာ ပါပဲ၊ မြေပုံတွေမှာ အများအားဖြင့် **One inch** တစ်လက်မ တစ်မိုင်စကေး၊ **Half inch** လက်မဝက် တစ်မိုင်စကေးနဲ့ **Quarter inch** လေးပိုင်းတစ်ပိုင်းလက်မတစ်မိုင်စကေး အကြမ်းအားဖြင့် သုံးမျိုးရှိတတ်ပါတယ်။

မြေအခြေအနေကိုလိုက်ပြီး တိုက်တာခိုက်တာလည်း နည်းဗျူဟာ ပြောင်းရပါတယ်၊ တောအုပ်ထဲဆို တိုက်နည်း တစ်မျိုးပေါ့၊ တောတွင်းစစ်ဆင်ရေးပေါ့၊ ဒါကလည်း ထင်သလို မလွယ်ဘူး၊ ဗီယက်နမ်မှာ တောတွင်းစစ်ဆင်ရေးမကျွမ်းကျင်လို့ အမေရိကန်တွေ စစ်ရှုံးသွားကြပါတယ်။

ဒါပေမယ့် သဲကန္တာရတိုက်ပွဲတွေကြတော့ လေကြောင်း အကဲသာတဲ့ အမေရိကန်တွေ နိုင်ပြန်ရော၊ နိုင်ဆို ပုန်းစရာ၊

ခိုစရာ မှမရှိဘဲ၊ ကွင်းပြောင်ကြီးဖြစ်နေတယ်၊ ဗီယက်နမ်ကျတော့ တောတွေသိပ်ထူတဲ့အခါ ဘယ်လောက်ပဲ လေကြောင်းအကဲသာနေနေ တောထူလွန်းလို့ လေယာဉ်ပျံက ဘာမှ လုပ်လို့မရဘူး၊ ၁၉၅၄ ဗီယက်နမ်တွေ ဒင်ဗင်ဖူးကို တိုက်တုန်းက ပြင်သစ်လေယာဉ်ပျံတွေ မမြင်အောင် သစ်ပင်ကြို သစ်ပင် ကြားကလူတွေ၊ စက်ဘီးတွေနဲ့ ရှေ့တန်းကို ခဲယမ်းမီးကျောက်တွေ ပို့ခဲ့တယ်၊ အလားတူပါပဲ မြောက်ဗီယက်နမ်က တောင် ဗီယက်နမ်ကိုတိုက်တဲ့အခါမှာလည်း အဲ့ဒီလိုတောနက်ကြီးတွေ ဖြတ်ပြီးတော့ လေကြောင်း ကင်းထောက်လို့မရအောင် လူနဲ့ ခဲယမ်းမီးကျောက်တွေ ပို့နိုင်ခဲ့တယ်၊ အဲ့ဒါကို 'ဟိုချီမင်း စစ်ထွင်လမ်းကြောင်း' လို့လည်းခေါ်ခဲ့ကြတယ်။

တောင်တွေပေါ် စစ်တိုက်တော့ တစ်မျိုးပေ့ါ၊ အာဖဂန်စစ်ပွဲကိုကြည့်ပါ၊ ကျောက်တောင်တွေထဲမှာ စစ်ဆင်နေတာလေ၊ အာဖဂန်ပြောက်ကျားတွေဟာ ကျောက်ဂူထဲမှာနေကြတယ်၊ ဒါ့ကြောင့် ရှာရခက်တယ်၊ ချေမှုန်းရခက်တယ်၊ အိန္ဒိယတိုက်ငယ်က တမီကျားတွေကျတော့ တစ်မျိုးပေ့ါ၊ ရေပတ်လည်ဝိုင်းနေတဲ့ ဂျက်ဖနာကျွန်းဆွယ်မှာ ကျားတွေက ခြေကုပ်ယူထားတော့ ကြည်း၊ ရေ၊ လေ ပူးပေါင်း စစ်ဆင်ရေး ဖြစ်သွားတာပေ့ါ၊ ဒါဟာ မြေအခြေအနေနဲ့ ပတ်သက်ပြီး ညီလေး သိအောင် ဥပမာတွေ ပေးလိုက်တာပါ၊ အဲဒီတော့ အစ်ကို ခဏခဏပြောနေတဲ့ တရုတ် စစ်ပညာရှင်ကြီး ဆန်ဇုရဲ့ မြေအခြေနဲ့ပတ်သက်တဲ့

ဖော်ပြချက်များကိုလည်း ကြည့်လိုက်ပါဦး၊ အလွန်စိတ်ဝင်စားစရာကောင်း လှပါတယ်၊ ကနေ့အချိန်ထိ ခေတ်မီနေဆဲပါ၊

ဆန်ဇုက ဒီလိုဆိုထားတယ်

စစ်ပညာ သဘောတရားအရ မြေပြင်အခြေအနေ (၉)မျိုးကွဲပြားခြားနားပါတယ်၊ အဲ့ဒါတွေကတော့

(၁) ပြန့်ကျဲသော စစ်မြေပြင်အခြေအနေ
(၂) စစ်ဦးကျွံစစ်မြေပြင်အခြေအနေ
(၃) သော့ချက်စစ်မြေပြင်အခြေအနေ
(၄) လွတ်လပ်သော စစ်မြေပြင်အခြေအနေ
(၅) လမ်းဆုံစစ်မြေပြင်အခြေအနေ
(၆) အရေးပါသော စစ်မြေပြင်အခြေအနေ
(၇) ကန္တာရ စစ်မြေပြင်အခြေအနေ
(၈) ညှပ်ပူး၊ ညှပ်ပိတ်စစ်မြေပြင်အခြေအနေနှင့်
(၉) သက်စွန့်စစ်မြေပြင်အခြေအနေ တို့ဖြစ်ပါတယ်။ အဓိပ္ပါယ်ရှင်းလင်းချက်ကို အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

**ပြန့်ကျဲသော စစ်မြေပြင်အခြေအနေ**

စစ်ခေါင်းဆောင်မြို့စား၊ နယ်စားများအဖို့ မိမိပိုင်နက်နယ်နိမိတ်အတွင်း တိုက်ခိုက်ကြရသော စစ်မြေပြင်အခြေအနေမျိုး ဖြစ်၏။

မြရတနာစာပေ

**စစ်ဦးကျွံစစ်မြေပြင်အခြေအနေ**

ရန်သူနယ်ပယ်ထဲသို့ ခရီးအတော်အတန်ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မိသော စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။

**သော့ချက်စစ်မြေပြင်အခြေအနေ**

မိမိ သို့မဟုတ် ရန်သူ မည်သည့်ဘက်ကဖြစ်စေ သိမ်းပိုက်နိုင်ပါက အကျိုးရှိစေနိုင်သော စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။

**လွတ်လပ်သောစစ်မြေပြင်အခြေအနေ**

နှစ်ဖက်စလုံးလွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်သော စစ်မြေပြင်အခြေအနေမျိုး ဖြစ်၏။

**လမ်းဆုံစစ်မြေပြင်အခြေအနေ**

ပူးကပ်ဆက်စပ်နေသော တိုင်းပြည်နယ်နိမိတ်သုံးခု၏ သော့ချက်သဖွယ်ဖြစ်နေသော စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။ ဤစစ်မြေပြင်မျိုးကို အနီးဆုံးပိုင်ဆိုင်နိုင်သူသည် နိုင်ငံကြီး တစ်ခုလုံး၏ အစိတ်အပိုင်းများကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင် ထားနိုင်သကဲ့သို့ ဖြစ်၏။

**အရေးပါသော စစ်မြေပြင်အခြေအနေ**

ရန်သူ၏ ခံတပ်မြို့ကြီးများစွာကို နောက်တွင်ရှောင်ရှားချန်ထားခဲ့ပြီး မိမိတပ်များက ရန်သူဗဟိုအချက်အချာသို့

မြရတနာစာပေ

ထိုးဖောက် ဝင်ရောက်မိနေသော စစ်မြေပြင်အခြေအနေမျိုး ဖြစ်၏။

**အချာရေးစစ်မြေပြင်အခြေအနေ**

တောများ၊ တောင်များ၊ ကျောက်ဆောင်ကမ်းပါးများ၊ နှံ့ညွန်ဗွက်အိုင်ကြီးများ၊ ခလုတ်ကန်သင်းချိုင့်ဝှမ်းများ စသည်ဖြင့် ဖြတ်သန်းသွားလာရန်၊ လမ်းကြောင်းပြောင်းရန် ခက်ခဲသော စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။

**ညှပ်ပူးညှပ်ပိတ် စစ်မြေပြင်အခြေအနေ**

ကျဉ်းမြောင်းသော တောင်ကြားလမ်းမျိုးမှသာ သွားရောက်နိုင်ပြီး ကွေ့ကောက်ခက်ခဲသော လမ်းမျိုးမှသာပြန် ထွက်နိုင်သော စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။ ဤသို့သော စစ်မြေပြင်အခြေအနေမျိုးတွင် ရန်သူအင်အား အနည်းငယ် မျှသည်ပင်မိမိ၏ အင်အားများပြားသော တပ်တစ်တပ်ကို လုံးဝ ချေမှုန်းပစ်နိုင်၏။

**သတ်စွန့်စစ်မြေပြင်အခြေအနေ**

အချိန်မီအမြန်ဆုံး ပြင်းထန်စွာတိုက်ခိုက်နိုင်မှသာ မိမိတပ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်အောင် အကာအကွယ်ပေးနိုင်သည့် စစ်မြေပြင်အခြေအနေမျိုးဖြစ်၏။

မြဝတီစာပေ

**စစ်မြေပြင်အခြေအနေတို့ကို အသုံးချခြင်း**

ပြန့်ကျဲသော စစ်မြေပြင် အခြေအနေမျိုးတွင် မတိုက်ပါနှင့်။

စစ်ဦးကျွဲ့ စစ်မြေပြင် အခြေအနေမျိုးတွင် မရပ်နားပါနှင့်။

သော့ချက် စစ်မြေပြင် အခြေအနေမျိုးတွင် တိုက်စစ် မဆင်ပါနှင့်။

လွတ်လပ်သောစစ်မြေပြင်အခြေအနေမျိုးတွင် ရန်သူ့ လမ်းကြောင်းကို မပိတ်ပါနှင့်။

လမ်းဆုံစစ်မြေပြင်အခြေအနေမျိုးတွင် မဟာမိတ်တို့နှင့် ပူးပေါင်းပါ။

အရေးပါသော စစ်မြေပြင်အခြေအနေမျိုးတွင် မိမိရိက္ခာလမ်းကြောင်းကိုဂရုစိုက်ပါ။

ကန္တာရစစ်မြေပြင်အခြေအနေမျိုးတွင် အတတ်နိုင်ဆုံး ရှေ့တိုး တိုက်ခိုက်ပါ။

ညှပ်ပူးညှပ်ပိတ်စစ်မြေပြင်အခြေအနေမျိုး တွင် စစ်ပရိယာယ်ဖြင့် လှည့်စားပါ။

သက်စွန့်စစ်မြေပြင် အခြေအနေမျိုးတွင် အသေခံ တိုက်ပါ။ ယင်းအတွက် ဤနည်းမှလွဲ၍ အခြားနည်းလမ်း မရှိချေ။

ရှေးတရုတ်ပြည်ကြီးဟာ သဲကန္တာရတွေရော၊ ရေခဲဖုံး

နေတဲ့ တောင်စဉ်တောင်တန်းတွေရော၊ ကျောက်တောင်တွေရော၊ ကြီးမားတဲ့ တောအုပ်ကြီးတွေရော၊ ရေကန်ကြီးတွေရော၊ မြက်ခင်းပြင်ကြီးတွေရော၊ လွင်တီးခေါင်တွေရော အမျိုးမျိုးကွဲပြားတဲ့ မြေတွေရှိပါတယ်၊ ဒါကြောင့် ဆန်ဇုက ဒါတွေကို ကြည့်ပြီး မြေအခြေအနေပေါ်မူတည်ပြီး အမျိုးမျိုးသုံးသပ်ပြသွားတာပါ။

ဒါတွေပေါ်မူတည်ပြီး လှည့်စားမှုအမျိုးမျိုးလည်း လုပ်လို့ရပါတယ်၊ ပုဂံခေတ်က စောလူးနဲ့ ငရမန်ကန်းတိုက်တဲ့ ပြည်တော်သာကျွန်းတိုက်ပွဲမှာ ငရမန်ကန်းကရွှံ့နွံတွေထဲမှာ ဆင်ရုပ်၊ မြင်းရုပ်တွေလုပ်ပြီး ထောင်ချောက်ဆင်ထားတာကို စောလူးက ဆောင်မခြင်နဲ့ သွားတိုက်တော့ နွံနစ်ပြီးစစ်ရှုံးခဲ့ရတယ်၊ အလားတူပါပဲ၊ စစ်ဘုရင်ကြီး နပိုလီယံလည်း ရုရှားကိုသွားတိုက်တာ အသွားတုန်းကတော့ မြေကြီးကအကောင်းသား၊ ဒါပေမယ့် အပြန်ကျတော့ ရုရှားဆောင်းရဲ့ အလွန်အေးမှုကြောင့် စစ်မြေပြင်တစ်ခုလုံး ရိုးရိုး မြေကြီး မဟုတ်ဘဲ ရေခဲပြင်ကြီး ဖြစ်သွားတော့တယ်။ အဲဒီမှာ ရာသီဥတုကို အကဲမခတ်နိုင်တဲ့ နပိုလီယံဟာ ရုရှားဆောင်းဒဏ်ကြောင့် စစ်ရှုံးရတော့တာပဲ၊ နပိုလီယံဟာ ရေခဲပြင်ပေါ်မှာ စစ်မှ မတိုက်ဘူးဘဲ၊ မြေမပိုင်တဲ့အတွက် စစ်မနိုင်ဘူးဖြစ်သွားတာပေါ့။

ဒုတိယကမ္ဘာစစ်တုန်းကလည်း တောတွင်းစစ်ဆင်ရေး မကျွမ်းတဲ့အင်္ဂလိပ်တွေဟာ ကနဦးအစပိုင်းမှာ စစ်ရှုံးပြီးတော့

ဝင်းဂိတ်တို့ ဘာတို့ပေါ်လာလို့ သူ့ရဲ့ ခြသေ့်တပ်ဖွဲ့ **Chindit Fxpedition** နဲ့ မြန်မာနိုင်ငံမြောက်ပိုင်းကို ထိုးဖောက်နိုင်လာတဲ့အခါမှာ စိတ်ဓာတ်တွေတက်ကြွပြီး စစ်ပြန်နိုင်သွားကြတယ်၊ အုပ်ချုပ်ထောက်ပံ့မှုမပြည့်စုံဘဲ အင်ဖာကို တက်တိုက်တဲ့ ဂျပန်ဗိုလ်ချုပ်ကြီး ကဝါဘီနဲ့ သူ့လူ ၂ သိန်းကတော့ တိုက်ပွဲကာလ လေးငါးလမှာပဲ စစ်ရှုံးပြီး အကြီးအကျယ်အရေးနိမ့်သွားခဲ့ပါတယ်၊အဲဒီတိုက်ပွဲ စဉ်တွေမှာလည်း မြေမပိုင်တာတွေ အများကြီးပါတယ်၊ တောင်ပေါ်တိုက်ပွဲတွေရဲ့ အုပ်ချုပ်ထောက်ပံ့မှု ခက်ခဲတာကို ဂျပန်တွေ သဘောမပေါက်ကြတဲ့အတွက် စစ်ရှုံးရတာပါပဲ။

အဲဒီတော့ ညီလေးရေ စစ်သားတစ်ယောက်ဖြစ်လာပြီဆိုရင် မြေကိုပိုင်နိုင်အောင်လေ့လာပါ၊ ပထမမြေပုံအရင်ဖတ်ပါ၊ မြေပုံနဲ့မြေပြင် တိုက်ဆိုင်စစ်ဆေးပါ၊ ကွဲလွဲတာတွေအများကြီးရှိတတ်ပါတယ်။

ဒါတွေတတ်ပြီဆိုရင် မင်းစစ်ခေါင်းဆောင်ဖြစ်လာ မှာပါပဲ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ



ဟိုးမှာ တောတန်းကိုမြင်လား?
အဲဒီမှာ ရန်သူရှိနေတယ်



ရန်သူလာနေပြီ၊ သတိ



ဒီလို Dig in လုပ်ပြီး ကျင်းတူးနေရာယူထားတဲ့နေရာကို
ဝင်လာရင် ဒီလို ချေမှုန်းခံရမှာပေါ့

မြရတနာစာပေ



မင်းစက်သေနတ်ကြီးနဲ့
ပုံသေပစ်ကြောင်း ပြင်ထားပေ့

မြရတနာစာပေ

# အစ်ကိုတို့စစ်သား (၆)

## ချိတိုက်ခံခွာ (သို့မဟုတ်) စစ်ကဏ္ဍကြီးများ

ညီလေး

ဒီစာမှာတော့ စစ်ကဏ္ဍကြီးများလို့ခေါ်တဲ့ စစ်တိုက်နည်းအမျိုးအစားများအကြောင်းကို ပြောချင်တယ်။

စစ်ကဏ္ဍကြီးများကတော့ ညီလေးကြားဖူးထားသလို လေးမျိုးပဲရှိပါတယ်၊ ခံခွာတိုက်ချီ သို့မဟုတ် ချီတိုက်ခံခွာ၊ ဒါပါပဲ။

စစ်တိုက်ဖို့ ထွက်သွားရင် ဒါဟာ ချီစစ်ပေါ့၊ ချီတက်တာကတော့ အမျိုးမျိုးပဲလေ၊ ခြေလျင်လည်း ဖြစ်ချင်ဖြစ်မယ်၊ လှေတို့လှည်းတို့နဲ့လည်း ဖြစ်ချင်ဖြစ်မယ်၊ ဟိုခေတ်ကတော့ ဆင်တို့မြင်းတို့နဲ့လည်း ဖြစ်တတ်တာပဲ၊ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်ပေါ့၊ ဒီခေတ်မှာတော့ ခြေလျင်မဟုတ်ရင် ကားတို့ ရထားတို့ မော်တော်တို့ သင်္ဘောတို့နဲ့လည်း ဖြစ်တတ်ပါတယ်၊ သိပ်အရေးကြီးတဲ့အခါများမှာတော့ လေယာဉ်နဲ့ ချီတက်တတ် ကြပါတယ်၊ အမေရိကန်နဲ့ ဥရောပနိုင်ငံများကတော့ ငွေကြေး အလွန်အကုန်အကျခံနိုင်ကြလို့ **Mechanized Army** လို့ ခေါ်ပြီး သူတို့တိုက်နေတဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့ကို တပ်တွေလွှတ်တဲ့အခါမှာ လေယာဉ်ပဲ အသုံးများပါတယ်၊ ဘယ် လိုပဲ

ဖြစ်ဖြစ် ကိုယ်တိုက်ချင်တဲ့နေရာ ကိုယ်ရောက် ချင်တဲ့နေရာကို ရောက်အောင်သွားတာက ချီစစ်ပါပဲ။

ချီတက်တဲ့အခါမှာ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း၊ လေ တစ်ပိုင်းလည်း ဖြစ်ချင်ဖြစ်တတ်ပါတယ်၊ ခြေလျင်သွားပြီး ကားစီးရသလို ကားစီးပြီးမှ ခြေလျင်သွားကြရတာတွေလည်း ရှိပါတယ်။ ရထား၊ လေယာဉ်၊ သင်္ဘောစတာတွေလည်း အလား တူပါပဲ။

ဒါပေမယ့် နောက်ဆုံးတော့ ကိုယ်သိမ်းချင်တဲ့နေရာကို သိမ်းတဲ့အခါ ခြေလျင်တပ်၊ ခြေလျင်ချီတက်လာတဲ့ အဖွဲ့ အစည်းကပဲ ရည်မှန်းချက်နေရာကို သိမ်းရပါတယ်၊ ဒါကြောင့် စာဆိုရှိတယ်။

**"At last, the land is occuppied by infantry"** တဲ့။

ဆိုလိုတာကတော့ နောက်ဆုံးတော့ မြေကိုခြေလျင်တပ် ကပဲ သိမ်းတာပါတဲ့။

ဒါပြီးတော့ တိုက်စစ်ပေါ့။

ကိုယ်တိုက်မယ့်နေရာရောက်ပြီ၊ ကိုယ်တိုက်ချင်တဲ့ ရန်သူကိုတွေ့ပြီ။ အဲဒီအခါမှာ တိုက်ပြီ၊ တိုက်ရမယ့်နေရာမှာ လည်း တိုက်နည်းရှိပါတယ်။

ပထမ **Find** ရန်သူကိုတွေ့အောင်ရှာ။

ဒုတိယ **Fix** ရန်သူကိုထိန်းထား။

တတိယ **Fight** ရန်သူကိုတိုက်တော့။

စတုတ္ထ **Finish** ရန်သူကိုအပြီးအတိုင် ချေမှုန်းတဲ့။

အဲဒါဟာ ဆရာ့ ဆရာကြီးတွေ စစ်ပညာရှင်ကြီးတွေ ပြောသွားတဲ့ မမှားသော ပုံသေဖော်မြူလာပါပဲ ညီလေး။

ဒီနေရာမှာ ရယ်စရာတစ်ခု ကြားညှပ်ပြောလိုသေးတယ်၊ စစ်တိုက်တာက မိန်းကလေးတွေနဲ့ ရည်းစားထားတာနဲ့ ဆင်တူတယ်လို့ အစ်ကို့မိတ်ဆွေတစ်ဦးကပြောဖူးတယ်၊ သူက **Womanizer** မြှာစွန့်သူဖြစ်ပါတယ်၊ မိန်းကလေးတွေ တစ်ယောက်ပြီး တစ်ယောက်နဲ့ အကြောင်းဆက်ပေါင်းဖက်ကာ ဟောတစ်ယောက် ဟောတစ်ယောက်မို့ ငယ်စဉ်ကတော့ အစ်ကိုတို့ သူ့ကို အလွန် ဩချရပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး သူက ဘာပြောသလဲဆိုရင် ဒါကလည်း စစ်ပွဲတစ်ပွဲပဲတဲ့။

မင်းတို့ ရန်သူ **Find** ရှာသလို ကိုယ်ကလည်း ကိုယ့် **Target** မိန်းကလေးကို ရှာရတယ်၊ ပြီးတော့ **Friend** မိတ်ဆွေဖွဲ့ရတယ်တဲ့၊ မင်းတို့ ရန်သူတွေ့လို့ **Fix** ထိန်းထားသလို ကိုယ်ကလည်း ကိုယ့်ကောင်မလေးကို **Feed** ကျွေးမွေးပြုစု လက်ဆောင်တွေ ဘာတွေပေး ဟိုဟိုဒီဒီတွေခေါ်သွားပြီး ထိန်းထားရတယ်တဲ့။

ဒါပြီးတော့ မင်းတို့က ရန်သူကို **Fight** တိုက်ပြီ၊ ကိုယ်ကတော့ မတိုက်နိုင်သေးဘူး ကိုယ့်လူရေ အခြေအနေကို

အကဲခတ်ပြီး **Feint** ဖိန့်ပြပြီး ဟိုယောင်ယောင် သည်ယောင်ယောင်နဲ့ ခပ်ခွာခွာပြန်လုပ်ပြီး စစ်ရေးငင်ရသေးတယ်၊ ကလေးမက မနေနိုင် မထိုင်နိုင် ကိုယ့်ကိုပြန်ဆက်သွယ်လာတဲ့ အခါမှ **Surprise** အငိုက်ဖမ်းပြီး တစ်ခါတည်း တိုက်ချလိုက်ရတာတဲ့၊ သူပြောတာက အတော်ပီပြင်လို့ အစ်ကို့မှာ သူ့ကို အံ့ဩရမလို အားကျရမလို ဖြစ်ရပါသေးတယ်၊ လူတွေကလည်း ငယ်ကြသေးသကိုး။

မင်းတို့က ရန်သူကို **Fight** တယ်၊ ကိုယ်လည်း အဲဒီ ကိုယ့်ပစ်မှတ်ကို **Fight** တာပါပဲတဲ့၊ ဒါပြီးတော့ မင်းတို့က ရန်သူကို အပြီးအပိုင်ချေမှုန်း **Finish** လုပ်ရတာ မဟုတ်လားတဲ့၊ ကိုယ်ကတော့ **Finish** အပြီးအပိုင် ချေမှုန်းလို့ မရဘူး ကိုယ့်လူရေတဲ့၊ နောက်တစ်ယောက် အသစ်ရှာဖို့အတွက် အဲဒီ တစ်ယောက်ကို အပြီးအပိုင်မေ့ **Forget** လိုက်ပြီး ခွာစစ် ဆင်ရတော့တာပဲဟေ့ တဲ့။

မင်းတို့က **F** လေးလုံး၊ ငါက **F** ငါးလုံးပေါ့ကွာတဲ့။

သူပြောတာစဉ်းစားကြည့်တော့ **F** လေးလုံးနဲ့ **F** ငါးလုံးက ဆင်တော့ ခပ်ဆင်ဆင်ပဲလို့ တွေးမိပါတယ်၊ တကယ်တော့ သမီးရည်းစားထားတယ်ဆိုတာကလည်း ညီလေး သိတဲ့ အတိုင်းပေါ့၊ ရင်ခုန်စရာ စစ်ပွဲအသေးစားလေး တစ်မျိုးလို့ဆိုရမှာပါပဲ။

ကိုယ်ကြိုက်တဲ့ ကောင်မလေးကိုတွေ့ပြီ၊ **Target** ပေါ့၊

ဒါဆိုရင် သတင်းစုံစမ်းရတော့တယ်၊ ဘယ်သူ့သမီးလဲ၊ သူ့အမေ၊ အဖေက ဘာလုပ်သလဲ၊ ဘယ်နားမှာနေလဲ၊ ညီအစ်ကိုမောင်နှမတွေ အများကြီးလား၊ မျိုးကောင်း ရိုးကောင်းလား၊ ကျောင်းနေလား၊ ဘယ်နှစ်တန်းလဲ၊ သူ့ အပေါင်းအသင်းတွေက ဘယ်သူလဲ၊ သူ ဘာဝါသနာပါလဲ၊ ဘာကြိုက်တတ်လဲ၊ စသည် စသည်ပေါ့၊ ဒါတွေဟာ သတင်းစုဆောင်းရတာပါပဲ။ **Collecting of information** ပေါ့။

တပ်မှာလည်း ရည်မှန်းချက် နေရာတစ်ခုကိုတိုက်မယ်ဆိုရင် အဲဒီနေရာနဲ့ ပတ်သက်တဲ့ သတင်းကိုစုဆောင်းရပါတယ်။ အဓိက ကတော့ ရန်သူ၊ ရာသီဥတု၊မြေအနေအထားနဲ့ ဒေသခံပြည်သူလူထုပါပဲ။

စောစောကကိစ္စ ပြန်ဆက်ပါ့မယ်၊ မိန်းကလေးရဲ့ အကြောင်းကိုသိတာနဲ့ တစ်ပြိုင်နက် သူနဲ့ ဆက်သွယ်ဖို့ တစ်နည်းနည်း ကြိုးစားရတော့တယ်၊ သူ့ မိတ်ဆွေတွေဆီက တစ်ဆင့်လား၊ သူသွားတတ်လာတတ်တဲ့ နေရာတွေက ဟန်ရေးပြပြီး စောင့်မှာလား၊ သူ့ဆွေမျိုးတွေဆီက တစ်ဆင့်လား၊ သူဝါသနာပါတဲ့ အားကစားတို့၊ အသင်းအဖွဲ့လုပ်ငန်းတို့မှာ ဝင်ရောရင်း ရင်းနှီးအောင်လုပ်မှာလား၊ နည်းအမျိုးမျိုးနဲ့ **Line of approch** ချဉ်းကပ်ဖို့ လမ်းကြောင်းရှာရပါတယ်။

အစ်ကိုတို့တုန်းကတော့ **First Love** ကိစ္စမှာ လူကလည်းငယ်၊ မလုပ်တတ် မကိုင်တတ် ခပ်အူအူအအမို့ **Line**

**of Approch** မှာပြီး ယက်ကန်ယက်ကန်နဲ့ အရပ်ကူပါ လူဝိုင်းပါနဲ့ အတော်ဒုက္ခရောက်ခဲ့ပါတယ်၊ နောက်ဆုံးတော့ အလောင်းဘုရားရဲ့တပ်တွေ အယုဒ္ဓယဝိုင်းသလို နှစ်ရှည်လများ ဝိုင်းပြီးတိုက်တဲ့အခါ အယုဒ္ဓယကျသလို ကိုယ်လည်းဆွေမျိုး အပေါင်းအသင်းတွေနဲ့ ဝိုင်းပါဟ ဝန်းပါဟဆိုပြီး အတင်း ထိုးစစ် ဆင်တဲ့အခါကျမှ အောင်မြင်မှု ရခဲ့ပါတယ်၊ ပြန်စဉ်းစားတော့ ရယ်စရာတော့ အကောင်းသား၊ ဟိုတုန်းကတော့ မရယ်နိုင်ဘူး ညီလေး၊ ည ညဆို အိပ်တောင်မပျော်ဘူး၊ တလူးလူး တလိမ့် လိမ့်နဲ့ ချစ်ဒုက္ခမီး ကြီးလှပြီ အချစ်ရေ ဖြစ်ခဲ့ရပါတယ်၊ ထားပါ တော့။

တိုက်စစ်မှာ ချဉ်းကပ်ရာလမ်းကြောင်းက အရေးကြီး တာ အစ်ကို့အနေနဲ့ လက်တွေ့ပါပဲ၊ အမှန်တော့ ဘွဲ့ရပြီး အလုပ် အကိုင်နဲ့ ဖြစ်လို့ သူ့မိဘသွားတောင်းရင် ဟိုကပေးစားမှာပါ၊ သိမှမသိဘဲလေ၊ ကိုယ့်ဟာကိုယ် ကြိုးစားတော့ အရမ်း ပင်ပန်း သွားတာပေါ့။

ဒီလိုပါပဲ။

တကယ့်စစ်မြေပြင်မှာလည်း ချီတက်ရာလမ်းကြောင်း၊ ချဉ်းကပ်ရာလမ်းကြောင်း ကောင်းကောင်းကိုရွေးမိဖို့ လိုတယ်၊ အဆင့်ဆင့် ခံစစ်ဆင်ထားတဲ့ နေရာတွေ၊ ဟန့်စစ်ဆင်ထားတဲ့ နေရာတွေ မရွေးမိဖို့အရေးကြီးတယ်၊ ဒီလိုနေရာတွေ ရွေးမိ သွားရင် မိမိဘက်က အထိအခိုက်အကျအဆုံးများနိုင်တယ်၊

ရန်သူပြင်ဆင်ချိန် ရနိုင်တယ်၊ ရန်သူ့ပင်မ တပ်ဖွဲ့ကြီး ထွက်ခွာရှောင်တိမ်းသွားနိုင်တယ်၊ အရင်စာတွေမှာပါတဲ့ အတိုင်းပါပဲ၊ မြေအခြေအနေနဲ့ ရာသီဥတုကို ကောင်းကောင်းမသိဘဲ မြေပုံကိုပဲကြည့်ပြီး နပိုလီယံဟာ ရုရှားကိုဝင်တိုက်တယ်၊ ရုရှားတွေဟာ မြို့တော်မော်စကိုကို မြေလှန်စနစ်နဲ့ ဖျက်ဆီးပြီး အရှေ့ဖက်ကို ဆုတ်ခွာသွားကြတယ်၊ ရုရှားမြို့တော် မော်စကိုကို သိမ်းမိပေမယ့်နပိုလီယံဟာ မြို့ပျက်ကြီးသာရတော့တယ်၊ ခွေးတစ်ကောင် ကြောင်တမြီးမှ အရှင်မရဘူး၊ စားစရာ နားစရာ ဗလာနတ္ထိပဲ၊ အဲဒါနဲ့ နပိုလီယံလည်း အလွန်ကြမ်းတမ်းတဲ့ ရုရှားဆောင်းဒဏ်ကို မခံနိုင်ဘဲ ခွာစစ်ဆင်ရတယ်၊ အပြန်ကျတော့ သူ့ရဲ့လူတစ်သိန်းကျော်ပါတဲ့ ပြင်သစ်တပ်မတော်ကြီးဟာ လူသောင်းနဲ့ချီ သေကျေပျက်စီးပြီး ဆုံးရှုံးခြင်းရဲ့ နိဒါန်းကို စမိတော့တာပဲ။

အစ်ကိုတို့လည်း တိုက်စစ်ဆင်တဲ့နေရာမှာ အရင်းအနှီးတွေအများကြီးပေးပြီးမှရတဲ့ အောင်မြင်မှုမျိုးကို ရှောင်ရပါတယ်၊ မလွဲသာမှသာ ဆောင်ရွက်လေ့ရှိပါတယ်၊ ညီလေးအနေနဲ့ နောင်တကယ့်အရေးပါတဲ့ တပ်မှူးကြီးဖြစ်လာတဲ့အခါမှာ ဒါတွေကို ကြိုနားလည်သဘောပေါက်ထားစေချင်ပါတယ်။

တိုက်စစ်ပြီးတော့ ခံစစ်ပါပဲ။

ခံစစ်ဟာ တိုက်စစ်ထက်တော့ လွယ်တဲ့သဘောရှိပါတယ်၊ ကိုယ်က တိုက်သူမှမဟုတ်ဘဲ၊ ခံသူပဲ၊ ပြင်ဖို့ဆင်ဖို့ အချိန်ရတယ်၊ စောင့်ကြိုချောင်းမြှောင်းမယ်၊ အတားအဆီးတွေ လုပ်ထားမယ်၊

ရန်သူကို သတ်နိုင်သမျှသတ်မယ်၊ နောက်ဆုံး မတတ်နိုင်တော့ရင် ခံစစ်ဆင်ရာမှ ခွာတန်သင့်ရင် ခွာသွားမယ်၊ မော်စကိုမြို့ကြီးကိုစွန့်လွှတ်ပြီး ရုရှားတွေ ဆုတ်ခွာသွားသလိုပေါ့။

ဒီနေရာမှာလည်း ချစ်မှုရေးရာကိစ္စလိုပါပဲ၊ယောကျ်ားလေးက တိုက်စစ်၊ မိန်းကလေးက ခံစစ်၊ ယောကျ်ားကကြိုက်တော့ မိန်းကလေးရှိတဲ့နေရာကို လာတာပဲလေ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့၊ အစ်ကိုတို့လည်း လူပျိုကာလသားဘဝက လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင် လုပ်ခဲ့ဖူးပါတယ်၊ အထက်တန်းကျောင်းသားဘဝက ကိုယ်နေတဲ့ မြို့ကလေးမှာ ကိုယ်ကြိုက်တဲ့ ကောင်မလေး အိမ်ရှေ့သွားပြီး

"အိပ်ပြီလားကွယ့် ဖူးပြာမှုယာသူဇာမေရယ် အချစ်ရဲ့ပြဿနာတွေကို ပြေလည်သွားအောင် တစ်ပါးခင်ကညာရယ်နားဆင်စရာကွယ် မောင့်သီချင်းလေးနဲ့ ခင့်ကိုဆိုပြမယ်"

လို့ သံသေး သံကြောင်နဲ့ အော်ခဲ့ ဟစ်ခဲ့ဖူးတယ်၊ ခွေးနဲ့ရှူးတိုက်ခံရဖူးတယ်၊ အိမ်ဝင်းထဲက အစောင့်တွေကအတင်းလိုက်လို့ ပြေးခဲ့ရဖူးတယ်။

တက္ကသိုလ်ကျောင်းသားဖြစ်လာတော့ ကျောင်းသူတွေရဲ့ သီရိဆောင်နဲ့ မာလာဆောင်က ရေတမာပင်တွေအောက်၊ ရတနာဆောင်နဲ့ အင်းလျားဆောင်က ကန့်ကော်ပင်တွေအောက်မှာ ဒုံမင်းတို့ တယောတို့နဲ့ ပြည်လှဖေရဲ့ ပပဝင်း၊ ကခွန၊ သက်ဝေတို့၊ ခေတ်ပေါ်ထဲက ကိုမင်းနောင်ရဲ့ တက္ကသိုလ်ကျောင်းသူ

တစ်ဦးတို့ တွဲတေးသိန်းတန်ရဲ့ ချစ်ရက်ရှည်ရှည်အင်းလျားမြေတို့ မောင်မောင်ညွှန့်ရဲ့ ပွင့်ဦးတို့၊ သစ္စာတို့ ဝင်းဦးရဲ့ မီးပုံပွဲတို့၊ စတာတွေကို မတောက်တခေါက် မတတ်တတတ်နဲ့သွားပြီး ဆိုခဲ့ဖူးပါတယ်၊ ဒါပါပဲ၊ ယောက်ျားသဘာဝပဲလေ၊ တိုက်စစ် ဆင်တာပေါ့၊ ထိုးစစ်ဆင်တာပေါ့။

ခံစစ်ရှင်ကတော့ အေးအေးဆေးဆေးပါပဲ၊ အိမ်ထဲက နေပြီး လှမ်းကြည့်မယ်၊ ပန်းခြံကွယ်က ချောင်းကြည့်မယ်၊ တက္ကသိုလ်ကျောင်းသူဖြစ်ရင် အဆောင်စောင့်ကို လက်ဖက်ရည်တို့ လက်ဖက်သုပ်၊ ဂျင်းသုပ်တို့ ရေခဲမုန့်တို့ ပို့ခိုင်းပြီး ဘာသီချင်းလေးဆိုပြပါ၊ နားထောင်ချင်လို့ပါဆိုပြီး စာတိုလေး ပေးလိုက်မယ်၊ စသည် စသည်ဖြင့် စစ်ကစားတော့တာပါပဲ။

သူက ခံစစ်သမားဆိုတော့ အရံအတားခြံစည်းရိုးတွေရှိတယ်၊ အိမ်စောင့် အဆောင်စောင့်တွေရှိတယ်၊ မိဘမောင်ဖွားတွေရှိတယ်၊ အဆောင်ကျူတာတွေ ဝါဒင်တွေရှိတယ်၊ သူ့အတွက် ခံစစ်နဲ့ဆိုင်တဲ့ အထောက်အကူတွေ သဘာဝအတားအဆီးတွေ လူလုပ်အတားအဆီးတွေ အပြည့်အစုံပါပဲ။

အစ်ကိုတို့ စစ်သားတွေအတွက်လည်း ခံစစ်ဆင်ရာမှာ ညီလေးကြားဖူးချင်လည်း ကြားဖူးပါလိမ့်မယ်၊ စိမ်ချက်တွေရှိတယ်။

တပ်တားပစ်လုံ တန် အုပ်ဆက်တဲ့။
တပ်ချထားရေးစိမ်ချက်။

မြရတနာစာပေ

အတားအဆီးချထားရေးစီမံချက်။
ပစ်ခတ်မှုစီမံချက်။
လုံခြုံမှု စီမံချက်။
တန်ပြန်တိုက်ခိုက်ရေးစီမံချက်။
အုပ်ချုပ်မှုစီမံချက်။
ဆက်သွယ်ရေးစီမံချက် ဆိုတာတွေပါပဲ။

ဒါတွေပြည့်စုံမှ ခံစစ်ကို ကောင်းစွာဆင်နိုင်မှာပါ၊ ဒီနေရာမှာ အစ်ကိုလေ့လာခဲ့ဖူးတဲ့ ပြင်သစ်နဲ့ ဗီယက်နမ်တွေရဲ့ ဒင်ဗင်ဖူး တိုက်ပွဲအကြောင်းလေး နည်းနည်းပြောချင်တယ်။

၁၉၅၄ မှာ ပြင်သစ်တွေဟာ ဗီယက်နမ်အနောက်မြောက်ပိုင်းက ဒင်ဗင်ဖူးမှာ လူပေါင်းတစ်သောင်းကျော်နဲ့ နာဗာစီမံချက်ဆိုပြီး ခံစစ်ဒေသကြီးတည်ဆောက်ခဲ့တယ်၊ အဲဒါကို ဟိုချီမင်းနဲ့ ဗိုလ်ချုပ်ကြီး ဘိုငုယင်ဂီယက်ခေါင်းဆောင်တဲ့ ဗီယက်မင်းတွေက ဝိုင်းတိုက်ကြရာမှာ စောစောကပြောတဲ့ စီမံချက်တွေမပြည့်မစုံဖြစ်ပြီး နောက်ဆုံးတော့ လုံးဝမထင်ရတဲ့ အာရှသားလူပုကလေးတွေက ခေတ်မှီပြီး လက်နက်ကိရိယာ ပြည့်စုံပါတယ်ဆိုတဲ့ ဥရောပသား လူရှည်ကြီးတွေကို အနိုင်ရလိုက်တာပါပဲ၊ ဗီယက်မင်းတို့လက်ထဲ ဒင်ဗင်ဖူးခံတပ်ကြီး ကျဆုံးပြီး ဗိုလ်ချုပ်ဒီကက်စထရီနဲ့ စစ်သားတစ်သောင်း ဗီယက်မင်းတို့လက်ထဲ သုံ့ပန်းအဖြစ်ကျရောက်ခဲ့တယ်။

ဒင်ဗင်ဖူးခံတပ်မှာ အလွန်အားနည်းတာကတော့

ဆက်သွယ်ရေးစနစ်၊ အုပ်ချုပ်မှုကိစ္စ၊ တန်ပြန်တိုက်ခိုက်ရေးနဲ့ ပစ်ခတ်မှုစီမံချက်တွေပဲဖြစ်ပါတယ်၊ လေကြောင်းအကဲသာမှုကို အလွန်အားကိုးတဲ့ ပြင်သစ်တွေကို ဗီယက်မင်းတွေက လေကြောင်း ကင်းထောက်လို့ ခက်ခဲတဲ့ဗီယက်နမ်မိုးအစမှာပဲ ထိုးစစ်ဆင်ခဲ့တယ်၊ လေကြောင်း ပစ်ကူပေးမှုနဲ့ ပုံးချတာကိုခံနိုင်ဖို့ ဗီယက်မင်းတွေက ပစ်ကျင်းနဲ့ ကတုတ်ကျင်းအရှည်ကြီးတွေတူးပြီး နေရာယူတိုက်စစ်ဆင်ခဲ့တယ်၊ ပြင်သစ်တွေရဲ့ လေယာဉ်ကွင်းကိုလည်း အမိအရ သိမ်းနိုင်အောင် ကြိုးစားတယ်၊ လေယာဉ်ကွင်းတစ်ဝိုက်ကိုလည်း အမြောက်ကျည်ဆန်တွေ မိုးရွာချသလို ပစ်ခတ်ထားခဲ့တယ်၊ လေကြောင်းကလည်း ဟုတ်တိပတ်တိအကူ အညီမပေးနိုင်၊ ရာသီဥတုကလည်း အလွန်ဆိုးဝါး၊ တဖြည်းဖြည်း ထိခိုက်ရှနာ ဒဏ်ရာရသူတွေကလည်း များလာ၊ အသေအပျောက် သိပ်များလာတော့ ရဲဘော်တွေရဲ့ စိတ်ဓာတ်ကလည်း တဖြည်းဖြည်းချွတ်ခြုံကျလာပြီး နောက်ဆုံးတော့ လွတ်လပ်ရေးအတွက် တရားသောစစ်ပွဲဆင်နွှဲနေတဲ့ ဗီယက်နမ်တွေဆီမှာ နယ်ချဲ့ပြင်သစ်တို့ လက်နက်ချခဲ့ရပါတယ်။

ခံစစ်မှာ စိတ်ဓာတ်ကောင်းဖို့ သိပ်လိုပါတယ်၊ ခံစစ်သေသို့မဟုတ် မဆုတ်တမ်း ခံစစ်မှာ စိတ်ဓာတ်အရေးကြီးတယ်၊ စိတ်ဓာတ်ညံ့ရင် မဆုတ်တမ်းခံစစ်က ထွက်ပြေးမယ်၊ လက်နက်ချမယ်ပေါ့၊ ဒါ့ကြောင့် ခံစစ်ဆင်ရာမှာ စိတ်ဓာတ်ကောင်းအောင်

အဘက်ဘက်ကပြည့်စုံအောင် ပြင်ဆင်ထားရမှာပါ၊ လူထပ်ဖြည့်နိုင်ဖို့ ပစ်ကူစစ်ကူပေးနိုင်ဖို့ အစစအရာရာလိုပါတယ်။

နောက်ဆုံးကတော့ ခွာစစ်ပါပဲ။

ခံစစ်ဆင်နေရာက မနိုင်ရင် ခွာစစ်ဆင်ရမှာပါ၊ အကြီးအကျယ်ဆုံး ခွာစစ်တွေကတော့ ဒုတိယကမ္ဘာစစ်က မြန်မာပြည်ကို ဂျပန်တွေဝင်တိုက်တော့ အင်္ဂလိပ်တွေ မြန်မာပြည်ထဲက ခွာတဲ့ခွာစစ်ပါပဲ၊ အထိအခိုက် အကျအဆုံး အရှုံအနာအနည်းဆုံးနဲ့ ခွာနိုင်အောင် ကြိုးစားပြီး ဗိုလ်ချုပ်ကြီးစလင်းဦးစီးတဲ့ အင်္ဂလိပ်တပ်တွေက မြန်မာနိုင်ငံထဲက ခွာသွားခဲ့နိုင်ပါတယ်၊ ဒါကို အောင်မြင်စွာ ဆုတ်ခွာခြင်းလို့လည်း ခေါ်ခဲ့ကြတယ်၊ ရှုံးလို့ ပြေးတာမဟုတ်ဘူး၊ နောက်တစ်ချီ ပြန်ထိုးနိုင်အောင် ရှေ့တက်မယ့်ဆင် နောက်တစ်လှမ်း ဆုတ်တာပါလို့ အင်္ဂလိပ်တွေက ဆိုခဲ့တယ်။

တကယ်လည်း အင်္ဂလိပ်တွေဟာ ခွာစစ်ကို ကောင်းကောင်းဆင်နိုင်ခဲ့တယ်၊ ဒါကြောင့် ၁၉၄၄ အင်ဖာထိုးစစ်ကြီး ပြီးဆုံးသွားလို့ ဂျပန်ကို မြန်မာပြည်က ပြန်မောင်းထုတ်တဲ့အခါမှာ အင်္ဂလိပ်တွေဟာ စနစ်တကျနဲ့ အရင်ကခြိုးခြံထားတဲ့အင်အားတွေနဲ့ စုပေါင်းပြီး ဂျပန်ကို ပြန်တိုက်ခဲ့တယ်၊ အဲဒီမှာလည်း အဆိုးဝါး ဆုံးဖြစ်တဲ့ ဂျပန်ဗိုလ်ချုပ်ကြီး ကဝါဘီရဲ့ ခွာစစ်တွေကို တွေ့ရတယ်၊ ဂျပန်တွေဟာ စိတ်ဓာတ်အလွန်ကောင်းခဲ့ကြသော်လည်း မျက်ကန်းမျိုးချစ်စိတ်နဲ့ အုပ်ချုပ်မှုကိစ္စတွေကို လျစ်လျူရှုခဲ့

တာကြောင့် စစ်ပွဲအဆုံးသတ်မှာ အရှုံးကြီးရှုံးခဲ့ကြ တယ်။ ဒီ ခွာစစ်မှာ ဂျပန်စစ်သားပေါင်း ရှစ်သောင်းလောက် ကျဆုံးသွား ခဲ့ပြီး ဂျပန်ရဲ့ မြန်မာပြည်တပ်မတော်ဟာ စိစိညက် ညက်ကျေ အောင် ချေမှုန်းခံခဲ့ရတယ်၊ ဒါကြောင့် ခွာစစ်ဟာ အလွန်ခက် လှပါတယ်၊ အားလုံးထဲမှာ ခွာစစ်က အခက်ဆုံးပါ။

ဒီလိုပါပဲ၊ ချစ်မှုရေးရာမှာလည်း ခွာစစ်ကခက်တယ်၊ ထိုးစစ်က လွယ်တယ်၊ တိုက်စစ်က လွယ်တယ်၊ ကိစ္စ ဝိစ္စတွေပြီး တော့ ခွာချင်ရင်ခက်တယ်၊ ကပ်နေတတ်တယ်၊ မခွာဘဲအတူ နေကြမယ်ဆိုရင်တော့ ကိစ္စမရှိဘူးလေ ရပါတယ်၊ ခွာချင်ရင် တော့ မလွယ်ဘူး ဆရာရေ၊ ပြဿနာပေါင်း သောင်းခြောက် ထောင်နဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ခွာစစ်မှာ အောင်မြင်အောင် လုပ်နိုင်ရင် အဲဒီလူကို လူတော်လို့ သတ်မှတ်ရမှာပေါ့၊ ညီလေး ရော ဘယ်နှစ်ခါ အောင်မြင်စွာ ခွာစစ်ဆင်ခဲ့ပြီးပြီလဲ။

ကဲ ဒါပါပဲ ညီလေးရေ၊ ဒီစာမှာတော့ ညီလေး သဘော ပေါက်အောင် လွယ်တွေနားလည်မယ့် ဥပမာနဲ့ တင်စား လိုက် တာကိုတော့ သဘောပေါက် ခွင့်လွှတ်ပေးပါလို့ ပြောပါရစေ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ



ဒီလို အသေအချာ နေရာယူထားမှ ရမယ်



လက်နက်ကြီးတွေ ကျနေပြီ ဟေ့၊ သတိ သတိ



ခပ်လှမ်းလှမ်းမှာ ရန်သူတွေနေပြီ

မြရတနာစာပေ



ကြိုးတင်စီစဉ်တဲ့ တိုက်စစ်နဲ့ခံစစ်မှာ
ဒီလို တိုက်မိုင်းနဲ့ နင်းမိုင်းတွေ ထောင်ထားရတယ်

မြရတနာစာပေ

# အစ်ကိုတို့စစ်သား (၇)

## စစ်အောင်ရာသော အကြောင်းကြီးများ

ညီလေး

ဒီစာမှာတော့ စစ်အောင်ရာသော အကြောင်းကြီးများကိုပြောချင်တယ်၊ စစ်ဆိုတာလည်း မတိုက်ရင်နေရော၊ တိုက်ရင်လည်းနိုင်မှ၊ တိုက်ရင်နိုင်ဖို့ဆိုတာ စစ်အောင်ရာသော အကြောင်းတရားကြီးတွေနဲ့ ညီညွတ်ဖို့လိုတယ်၊ စစ်အောင်ရာသော အကြောင်းတရားကြီးများ ဆယ်ခုကျော်လောက်ရှိတယ်လို့ အစ်ကိုမှတ်သားခဲ့ဖူးပါတယ်၊ ဟိုတုန်းကတော့ ကဗျာလေးနဲ့ မှတ်ခဲ့တယ်၊ အဲဒီကဗျာလေးက

"ရည်၊ စိတ်၊ စစ်၊ အင်၊ လျှပ်၊ တိုက်ဆင်၊ ပြောင်းပြင်၊ ပူး၊ လုံ၊ သတင်းစုံ၊ တစ်ဖုံငိုက်အုပ် ခေါင်းကချုပ်" တဲ့။

အရှည်ကတော့ အောက်ပါအတိုင်းပါပဲ။

ရည် - ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း။
စိတ် - စိတ်ဓာတ်ကောင်းမွန်ခြင်း။
စစ် - စစ်အင်အားကို တစ်စုတည်းသုံးခြင်း။
အင် - အင်အားကို ခြိုးခြံချွေတာခြင်း။
လျှပ် - လျှပ်ရှားမှုရှိခြင်း။

တိုက် - တိုက်စစ်ဆင်စွမ်းခြင်း။
ပြောင်း - ပြောင်းလွယ် ပြင်လွယ်ရှိခြင်း။
ပူး - ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း။
လုံ - လုံခြုံမှုရှိခြင်း။
သတင်း - သတင်းစုံစွာရယူခြင်း။
ငိုက် - အငိုက်ဖမ်းနိုင်ခြင်း။
အုပ် - အုပ်ချုပ်မှုကောင်းမွန်ခြင်းနဲ့

နောက်ဆုံးတစ်ချက်ကတော့ ပြည်သူများ မိမိဘက်တွင်ပါဝင်ခြင်း စသည်တို့ဖြစ်ပါတယ်။

အဲဒီအချက်တွေဟာ တစ်ခုနဲ့ တစ်ခုကတော့ ရောနေပါတယ်၊ ခွဲခြားလို့မရတာတွေရှိတယ်၊ ဘာပဲဖြစ်ဖြစ် စစ်တိုက်တော့မယ်ဆိုရင် တိကျတဲ့ ရည်ရွယ်ချက်ကတော့ ရှိရမယ်၊ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြတဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစတဲ့ ဘုရင်တွေဟာ တိကျတဲ့ရည်ရွယ်ချက် ရည်မှန်းချက်တွေရှိတယ်၊ သူတို့ရဲ့ ရည်ရွယ်ချက်ကတစ်လုံးတစ်စည်းထဲသော မြန်မာနိုင်ငံတော်ကြီး ပေါ်ထွက်ရေးပဲဖြစ်တယ်၊ ဒါကို သူတို့တတွေ နေ့မအားညမနား အားထုတ်ခဲ့တယ်၊ ဒီလိုအားထုတ်ရင်း အလောင်းဘုရားဆိုရင် စစ်မြေပြင်မှာပဲ ကွယ်လွန်ခဲ့ရတယ်၊ ဒီဘုရင်တွေ ဒီလို သံမဏိဒွာန်စိတ်နဲ့ လုပ်ခဲ့ကြလို့ မြန်မာ့သမိုင်းမှာ မြန်မာနိုင်ငံတော်ကြီး ထင်ထင်ရှားရှား ပေါ်ပေါက်ခဲ့ရတာပဲ၊ ဒီလိုပါပဲ လွတ်လပ်ရေးရဖို့ ကြိုးပမ်း

တဲ့နေရာမှာလည်း တို့မြန်မာတွေဟာ ပထမအင်္ဂလိပ် လက်အောက်ကလွတ်ဖို့၊ ဒုတိယ ဂျပန်လက်အောက်က လွတ်ဖို့ မှန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ ကြိုးပမ်းခဲ့ကြတယ်၊ ဒါ့ကြောင့်လည်း ပြည်သူတို့ရဲ့ တစ်ခဲနက်ထောက်ခံမှုကိုရပြီး အောင်မြင်ခဲ့တာ မဟုတ်လား။

ရည်ရွယ်ချက်ကကောင်းမှ တိကျခိုင်မြဲမယ်၊ မကောင်းရင်တော့ တိကျခိုင်မြဲမှုမရှိဘူး၊ တရားသော စစ်ကိုဆင်နွှဲရင် ကောင်းမယ်၊ တရားသော စစ်မဟုတ်ရင်တော့ မကောင်းဘူး၊ ဒါ့ကြောင့် နယ်ချဲ့စစ်ပွဲတွေဟာ ရှုံးနိမ့်သွားပြီး လွတ်မြောက်ရေး စစ်ပွဲတွေဟာ အနိုင်ရသွားကြတာဖြစ်ပါတယ်၊ ရည်ရွယ်ချက်ကောင်းတဲ့အခါ စိတ်ဓာတ်ကလည်း ကောင်းလာတတ်ပါတယ်၊ ရည်ရွယ်ချက် မကောင်းရင် စိတ်ဓာတ်လည်း မကောင်းနိုင်ပါဘူး၊ ဒုတိယကမ္ဘာစစ်က နယ်ချဲ့စစ်ပွဲဆင်နွှဲခဲ့တဲ့ ဝင်ရိုးတန်းနိုင်ငံတွေဟာ အများရဲ့ ထောက်ခံမှု မရခဲ့ဘဲ စိတ်ဓာတ်တွေပါပြိုလဲပြီး အရေးနိမ့်ခဲ့ရတယ်၊ တရားသောစစ်ကိုဆင်နွှဲနေတာယုံကြည်တဲ့အတွက် မဟာမိတ်တွေအောင်ပွဲခံခဲ့တယ်၊ အလားတူပါပဲ၊ ဗီယက်နမ်မှာ ၁၉၅၄ က ဖြစ်ခဲ့တဲ့ ပြင်သစ် ဗီယက်နမ်စစ်ပွဲ၊ ၁၉၇၅ မှာဖြစ်တဲ့ ဗီယက်နမ် တောင်နဲ့မြောက် တိုက်ပွဲတွေမှာ တရားတဲ့ဘက်က အနိုင်ရခဲ့တယ်၊ ဘယ်လောက်ပဲ နည်းပညာတွေမြင့်နေပါစေ၊ စစ်မှာပါဝင်တဲ့ လူတွေက သူတို့တိုက်နေတဲ့ စစ်ပွဲကို ယုံကြည်မှုမရှိတော့တာနဲ့ ဒီတိုက်ပွဲရှုံးတော့တာပါပဲ၊

ဒီ သာဓကကို အမေရိကန်နဲ့ ပြင်သစ်တို့က ပြသွားပါတယ်။

နောက်တစ်ခုကတော့ အောင်မြင်မှုရအောင် တိုက်တဲ့အခါမှာ ပြောက်ကျားပါရဂူ မော်စီတုန်းကတော့ ရန်သူတစ်ဆကို မိမိဆယ်ဆနှင့် တိုက်ရမယ်လို့ဆိုခဲ့တယ်၊ အစ်ကိုတို့ ငယ်ငယ်က သင်ခဲ့ရတာတော့ တိုက်စစ်မှာ ရန်သူတစ်ဆကို အနည်းဆုံး မိမိသုံးဆဆိုရင် လုံလောက်ပါသတဲ့၊ တကယ်တော့ ရန်သူကို အပြီးပိုင် ချေမှုန်းဖို့ဆိုတာ အဲဒီလို အင်အားသုံးလေးဆပါမှ ချေမှုန်းလို့ရမှာ ဖြစ်ပါတယ်၊ အဲဒါကြောင့် တိုက်စစ်မှာ အင်အားကို စုစည်းအသုံးပြုရပါတယ်၊ ဒါကြောင့်လည်း ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးဆိုတာ ပေါ်လာတယ်၊ ဟိုတုန်းကတော့ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်ပေါ့၊ အခုခေတ်ကတော့ ပူးပေါင်းစစ်ဆင်ရေးမှာ အမြောက်တို့ သံချပ်ကာတို့ပါ ပါဝင်ပြီး တိုက်နိုင်ဖို့က အရေးကြီးပါတယ်၊ အထူးသဖြင့် သဲကန္တာရ စစ်ပွဲတွေမှာ အမြောက်တွေ သံချပ်ကာတွေက အခရာပေါ့၊ ဒုတိယကမ္ဘာစစ်တုန်းက ခြေလျင်တပ်နဲ့ ယန္တရားတပ်တွေရောထားတဲ့ ဂျာမန်တို့ရဲ့ **Panzar Division** ပန်ဇာတပ်မတွေဟာ နာမည်ကြီးတွေပေါ့၊ အဲဒီ တပ်တွေမှာ မော်တော်ယာဉ်တွေ ပါတယ်၊ မော်တော်ဆိုင်ကယ်တွေပါတယ်၊ သံချပ်ကာ ကားတွေ ပါတယ်၊ အဲဒါတွေနဲ့ လျှပ်တစ်ပြက်ထိုးစစ်ဆင်တဲ့ အခါမှာ ဂျာမန် တွေဟာ ကနဦးအစမှာ အောင်ပွဲတွေ လျင်မြန်စွာ ရသွားခဲ့တယ်။

အလားတူပဲ ဂျပန်တွေဟာ မလေးကျွန်းဆွယ်တိုက်

တုန်းက စက်ဘီးစီးတဲ့ တပ်တွေသုံးခဲ့တယ်၊ ခြေလျင်တပ်နဲ့ စက်ဘီးတပ်သားတွေပေါင်းပြီး ရေနဲ့လေက ပစ်ကူတွေနဲ့ မလေးကျွန်းဆွယ်ကို ရက်ပေါင်းတစ်ရာနဲ့သိမ်းမယ်လို့ သတ်မှတ်သော်လည်း (၅၅)ရက်နဲ့ အရ တိုက်သွားနိုင်ခဲ့တယ်၊ ဒါက သိသာတဲ့ သက်သေ သာဓကတွေပါ။

နောက်တစ်ခုကတော့ စစ်အင်အားကို ခြိုးခြံချွေတာတာဖြစ်ပါတယ်၊ ဒါက အရန်ထားတဲ့သဘောပါ၊ အရန်မရှိရင် ဒုက္ခရောက်သွားနိုင်တယ်၊ လိုအပ်ရင် ထပ်ဖြည့်ဖို့ လက်ထဲမှာ အရန်ထားရတယ်၊ မရှိရင်ရှိအောင်လုပ်ထားရတယ်၊ အရောင်းအဝယ် သဘောပါပဲ၊ ကုန်သည်တွေမှာ အရောင်းအဝယ်လုပ်တဲ့အခါ အရန်စုဆောင်းငွေရှိ ရတယ်၊ ကြက်ရေး ငှက်ရေးကြရင် ထုတ်သုံးဖို့ အရန်မရှိရင် ဟိုကချေး ဒီကငှားနဲ့ အရှုံးပေါ်သွားနိုင်တယ်၊ အတိုးတွေ ပေးရလိမ့်မယ်၊ အမြတ်ရသင့်သလောက် မရဘူး၊ ဒီသဘောပါပဲ၊ ဒါ့ကြောင့် အင်အားကို ခြိုးခြံချွေတာပြီး အရေးဟဲ့အကြောင်းဟဲ့ဆိုရင် ထုတ်သုံးဖို့ အရန်ထားရပါမယ်။

နောက်တစ်ခုကတော့ လျှို့ဝှက်မှုရှိခြင်းပဲ၊ လျှို့ဝှက်မှုရှိခြင်းဆိုတဲ့နေရာမှာ မလိုလားအပ်ဘဲ ငြိမ်နေရင် လူကကြောက်သွားတတ်တယ်၊ ဒါကြောင့် ခံစစ်မှာပဲဖြစ်ဖြစ် တိုက်စစ်မှာပဲဖြစ်ဖြစ် လျှို့ဝှက်မှု လိုအပ်တယ်၊ လျှို့ဝှက်စစ်ကစားခြင်းဖြင့် အကျိုးအမြတ်များ ရနိုင်တယ်၊ ဒါပေမယ့် လျှို့ဝှက်မှုတစ်ခုကို

မပြုမီ လေးနက်စွာစဉ်းစားကြံဆပါလို့ စစ်ပညာရှင်ဆန်ဇုတာဆို တယ်၊ ဒါ့အပြင် ဆန်ဇုက အောက်ပါအတိုင်း ထပ်ပြောတယ်။

"သင်၏ လျင်မြန်မှုကို လေပြင်းမုန်တိုင်းနှင့် အလားသဏ္ဍာန်တူစေပြီး၊ သင်၏ အင်အားကိုမူကား သစ်တောအုပ်ကဲ့သို့ သိပ်သည်းကျစ်လျစ်စွာ စုစည်းထားနိုင်ပါစေ၊ ထိုးနှက် တိုက်ခိုက်ရာတွင် မီးကဲ့သို့လည်းကောင်း၊ မလှုပ်မယှက် ငြိမ်သက်ရာတွင် တောင်ကဲ့သို့လည်းကောင်း ဖြစ်ပါစေ၊ သင်၏ စီမံချက်များကို ထိုးဖောက်မမြင်နိုင်သောည အမှောင်ထုကဲ့သို့ လျှို့ဝှက်သိပ်သည်းစွာ စောင့်ရှောက်ပါ၊ လှုပ်ရှားချီတက်ဖို့ဆိုသောအခါ မိုးကြိုးသွားကဲ့သို့ ပြင်းထန်လျင်မြန်ပါစေ"

နောက်တစ်ခုကတော့ တိုက်စစ်ဆင်စွမ်းခြင်းဖြစ်ပါတယ်၊ အင်္ဂလိပ်လိုတော့ **Fighting Spirit** ပေါ့၊ စစ်သားဆိုတာ တိုက်ချင်ခိုက်ချင်စိတ် ရှိရတယ်၊ မပျင်းရဘူး၊ မပျင်းအောင်လည်း သူ့ဟာနဲ့သူ လုပ်ထားတယ်၊ အဲဒီလိုမှ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် တိုက်စစ်ဆင်နိုင်မယ်၊ ဒါကြောင့် သာမန်စစ်သားတွေတင်မဟုတ်ဘူး၊ တစ်နိုင်ငံလုံး ပြည်သူတွေကို စစ်စည်းရုံးပြီးတော့ ပြည်သူ့စစ်အသွင်လုပ်ထားတယ်၊ စစ်ရေးလေ့ကျင့်ထားတယ်၊ အဲဒီလို စွမ်းရည်ရှိရင် ဘယ်နိုင်ငံကမှ ကိုယ့်ကိုမစော်ကားနိုင်တော့ဘူး၊ ဒါမျိုးကို ဟိုတုန်းက ဆွစ်ဇာလန်နိုင်ငံက ကျင့်သုံးပြီး အခုခေတ်မှာတော့ အစ္စရေးနိုင်ငံတ

ကျင့်သုံးတယ်၊ ဒါကြောင့် အစ္စရေးဟာ အာရပ်နိုင်ငံတွေ အလယ်မှာ ရပ်တည်နေနိုင်တယ်၊ အဲဒီလိုမှမဟုတ်ရင် ပျောက်သွားတာကြာပြီ။

စစ်ဆိုတာ တရားသေ သတ်မှတ်လို့မရဘူး၊ အချိန်နဲ့အချိန်အခါကိုလိုက်ပြီး ပြောင်းလဲဖို့လိုတယ်၊ ခံစစ်ကနေ ထိုးစစ်ကို ပြောင်းရမယ်၊ ရန်သူအခြေ မဟန်တာမြင်တာနဲ့ တန်ပြန်တိုက်စစ်ဆင်ရမယ်၊ ဆုတ်သွားတဲ့ ရန်သူ့နောက် လိုက်တန်ရင်လိုက်ရမယ်၊ ကိုယ့်ကိုစော်ကားလာတဲ့ လူတွေကို မှတ်လောက်သားလောက်အောင် ဆုံးမပေးရမယ်၊ တစ်ခါ ခံစစ်ဆင်နေရာကအခြေအနေမဟန်ရင် တပ်လုံးပြုတ် အခြေမှုန်း မခံဘဲ ခွာစစ်ဆင်သင့်ရင် ဆင်ရမယ်၊ ဒုတိယကမ္ဘာစစ်က ဂျပန်နဲ့ ဂျာမန်တွေစစ်ရှုံးသွားတာ တရားသေဝါဒကို ဆုပ်ကိုင်လို့၊ ရတဲ့နေရာတွေကိုလက်မလွှတ်ချင်တဲ့ **Positional Attack** ကြောင့်ပဲ၊ ဒါကြောင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်ဖို့ အရေးကြီးပါတယ်။

စစ်မြေပြင်မှာ **Cooperation** နဲ့ **Coordination** လို့ခေါ်တဲ့ ပေါင်းစပ်ခြင်းနဲ့ ညှိနှိုင်းခြင်းလုပ်ဖို့လိုတယ်၊ သူတစ်လူငါတစ်မင်းဆိုရင် အောင်ပွဲမရနိုင်ဘူး၊ ဒုတိယကမ္ဘာစစ်က ဂျပန်ကြည်းတပ်နဲ့ ရေတပ် မတည့်ဘူး၊ အပြိုင်အဆိုင်ပဲ၊ ဘုရင့်ဆီက မျက်နှာသာရအောင် အပြိုင်အဆိုင်ကြိုးစားကြတယ်၊ ဂျပန်မှာ လေတပ်မရှိဘူး၊ ကြည်းတပ်ရဲ့ လေတပ်နဲ့ ရေတပ်ရဲ့လေတပ်ပဲရှိတယ်၊ အဲဒီ လေတပ်နှစ်ခုကလည်း မတည့်ဘူး၊ ဗမာ့

လွတ်လပ်ရေးတပ်မတော်က ဂျပန်ကြည်းတပ်ရဲ့ လေတပ်မှာ သင်တန်းသွားတက်တော့ ဂျပန်ရေတပ်ရဲ့ လေတပ်က ဂျပန် အရာရှိတွေနဲ့ တွေ့တဲ့အခါ

"ဟော့ကောင်တွေ၊ မင်းတို့က ကြည်းတပ်က အနုပ်စုတ် ဂုတ်စုတ်လေတပ်မှာ လေယာဉ်မောင်း လာသင်ရသလား၊ ဒီကောင်တွေက အလကားကောင်တွေပါ၊ မင်းတို့က ဘာ အထင်ကြီးနေတာလဲ၊ ငါတို့ဆီ လာသင်ရောပေါ့"

လို့ ပြောကြောင်း ဗိုလ်ညဏ်မောင်ရေးတဲ့ ဂျပန်ခေတ် လေကြောင်း ပညာတော်သင်တစ်ဦး စာအုပ်မှာ ပါပါတယ်၊ ညီလေး ရှာဖတ်ကြည့်ပေါ့ကွာ။

စစ်မှုရေးရာမှာ လုံခြုံမှုက အရေးကြီးပါတယ်၊ ဒါကြောင့် အရေးကြီးတာတွေကို မပေါက်ကြားဖို့လိုတယ်၊ လျှို့ဝှက်ထားဖို့ လိုတယ်၊ ဒါကြောင့် လုံခြုံမှုရှိဖို့ လိုတယ်၊ လုံခြုံမှု ရှိအောင် နည်းမျိုးစုံသုံးရပါတယ်၊ ကြေးနန်းတွေဆိုရင် ဝှက်စာနဲ့ ပို့ရတယ်၊ ဝှက်စာတွေပေါက်ကြားရင် အသက်တွေအများကြီး သေနိုင် တယ်၊ ဂျပန်ရေကြောင်းဗိုလ်ချုပ်ကြီးယာမာမိုတို ကျဆုံးသွားခဲ့ရ တာလည်း ဝှက်စာပေါက်ကြားသွားလို့၊ လုံခြုံမှုပေါက်ကြား သွားလို့ ကြားဖြတ်တိုက်ခံရပြီး ကျဆုံးသွားရတာဖြစ်တယ်။

**No Information No Operation** တဲ့ ညီလေး၊ သတင်းမရရင် ဘာမှ လုပ်လို့မရဘူး။

ဘက်ပေါင်းစုံက သတင်းရဖို့ လိုတယ်၊ ရန်သူမရှိပါဘူး

ဆိုပြီး သွားတဲ့နေရာ ရန်သူက စောင့်ကြို ချုံခိုတိုက်လို့ ထိခိုက်ကျဆုံးသွားတာတွေ အများကြီးပဲ၊ အစ်ကို ဗိုလ်ပေါက်စ လေးဘဝက မအူမလည်နဲ့ ဘာသတင်းမှမရလို့ စခန်းဘေးက ရွာတစ်ရွာကို ရဲဘော်နှစ်ယောက်နဲ့ သွားခဲ့မိတယ်၊ ရန်သူလေးငါးဆယ်ယောက်က ရွာထဲမှာအနီးကပ်ဝိုင်းပစ်ကြတာခံရတယ်၊ မိန်းမရခါစ သားအကြီးလေး ကိုယ်ဝန်ရှိခါစ ကံကောင်းလို့ မသေတယ်၊ သားက အဖေတောင် မမြင်ဖူးဘူးဖြစ်သွားတော့မလို့၊ ဒါတာ သတင်းမရတဲ့ အကျိုးဆက်ပါပဲ၊ အဲဒါကြောင့် နောင်အခါ ဘယ်သွားသွား၊ ဘယ်လာလာ သတင်းစုံစွာ ရယူရေးကို အမြဲဦးစားပေးခဲ့ပါတယ်၊ ဒါ အစ်ကို့ရဲ့ ကိုယ်တွေ့ပါ။

စစ်ပွဲမှာ အလွန်အရေးကြီးတဲ့ အချက်တစ်ချက်က အငိုက်ဖမ်းနိုင်ခြင်းပါပဲ၊ ဂျပန်တွေဟာ ဒုတိယကမ္ဘာစစ်မှာ ပုလဲဆိပ်ကမ်းကို အငိုက်ဖမ်းပြီး တိုက်ခိုက်ခဲ့တယ်၊ အမေရိကန်တွေရဲ့ ပစိဖိတ်ရေတပ်ကြီးကို ချေမှုန်းနိုင်ခဲ့တယ်၊ ဒါကြောင့် စစ်ပွဲအစပိုင်းမှာ အများကြီး အသာစီးရခဲ့တယ်၊ နောက်ပိုင်းမှ ခနအင်အားမယှဉ်နိုင်လို့ စစ်ရှုံးခဲ့ရတယ်၊ ဂျာမန်တွေလည်း ဒီလိုပါပဲ၊ ပိုလန်ကို အငိုက်ဝင်တိုက်တာ နိုင်သွားတာပဲ။

အငိုက်ဆိုတဲ့နေရာမှာ အချိန်အငိုက်၊ မြေအငိုက်၊ လူအငိုက် စသည်ဖြင့် သုံးလေးငါးမျိုးရှိတတ်တယ်၊ လူတွေ နားချိန်၊ စားချိန်မှာ တိုက်ရင် လူအငိုက်ပေါ့၊ မမျှော်လင့်တဲ့ အချိန်မှာတိုက်ရင် အချိန်အငိုက်ပေါ့၊ မမျှော်လင့်တဲ့နေရာမှာ

တိုက်ရင် မြေအငိုက်ပေါ့၊ အငိုက်ဖမ်းနိုင်ရင် တိုက်ပွဲတစ်ဝက် အောင်တာပါပဲ။

အုပ်ချုပ်မှုကောင်းမွန်ခြင်းဆိုတာတော့ လူကိုအုပ်ချုပ်ရုံ တင်မကဘူး၊ အုပ်ချုပ်ထောက်ပံ့မှု ပစ္စည်း ပစ္စယပြည့်စုံ လုံလောက်အောင် ထောက်ပံ့ပေးတာကိုလည်း ဆိုလိုတယ်၊ ဒုတိယကမ္ဘာစစ်က အာဖရိကစစ်မြေပြင်မှာ သဲကန္တာရမြေခွေး ကြီးလို့ အမည်ရတဲ့ ဂျာမန်ဗိုလ်ချုပ်ကြီးရွှမ်းမဲ စစ်ရှုံးရတာ သံချပ် ကားတွေအတွက် မော်တော်ဆီ၊ စက်ဆီ၊ ချောဆီလုံလုံလောက် လောက်မရတာရယ်၊ လေကြောင်း အထောက်အကူ ကောင်း ကောင်းမရတာတွေကြောင့် ရှုံးခဲ့ရတယ်၊ ဟိုဘက်က အင်္ဂလိပ် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီကတော့ လိုတာအကုန်ရတယ်၊ စီမံတာ လည်းကောင်းတော့ အယ်လ်အလာမိန်းတိုက်ပွဲမှာ မောင်ဂိုမာရီ ဟာ ရွှမ်းမဲကိုနိုင်သွားတယ်၊ အလားတူပဲ ၁၉၄၄ က ဂျပန်တွေ အင်ဖာတက်တိုက်တဲ့အခါမှာ စားနပ်ရိက္ခာနဲ့ ခဲယမ်းမလုံလောက် တဲ့အတွက် နောက်ဆုံးတော့ အရှုံးကြီး ရှုံးခဲ့ကြရတယ်၊ ဒါတွေဟာ အုပ်ချုပ်ထောက်ပံ့မှုပြဿနာ ဘယ်လောက်အရေးကြီးတယ် ဆိုတာ ပြနေတာပဲ။

နောက်ဆုံးအချက်ကတော့ ပြည်သူလူထုပဲ၊ ပြည်သူ ကိုယ့်ဘက်ပါသလား ပါရင်နိုင်မယ်၊ မပါရင် မနိုင်ဘူး၊ ဒီသာဓက တွေကို မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေရဲ့ လွတ်လပ်ရေးတိုက်ပွဲတွေမှာ

တွေ့နိုင်ပါတယ်၊ အာဖရိကနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာလည်း ဒီလိုဖြစ်စဉ်တွေ ရှိပါတယ်၊ ပြည်သူပါတဲ့ဘက်က စစ်နိုင်သွားတာပါပဲ။

ကဲ ညီလေး၊ ဒီလောက်ဆိုရင် စစ်အောင်ရာသော အကြောင်းကြီး ဆယ်ချက်လောက်ကို သဘောပေါက်ပြီလို့ ယူဆပါတယ်။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ



ရှေ့က ဘန်ကာကို လောင်ချာနဲ့ဖြိုကြည့်



ရန်သူတွေတက်လာပြီ ပစ်ထား

မြရတနာစာပေ



စက်ကလေးနဲ့ပစ်ပြီး ထိန်းထားပေး

မြရတနာစာပေ



မသေချာသေးရင် ဒီလိုတစ်ယောက်တည်း သွားပြီး
အကဲကြည့်၊ ကင်းထောက်

# အစ်ကိုတို့စစ်သား (၈)

## ရေတပ်အကြောင်းသိကောင်းစရာ

ညီလေး

စစ်တပ်သို့မဟုတ် တပ်မတော်ဆိုတာ ကြည်းတပ်တစ်ခုထဲနဲ့ ခေါ်လို့မရပါဘူး၊ ကမ္ဘာ့အနိုင်နိုင်ငံမှာရှိတဲ့တပ်မတော်တွေအားလုံးဟာ ကြည်းတပ်၊ ရေတပ်၊ လေတပ်သုံးခုလုံးပေါင်းပြီး ကြည်းရေလေကိုမှ တပ်မတော်လို့ခေါ်ပါတယ်။

ဒီစာမှာတော့ တပ်မတော်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ရေတပ်အကြောင်း တစေ့တစောင်းပြောချင်ပါတယ်။

အစ်ကိုတို့ ကမ္ဘာကြီးက ရေပြင်နဲ့မြေပြင် ရေပြင်ကပိုကျယ်သတဲ့၊ ပထဝီစာအုပ်တွေကဆိုပါတယ်၊ အတိအကျတော့ အစ်ကိုလည်း မပြောနိုင်ဘူး၊ ဒီရေပြင်ကျယ်ကြီးတွေကိုဖြတ်ပြီး ၁၇ ရာစုနှစ်က နယ်သစ်ရှာသူတွေဟာ ကမ္ဘာသစ်တွေကိုတစ်ခုပြီး တစ်ခုတွေ့ခဲ့ကြတယ်၊ ကိုလံဘတ်စ်၊ ဗတ်စကိုဒဂါးမား၊ မာဂျယ်လန် စသူတွေပေါ့၊ အမေရိကတိုက်ကိုလည်း ဥရောပက ကမ္ဘာသစ် ရှာသူတွေကတွေ့ခဲ့တာတဲ့၊ စတွေ့တဲ့အမေရိကို ပစ်ပူချီရဲ့နာမည်ကိုယူပြီး အမေရိကားလို့မှည့်ခဲ့တာဆိုပြီး အစ်ကိုမှတ်သားမိဖူးပါတယ်။

ဒီလိုနဲ့ ကမ္ဘာကိုလှေတွေ၊ ရွက်သင်္ဘောတွေနဲ့ပတ်ပြီး

နယ်သစ်ရှာသူတွေဟာ ပင်လယ်ဓားပြအကြီးစား **Pirate** တွေဖြစ်လာတယ်၊ သူတို့ကြောင့်သူတို့တိုင်းပြည်တွေလည်း ချမ်းသာလာကြတာပေါ့၊ ဒီမှာတင် အပြိုင်အဆိုင်ဖြစ်လာပြီး ကမ္ဘာသစ်ရှာတဲ့ ဥရောပတိုင်းပြည်တွေဟာ ရွက်သင်္ဘောတွေမှာ မီးပေါက်သေနတ်လက်နက်တွေ၊ ယမ်းထိုးအမြောက်ကြီးတွေ တင်ပြီး ရေတပ်မတော်တွေဖွဲ့ကာ ပင်လယ်ပြင်ကို လွှမ်းမိုးဖို့ ကြိုးစားလာကြတယ်၊ အဲဒါ ၁၈ ရာစုလောက်ကဖြစ်မယ်၊ ပင်လယ်ပြင်ကိုလွှမ်း မိုးဖို့ကြိုးစားတဲ့အထဲမှာ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ဟော်လန်၊ ပေါ်တူဂီ အစရှိတဲ့ ဥရောပနိုင်ငံများဟာ ထိပ်ဆုံးက ဖြစ်ခဲ့တယ်၊ ဒါ့ကြောင့် သူတို့ဟာ **Armada** လို့ ခေါ်တဲ့ သင်္ဘောအုပ်စုကြီးပါတဲ့ ရေတပ်ကြီးတွေကိုတည်ထောင် ပြီး ကမ္ဘာအနှံ့ လှုပ်ရှားခဲ့ကြတယ်။

ဒါ့ကြောင့် ဥရောပရေတပ်တွေဟာ ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး ရေတပ်တွေဖြစ်ခဲ့ပြီး ပြင်သစ်ဘုရင် နပိုလီယံခေတ်မှာ နပိုလီယံနဲ့ အင်္ဂလိပ်ရေကြောင်းဗိုလ်ချုပ်ကြီး နယ်လ်ဆင်တို့ရဲ့ ထရာဂါဖာတိုက်ပွဲတွေဟာ ကမ္ဘာကျော် ရေကြောင်း တိုက်ပွဲတွေ ဖြစ်ခဲ့ပါတယ်၊ တကယ်တော့ ပြောရမယ်ဆိုရင် ရေကြောင်းအတတ်ပညာမှာ ဥရောပသားတွေဟာ အစ်ကိုတို့ အာရှသားတွေထက် အများကြီးသာတာကို လေ့လာ တွေ့ရှိခဲ့ပါ တယ်။

ရေတပ်နဲ့ ပတ်သက်ပြီး အာရှတိုက်မှာကြည့်ရင်

ဂျပန်ကျွန်းကို မွန်ဂိုရေတပ်ကြီးက ရွက်လှေတွေနဲ့ သွားတိုက်တဲ့အခါ ခါမိခါဇေဆိုတဲ့ မုန်တိုင်းကြီးတိုက်လိုက်လို့ မွန်ဂိုရေတပ်ကြီး ပျက်စီးသွားရတဲ့ အကြောင်းကို ထူးထူးခြားခြား စတင်တွေ့ရပါတယ်၊ မွန်ဂိုတွေဟာ အာရှတိုက် အရှေ့ပိုင်းရဲ့ ကျယ်ပြန့်လှတဲ့ ကုန်းမြင့်ဒေသမြက်ခင်းပြင်တွေထဲမှာ မြင်းစီးနေရာက နယ်ချဲ့လာကြပြီး တရုတ်ပြည်ကြီးကို သိမ်းနိုင်ခဲ့တယ်၊ ဥရောပ အရှေ့ဖျားနိုင်ငံတွေကိုလည်း သိမ်းနိုင်ခဲ့တယ်၊ အဲဒီကနေပြီး ဂျပန်ကျွန်းကို ရာဇသံပေးတော့ ဂျပန်တွေက မချေမငံပြန်ကြားတာနဲ့ ရေတပ်ကြီးနဲ့သွားတိုက်တာဖြစ်ပါတယ်၊ ကုန်းပေါ်မှာ မြင်းစီးကျွမ်းကျင်တဲ့ မွန်ဂိုတွေဟာ ရေထဲမှာတော့ သူတို့ထင်သလောက် မစွမ်းပါဘူး။ ဂျပန်ကျွန်းကိုရေတပ်ကြီးနဲ့ နှစ်ခါသွားတိုက်တာ နှစ်ခါလုံး လေမုန်တိုင်းမိပြီး တပ်ပျက်ခဲ့ရပါတယ်၊ ဒါ့ကြောင့် တတိယအကြိမ် ဂျပန်ကျွန်းကို သွားတိုက်ဖို့ စိတ်မကူးရဲတော့ပါဘူး။

အာရှတိုက်မှာ ခေတ်မီရေတပ်ကို စထူထောင်ခဲ့တာလည်း ဂျပန်တွေပါပဲ၊ ဂျပန်တွေဟာ မိဂျီပြုပြင်ပြောင်းလဲရေးဖြစ်ပြီးတဲ့နောက် ကြည်းတပ်နဲ့ ရေတပ်ကို ခေတ်မီအောင် ထူထောင်ခဲ့ပါတယ်၊ ဒီ့အရင်ကတော့ တံခါးပိတ်ဝါဒကို ကျင့်သုံးပြီး အနှစ် ၂၀၀ ဟိုင်တိုင် ဧကစာရီကျင့်သုံးနေခဲ့တယ်၊ ဒါပေမယ့် အမေရိကန်က ရေကြောင်းဗိုလ်ချုပ် ကွန်မိုဒိုပယ်ရီ ရောက်လာပြီး ဂျပန် တံခါးကို အတင်းဖွင့်ခိုင်းတဲ့အခါမှာ မတတ်သာတဲ့အတွက်

တိုင္ဂါဝါရှိဂွန်အစိုးရဟာ တံခါးဖွင့်ပေးလိုက်ရပါတော့တယ်၊ ဂျပန်တံခါးဖွင့်ပြီး မကြာသောကာလမှာပဲ ရှိုဂွန်အစိုးရပြုတ်ကျပြီး ဂျပန်ဧကရာဇ်မိဂျီအစိုးရပြန်တက်ခဲ့ပါတယ်၊ အဲဒီမှာ ဆပ်ဆုမနဲ့ ချိုရှူးနယ်စားကြီးနှစ်ဦးအနက် တစ်ဦးက ဘုရင့်ကြည်းတပ်ကို လည်းကောင်း၊ တစ်ဦးက ဘုရင့်ရေတပ်ကို လည်းကောင်း ဦးစီးပြီး ပြန်လည်ဖွဲ့စည်းခဲ့ကြတယ်၊ ကြည်းတပ်ကိုတော့ ဂျာမဏီရဲ့ ကြည်းတပ်ပုံစံ ဖွဲ့စည်းခဲ့ပြီး ခေတ်မှီ လက်နက်တွေ တပ်ဆင်ခဲ့တယ်၊ အလားတူပဲ ရေတပ်ကိုတော့ ဥရောပက နာမည်ကြီး ဗြိတိသျှနဲ့ အင်္ဂလိပ်တွေဆီမှာ နည်းနာခံယူပြီး တည်ထောင်ခဲ့တယ်၊ မိဂျီပြုပြင် ပြောင်းလဲရေးတွေပြု လုပ်ပြီးမကြာမီမှာဘဲ ဂျပန်ရေတပ်ဟာ တဖြည်းဖြည်း အင်အားကောင်းလာခဲ့တယ်၊ ဒါ့ကြောင့် ဂျပန်ဟာ ရေတပ်အားကိုးနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ တရုတ်၊ ကိုရီးယားတို့ကို နယ်ချဲ့နိုင်ခဲ့တယ်၊ ဒီအခါမှာ သူ့အရင် နယ်ချဲ့နေတဲ့ ရုရှားနဲ့ ထိပ်တိုက်တိုးကြတယ်၊

၁၉၀၄ မှာဖြစ်တဲ့ ရုရှားဂျပန်စစ်ပွဲမှာ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ ဂျပန်ကြည်းတပ်နဲ့ ရုရှားတွေ မန်ချူးရီးယား စစ်မြေပြင်မှာ ရင်ဆိုင်ကြသလို ရုရှားရေတပ်နဲ့ ဂျပန်ရေတပ်ဟာလည်း ဂျပန်ကျွန်းနဲ့ သိပ်မဝေးလှတဲ့ စူရှိမာ ရေလက်ကြားမှာ ရင်ဆိုင်ခဲ့ကြရတယ်၊ အဲဒီတိုက်ပွဲမှာ ခေတ်မီလှပါတယ်ဆိုတဲ့ ဥရောပက ရုရှားရေတပ်ကြီးဟာ အာရှသား ဂျပန်တွေရဲ့ ရေတပ်ကို အရေးနိမ့်ခဲ့ရတယ်၊ ကြည်းတပ်ခြင်းဖြစ်တဲ့

တိုက်ပွဲမှာလည်း ဂျပန်တွေဟာ လူ အမြောက်အမြားအတျ အဆုံးခံပြီး ရုရှားတို့ရဲ့ ပို့အာသာ ခံတပ်ကြီးကို သိမ်းနိုင်ခဲ့တယ်၊ ဒါ့ကြောင့် ရုရှားဂျပန်စစ်ပွဲမှာ ဂျပန် တွေဟာ အနိုင်နဲ့ ပွဲသိမ်းနိုင်ခဲ့တယ်။

ရုရှားတွေကို နိုင်လိုက်တဲ့အတွက် ဂျပန်ဟာ မြိုးမြိုး မြက်မြက်ကလေး အကျိုးရှိသွားတယ်၊ ဒါ့ကြောင့် သူ့ရဲ့ရေတပ်နဲ့ ကြည်းတပ်တွေကို တဖြည်းဖြည်းတိုးချဲ့ပြီး စစ်အင်အားကို ထူထောင်လာခဲ့ရာမှ ၁၉၂၀ လောက်စပြီး အမေရိကန်၊ အင်္ဂလိပ်၊ ဒတ်ချ်စတဲ့ နိုင်ငံတွေနဲ့ မသင့်မတင့်ဖြစ်လာတယ်၊ အထူးသဖြင့် ပစိဖိတ် သမုဒ္ဒရာရဲ့ဟိုမှာဘက်ကမ်းနဲ့ ဒီမှာဘက် ကမ်းမှာရှိနေတဲ့ အမေရိကန်နဲ့ကပိုပြီး မသင့်မတင့်ဖြစ်လာတယ်၊ အမေရိကန်က ပစိဖိတ်သမုဒ္ဒရာထဲကကျွန်းများကို ဂျပန်လက် အောက် ရောက်မှာမလိုလားဘူး၊ ဒါ့ကြောင့် ဂျပန်ရေတပ်တိုးချဲ့မှု ကိုစောင့်ကြည့်ခဲ့တယ်၊ ဒါသာမကဘူး ၁၉၃၀ နောက်ပိုင်း ဂျပန်အပေါ်ကန့်သတ်မှုတွေ အမျိုးမျိုး ပြုလုပ်ခဲ့တယ်၊ အဲဒီ အချိန်မှာ အမေရိကန်ကသမ္မတ အုပ်ချုပ်တဲ့စနစ်ဖြစ်နေပါပြီ၊ အမေရိကန်ဟာ အင်္ဂလိပ်လက်အောက်က ၁၈ ရာစုမှာ လွတ် မြောက်ခဲ့တယ်၊ ပထမဆုံးလွတ်လပ်ရေးရတဲ့ နိုင်ငံဖြစ်ခဲ့တယ်၊ လက်နက်စွဲကိုင် တော်လှန်မှု လွတ်လပ်ရေးရတဲ့ အမေရိကန် တွေဟာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေကို စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့တယ်၊ သမ္မတအုပ်ချုပ်တဲ့စနစ်ဖြစ်လို့ တိုးတက်မှုက

လည်း ဘုရင်အုပ်ချုပ်တဲ့နိုင်ငံတွေထက်ပိုပြီး မြန်ဆန်ခဲ့တယ်။

၁၉၃၉ ကျတော့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတယ်၊ ဥရောပမှာ ဂျာမဏီက ပိုလန်ကို ဝင်တိုက်ရာမှစပြီး အင်္ဂလိပ်နဲ့ ပြင်သစ်က ဂျာမဏီကိုစစ်ကြေငြာတယ်၊ မကြာမီမှာဘဲ စစ်ကြီးထဲ အမေရိကန်တွေပါပါလာတယ်၊ အရှေ့ဖျားမှာလည်း ဂျပန်ဟာ ရေတပ်အင်အား၊ ကြည်းတပ်အင်အားတွေကို အစွမ်းကုန် ထူထောင်ပြီး အခြေအနေကို စောင့်ကြည့်ခဲ့တယ်၊ ဂျပန်ဟာ ဂျာမဏီရဲ့ မဟာမိတ်မို့ အမေရိကန်နဲ့ မတည့်ဘူး၊ အရင်ကလည်း ပစိဖိတ်သမုဒ္ဒရာထဲမှာပြိုင်ဘက်ကြီးတွေ ဖြစ်ကြတဲ့အတွက် ဆွေးနွေးပွဲတွေလုပ်ပြီး မကြာခဏညှိနှိုင်းခဲ့ကြတယ်၊ ၁၉၄၁ မှာကျတော့ ဂျပန်မှာစစ်လိုလားတဲ့ ဗိုလ်ချုပ်ကြီး တိုဂျိုအစိုးရတက်လာတော့ ဂျပန်က အမေရိကန်ကို စစ်တိုက်ဖို့ဆုံးဖြတ်တယ်၊ ဒါ့ကြောင့် ၁၉၄၁ ဒီဇင်ဘာလ ၈ ရက်မှာ ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီးယာမာမိုတိုရဲ့ ကွပ်ကဲမှုနဲ့ ဂျပန်ရေတပ်ရဲ့ လေတပ်ဟာ အမေရိကန်တို့ရဲ့ ပစိဖိတ်ရေတပ်ကြီး အခြေပြုထားတဲ့ ဟာဝိုင်ယံကျွန်းက ပုလဲဆိပ်ကမ်း **Pearl Harbour** ကို အငိုက်ဖမ်းဗုံးကြဲတိုက်ခိုက်ခဲ့ရာမှ အမေရိကန်တွေ အလွန်အထိနာသွားပြီး စစ်ပွဲအစပိုင်းမှာ နာလံမထူ နိုင်လောက်အောင်ဖြစ်ခဲ့ရတယ်။

ဂျပန်တွေဟာ ပုလဲဆိပ်ကမ်းကိုသာမကဘူး၊ ရက်အနည်းငယ်အတွင်းမှာပဲ စင်္ကာပူကျွန်းမှာ ဟန်ရေးပြနေတဲ့

အင်္ဂလိပ်ရေတပ်က **Prince of wales** နဲ့ **Repulse** စစ်သင်္ဘောကြီးနှစ်စီးကိုလည်း ခါမိခါဇေ အသေခံ လေသူရဲတွေရဲ့ တိုက်ခိုက်မှုနဲ့ နှစ်မြှုပ်နိုင်ခဲ့တယ်၊ အင်္ဂလိပ်တွေ အလွန်တုန်လှုပ်ချောက်ချားသွားပြီး စက်ာပူကျွန်းတိုက်ပွဲမှာ ဂျပန်ထံ လက်နက်ချအညံ့ခံခဲ့ရတယ်၊ မလေးကျွန်းဆွယ်နဲ့ စင်္ကာပူကျွန်းကလေးကို ဂျပန်ကြည်းတပ် အမှတ်(၂၅)တပ်တော်က ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဂျပန်ရေတပ်က သင်္ဘောတွေနဲ့ အဲ့ဒီတပ်တော်ကို သယ်ပို့ပြီး ကမ်းတက်စေခဲ့တယ်။

ဒီနေရာမှာ ထူးခြားတာကတော့ ဂျပန်မှာလေတပ်သီးခြားမရှိဘူးဆိုတာပါပဲ၊ အဲဒီကိစ္စကို တစ်နေရာမှာ အစ်ကိုကြီးပြောခဲ့ ပြီးပါပြီ၊ ဒီမှာလည်း ဗဟုသုတအဖြစ် ညီလေးကို ပြောပါဦးမယ်။

မီဂျီပြုပြင်ပြောင်းလဲရေးဖြစ်ပြီး ဂျပန်ကြည်းတပ်နဲ့ ရေတပ်ကို ဆပ်ဆုမနဲ့ ချိုရှူးနယ်စားကြီးနှစ်ဦးက ပြန်လည်ဖွဲ့စည်းခဲ့ တယ်ဆိုတာ ညီလေးသိပြီးဖြစ်ပါတယ်၊ ဆပ်ဆုမက ဂျပန်ကြည်းတပ်ကို ကိုင်တယ်၊ ချိုရှူးက ဂျပန်ရေတပ်ကို ကိုင်တယ်၊ သူတို့ နှစ်ဦးကလည်း အပြိုင်ပဲ၊ ဒါ့ကြောင့် တခြားဘယ်သူမှ ထပ်ဝင်မရအောင် လေတပ်ကို သီးခြားမဖွဲ့တော့ဘဲ ဘုရင်ရဲ့ခွင့်ပြုချက်နဲ့ ကြည်းတပ်ရဲ့လေတပ်၊ ရေတပ်ရဲ့ လေတပ်ဆိုပြီး ဖွဲ့ခဲ့တာ ဖြစ်ပါတယ်၊ လေတပ်ကိုတော့ ဂျာမဏီနဲ့

အမေရိကန်တို့ဆီက နမူနာယူခဲ့ကြတာပါ၊ ဒုတိယကမ္ဘာစစ်က ဂျပန်တွေရဲ့နာမည်ကျော် **Zero** တိုက်လေယာဉ်တွေဟာ အမေရိကန် ကုမ္ပဏီတွေက ပုံစံထုတ်ပေးတာလို့သိရပါတယ်၊ ရယ်တော့အတော်ရယ်စရာကောင်းတယ်ညီလေး၊ အဲဒီ လေယာဉ်ပျံတွေနဲ့ပဲ ဂျပန်က အမေရိကန်တွေရဲ့ ပစိဖိတ် ရေတပ်ကြီးကို ချေမှုန်းသွားတာလေ၊ ဒါဟာ ဗဟုသုတအဖြစ် ရော၊ သင်ခန်းစာယူစရာအဖြစ်ရော ညီလေးကို စကားလက် ဆောင်ပါးလိုက်တာပါ။

ညီလေးသိပြီးဖြစ်တဲ့အတိုင်းပဲ ဒုတိယကမ္ဘာစစ်ဆင်နွှဲ ခဲ့တဲ့ဂျပန်ဟာ ၁၉၄၅မှာ အနုမြူဗုံးအကြဲခံရပြီး ချွင်းချက်မရှိ လက်နက် ချခဲ့ရတယ်၊ ဂျပန်ကြည်းတပ်နဲ့ ရေတပ်တွေလည်း လုံးဝဖျက်သိမ်းခဲ့ရတယ်၊ စစ်ကိုခေါင်းဆောင်တဲ့ ဂျပန်ဗိုလ်ချုပ် ကြီးတွေလည်း အားလုံးနီးနီး မနီလာစစ်ခုံရုံးနဲ့ တိုကျိုစစ်ခုံရုံးက သေဒဏ်ပေးခဲ့တယ်၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တိုဂျိုကထိပ်က ပေါ့၊ အမေရိကန်တွေ ကလည်း ကလဲ့စားချေတဲ့ အနေနဲ့ ဂျပန် တွေ စစ်ရှုံးပြီး လက်နက်ချတဲ့ အခမ်းအနားကို ပုလဲဆိပ်ကမ်း တိုက်ပွဲတုန်းက လွတ်မြောက် သွားတဲ့ စစ်သင်္ဘောကြီး **U.S.S Arizona** ပေါ်မှာပြုလုပ်ခဲ့တာဖြစ်ပါတယ်၊ အမေရိကန်ရေတပ် ဟာ ကနေ့အချိန်ထိ ကမ္ဘာပေါ်မှာ အင်အားအကောင်းဆုံးဖြစ်ပါ တယ်။

အာရှတိုက်မှာ ဂျပန်မရှိတော့တဲ့နောက်ပိုင်းရေတပ်ကို

ထူထောင်နိုင်တဲ့ နိုင်ငံမရှိတော့ပါဘူး၊ ဒီဘက်ခေတ်မှာတော့ တရုတ်တို့ အိန္ဒိယတို့မှာ ရေတပ်တွေရှိပါတယ်၊ ဒါပေမယ့် အမေရိကန်ကို မယှဉ်နိုင်သေးဘူး ထင်ပါတယ်။

တခြားတိုင်းပြည်တွေအကြောင်း ပြောပြီး ကိုယ့်နိုင်ငံ ကျန်ခဲ့လို့မဖြစ်သေးဘူး။

ညီလေးသိတဲ့အတိုင်းပဲ၊ အစ်ကိုကြီးတို့ မြန်မာနိုင်ငံမယ် ဘင်္ဂလားအော်နဲ့ အိန္ဒိယသမုဒ္ဒရာကိုထိစပ်နေတဲ့ ကမ်းရိုးတန်းဟာ စစ်တွေ၊ ကျောက်ဖြူဒေသကနေပြီး ဟိုးတောင်ဖက်အစွန်ဆုံး ဝိတိုရိယ အငူထိဆိုကြပါစို့၊ ဒီလောက်ရှည်လျားတဲ့ ကမ်းရိုးတန်းကြီးကိုထိန်းသိမ်းဖို့အတွက် ရေတပ်ဟာ မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်ပါတယ်၊ ကုန်းတွင်းပိတ်နိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေကတော့ မလိုဘူးပေါ့လေ၊ ပင်လယ်နဲ့ ထိစပ်နေတဲ့ နိုင်ငံတွေကတော့ လိုတာအမှန်ပါ၊ မြန်မာနိုင်ငံကို နယ်ချဲ့ခဲ့တဲ့ အင်္ဂလိပ်၊ ပြင်သစ်စတဲ့ သူတွေကလည်း ရေကြောင်းကပဲ မြန်မာနိုင်ငံကိုရောက်လာတာပါ၊ ကုန်းကြောင်းနဲ့ ရောက်လာတာ မဟုတ်ပါဘူး။

၁၈၈၅ က မြန်မာတစ်နိုင်ငံလုံး သိမ်းသွားတဲ့အင်္ဂလိပ်တွေက ၁၉ ရာစုအစပိုင်းလောက်မှာပဲ မြန်မာနိုင်ငံကိုရောက်လာတယ်၊ **M** သုံးလုံးစနစ်နဲ့ ထိုးဖောက်လာကြတာပါပဲ။

**M** သုံးလုံး ဆိုတာကတော့

**Mission**
**Merchant**
**Military** တို့ပါပဲ။

ပထမသာသနာပြုအဖွဲ့တွေရောက်လာတယ်၊ နောက်တော့ သာသနာပြုတွေကို အကြောင်းပြုပြီး ရောင်းဝယ်ဖောက်ကားတယ်၊ နောက်ဒါတွေကို အကာအကွယ်ပေးဖို့ စစ်တပ်တွေချထားတယ်၊ ဒီလိုနဲ့ပဲ အိန္ဒိယ၊ မြန်မာ၊ တရုတ် စတဲ့ အာရှတိုက်နိုင်ငံတွေဟာ အင်္ဂလိပ်တို့ပြင်သစ်တို့စတဲ့ ဥရောပကနယ်ချဲ့တွေလက်အောက်ကျခဲ့ရတယ်၊ ဒီလိုရောက်လာကြတာလည်း ရေကြောင်းကလာကြတာပါပဲ။

အင်္ဂလိပ်မြန်မာ၊ ပထမစစ်ပွဲမှာ ရန်ကုန်ကို အင်္ဂလိပ်တွေက ရေတပ်နဲ့လာပြီး အငိုက်ဖမ်းတိုက်ခိုက်သိမ်းယူသွားတာပါ၊ မဟာဗန္ဓုလနဲ့ ကြည်းတပ်တိုက်ပွဲတွေမှာ အရေးနိမ့် သွားတဲ့ အင်္ဂလိပ်တွေဟာ သူတို့အားသာတဲ့ ရေကြောင်းတိုက်ပွဲနဲ့ အနိုင်ယူသွားခဲ့တယ်၊ တကယ်တော့ သူတို့ရဲ့ အင်္ဂလန်ကျွန်းကလည်း ရေပတ်လည်ဝိုင်းနေတော့ သူတို့ရေကြောင်းပညာ ကျွမ်းကျင်တာ ဆန်းတော့ မဆန်းလှပါဘူး။

အစ်ကိုတို့ မြန်မာတွေလည်း မညံ့လှပါဘူး၊ ဒါပေမယ့် ပြင်ပကမ္ဘာကို အရောက်အပေါက်နည်းပြီး ခေတ်မှီနည်းစနစ်တွေ မသုံးနိုင်တဲ့အတွက် ဘယ်လောက်သတ္တိရှိရှိ အသေခံခံ သိပ္ပံနဲ့ နည်းပညာအလွန်သာတဲ့ နယ်ချဲ့တွေကို ရှုံးနိမ့်ခဲ့ရတာဖြစ်ပါ

တယ်။

အစ်ကိုတို့မြန်မာနိုင်ငံဟာမြစ်ချောင်း အင်းအိုင်ပေါများလှပါတယ်၊ မြောက်ကတောင်ကိုစီးဆင်းနေတဲ့ မြစ်ကြီးလေးငါးခုရှိပါတယ်၊ ဒါတွေထဲမှာ ဟိုရှေးပဝေသဏီကတည်းက မြန်မာတွေလှေနဲ့ သွားလာကျက်စားနေကြပါပြီ၊ ဒါပေမယ့်လှေအဆင့်က မတက်ခဲ့ပါဘူး၊ ပဒေသရာဇ်ခေတ်က တိုက်ပွဲတွေမှာ လှေတပ်ချင်းတိုက်ကြတာကိုလည်း ဖတ်ရှုမှတ်သားခဲ့ရပါတယ်၊ ဘုရင့်နောင်ရဲ့ နောင်ရိုးတိုက်ပွဲဟာလည်း လှေဖောင်တွေနဲ့ တိုက်ခဲ့တာပါပဲ၊ နောင်ရိုးဟာ မြစ်ဝကျွန်းပေါ် အစပ်က နေရာတစ်ခုပါ။

ရှေးတုန်းက ဖြစ်ခဲ့တဲ့ မွန်မြန်မာ စစ်ပွဲတွေမှာလည်း လှေတပ်ချင်း တိုက်တာလောက်ပဲ ရှိပါတယ်၊ ဒါ့ကြောင့် ၁၉ ရာစုမှာဖြစ်ခဲ့တဲ့ အင်္ဂလိပ်မြန်မာ စစ်ပွဲတွေမှာ မီးသင်္ဘောတွေသုံးနိုင်တဲ့ အင်္ဂလိပ်ကို မြန်မာတွေ မယှဉ်နိုင်ဘဲ အရှုံးပေးခဲ့ရပါတယ်၊ ဒါ့ကြောင့် ခေတ်မီတဲ့ ရေတပ်ဟာ အစ်ကိုတို့လိုပင်လယ်နဲ့ မိုင်ပေါင်းများစွာထိစပ်နေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် အလွန်လိုအပ်လှပါတယ်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရတော့ မြန်မာတပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်၊ ကြည်းတပ်က စစ်သည် ၅၀၀၀ နဲ့ အရာရှိ ၂၀၀ ပါပါတယ်၊ ရေတပ်ကတော့ စစ်သင်္ဘောကြီးမေယုအပါအဝင် သင်္ဘောလေးငါးစီးပဲဖြစ်ပါတယ်၊ အလားတူပဲ

လေတပ်လည်း **Sea Fury** နဲ့ **Provost** လို တိုက်လေယာဉ် အချို့နဲ့ ဒါကိုတာလေယာဉ်များ ပါဝင်တယ်လို့ သိရပါတယ်။

လွတ်လပ်ရေးရပြီးချိန်မှစပြီး ရေတပ်ကို တဖြည်းဖြည်း တိုးချဲ့တည်ဆောက်ခဲ့တာကြောင့် အခုအချိန်မှာတော့ မြန်မာ့ ကမ်းရိုး တန်းများကို ကောင်းစွာစောင့်ရှောက်နိုင်တဲ့ အခြေ အနေရှိနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ဒုတိယကမ္ဘာစစ်ကာလမှစပြီး ကမ္ဘာ့နိုင်ငံကြီးက ရေတပ် တွေမှာ **Sub Marine** လို့ခေါ်တဲ့ ရေငုတ်သင်္ဘောကြီးတွေ သုံးလာပါတယ်၊ ဒီ့အရင်ကတော့ ရေတပ်မှာ တိုက်သင်္ဘော၊ ဖျက်သင်္ဘော၊ လေယာဉ်တင်သင်္ဘောနဲ့ စစ်သင်္ဘော စတာတွေ လောက်ပဲရှိပါတယ်၊ ဒါပေမယ့် စက်မှုနည်းပညာ တွေထွန်းကား လာတော့ ရေငုတ်သင်္ဘောတွေဖြစ်လာတယ်၊ ဒုတိယကမ္ဘာစစ် မှာ ဂျာမဏီဟာရေငုတ်သင်္ဘောတွေကို တွင်တွင်သုံးပြီး မဟာမိတ်စစ်သင်္ဘောတွေကို နှစ်မြှုပ်နိုင်ခဲ့တယ်၊ ဒါ့ကြောင့် အင်္ဂလိပ်ရဲ့ မဟာမိတ် အမေရိကန်ကုန်တင် သင်္ဘောကြီးတွေကို နှစ်မြှုပ်တဲ့အခါမှာ အမေရိကန်က ဂျာမဏီကို စစ်ကြေငြာ တော့တာပါပဲ၊ ဒါဟာ ဂျာမဏီရဲ့ရေငုတ်သင်္ဘောတွေကြောင့် ဖြစ်ရတဲ့ ကိစ္စလို့လည်းပြောလို့ရပါတယ်၊ ဖြစ်တာတော့ ဖြစ်မှာ ပါပဲ၊ ရေကြောင်းက မဖြစ်ရင် လေကြောင်းကဖြစ်မှာပါ၊ ဂျာမဏီ က အဲဒီအချိန်တုန်းက ရေကြောင်းမှာရော လေကြောင်း မှာပါ အလွန်အစွမ်းထက်နေပါပြီ၊ အင်္ဂလန်ကို ဗုံးမိုးရွာနေတဲ့ ကာလ

ပါ၊ နောက်မှ ခေါင်းဆောင်ကြီး ဟစ်တလာအတွက်မှားလို့ စစ်မျက်နှာနှစ်ဖက်ဖွင့်ပြီး ရုရှားကို ဝင်တိုက်ရာမှာ အရေးနိမ့်သွားရတာပါ၊ အရေးနိမ့်သွားတော့လည်း ဟစ်တလာရဲ့ရေငုတ်သင်္ဘောတွေက မကယ်နိုင်တော့ဘူး၊ အဲဒီ အချိန်မှာ အမေရိကန်က အနုမြူဗုံးလည်းဖြစ်နေပါပြီ၊ မနိုင်ရင် အနုမြူဗုံးကြဲတော့မှာပါပဲ။

အနုမြူဆိုတာ Atom အက်တမ်ပါ၊ အလွန်ပြင်းထန်တဲ့ အပူငွေ့တွေကို စုစည်းထားတဲ့အတွက် သံတောင်အရည်ပျော်နိုင်ပါတယ်၊ အဲဒီအနုမြူဓာတ်အားကို အဖျက်လုပ်ငန်းမှာသာ မကပါဘူး၊ လူတို့အတွက်အကျိုးရှိတဲ့ လုပ်ငန်းတွေမှာပါ အသုံးပြုလို့ ရပါတယ်၊ အနုမြူနဲ့ လျှပ်စစ်ဓာတ်အားပေးလို့ရပါတယ်၊ စောစောကပြောခဲ့တဲ့ ရေငုတ်သင်္ဘောတွေကိုလည်း အနုမြူစွမ်းအင်နဲ့ ခုတ်မောင်းနေကြပါပြီ၊ ကမ္ဘာမှာ အနုမြူဗုံးထုတ်နိုင်တဲ့ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်စတဲ့ နိုင်ငံကြီးတွေမှာ အနုမြူစွမ်းအင်နဲ့သွားနေတဲ့ ရေငုတ်သင်္ဘောတွေ အများကြီးလို့ဆိုပါတယ်။

ကဲ ညီလေးရေ၊ ရေတပ်အကြောင်း အစ်ကိုကြီးနားလည်သမျှ တစေ့တစောင်းတော့ ပြောပြီးပါပြီ။

၁၈၈၅ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတုန်းက အင်္ဂလိပ်တပ်မှူးကာနယ်စလေဒင်က မန္တလေးကို ဧရာဝတီမြစ်အတိုင်း သင်္ဘောနဲ့ တက်လာတယ်လို့ဆိုပါတယ်၊ သီပေါဘုရင်နဲ့ မိဖုရား

စုဖုရားလတ်ကိုလည်း သင်္ဘောနဲ့ပဲ ခေါ်ချသွားတာပါ၊ ဒါ့ကြောင့် ရေရှိတဲ့နေရာမှာ ရေကြောင်းသွားလာရေးဟာ ဘယ်လောက် အရေးကြီးသလဲ ညီလေးမှန်းလို့ရပါပြီ၊ အခုလို ကမ္ဘာ့ရွာဖြစ်နေတဲ့ ကာလမှာ ရေကြောင်းသွားလာမှုကလည်း အလွန်လိုအပ်လှပါတယ်၊ ဒါနဲ့အတူ ကိုယ်နိုင်ငံက ကမ်းရိုးတန်းများကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ အဖိုးတန်သယံဇာတများ ခိုးထုတ် မသွားနိုင်ဖို့၊ တိုင်းတပါးသားတွေ ရေကြောင်းကနေပြီး ဝင်ရောက် မကျူးကျော်နိုင်ဖို့ကတော့ ရေတပ်ရဲ့တာဝန်ပါပဲ။


ဒါ့ကြောင့် ရေတပ်ဟာလည်း သူ့နေရာနဲ့သူအရေးပါကြောင်း ပြောရင်း အစ်ကိုတို့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆) ဟာလည်း ကြည်းတပ် တစ်ခုတည်းအတွက်သာမဟုတ်ဘဲ ကြည်း၊ ရေ၊ လေ၊ ဗိုလ်လောင်းများ ဖြစ်ကြောင်း၊ ကိုယ့်ကိုကိုယ် ဖော်ပြီး အခွင့်ကြုံလေး ကြွားလိုက်ပါရစေ။

အောင်မြင်ပါစေ
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ



ရေတပ်သွားမယ့် ညီလေးတို့အတွက်
ရေတပ်က စစ်သင်္ဘောတစ်စီးပါ

မြရတနာစာပေ



ဒါကကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေး



သတိထားပြီး၊ ချိတက်၊ နင်းမိုင်းတွေနဲ့ တိုးနေဦးမယ်

မြရတနာစာပေ



လေတပ်သွားမယ့် သူတွေအတွက်

နမူနာရဟတ်ယာဉ်နဲ့ လေကြောင်းချိစစ်သည်များ

မြရတနာစာပေ

# အစ်ကိုတို့စစ်သား (၉)

## လေတပ်အကြောင်းတစေ့တစောင်း

ညီလေး

ရေပြီးတော့ လေလာမယ်၊ ဒါပြီးရင်တော့အစ်ကိုတို့စစ်သားအကြောင်း ပြီးလောက်ပါပြီ။

ပြောရမယ်ဆိုရင် လေတပ်ကလည်း အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာရှိပါတယ်၊ ဟိုတုန်းကတော့ လေတပ်ဆိုတာမရှိပါဘူး၊ ရာဇဝင်ကိုပြန်ခင်းရရင် လေယာဉ်ပျံအကြောင်းကစရမယ်ထင်တယ်၊ လူတွေဟာ ငှက်တွေပျံတာကိုကြည့်ပြီးလေထဲမှာ ပျံဝဲနိုင်ဖို့ အမျိုးမျိုးကြိုးစားခဲ့ကြတယ်၊ အတောင်တပ်ပြီး အမြင့်ကခုန်ချကြည့်တာတို့၊ လေထဲမှာ ကြိုးနဲ့လွှဲပြီးကြည့်တာတို့ စသည်ဖြင့် အမျိုးမျိုးစိတ်ကူးရရာ လုပ်ကြည့်ကြပါတယ်၊ အဲဒီလိုစမ်းသပ်တဲ့ လူတွေအတော်များများထဲက ရိုက်ညီနောင်ဟာ ပထမဆုံးလေယာဉ်ကို စပြီး တီထွင်နိုင်ခဲ့တယ်၊ အဲဒီနောက် ၁၉ ရာစုထဲမှာပဲ လေယာဉ်ကို ဆက်တီထွင်ပြီးလေထဲမှာ ခဏလေးပျံနိုင်ရာက တဖြည်းဖြည်းနဲ့ အကြာကြီးပျံနိုင်အောင်လုပ်လာနိုင်ကြတယ်၊ ပထမ အတောင်နှစ်ထပ်လေယာဉ်ပျံတွေဖြစ်ပါတယ်၊ နှစ်ဆယ်ရာစုရောက်တော့ ပိုပြီး

မြရတနာစာပေ

ခေတ်မှီလာတယ်၊ လေယာဉ်ဆိုတာ အမြင့်ပေ လေးငါးထောင်ကနေပြီး ပေတစ်သောင်း နှစ်သောင်းအထိ အမြင့်ကို ပျံတက်နိုင်တော့ မြင်ကွင်း Vision ကပိုကျယ်လာတယ်၊ ဒါ့ကြောင့် ပထမကမ္ဘာစစ်ကာလမှာ အတောင်နှစ်ထပ်လေယာဉ် တွေနဲ့ လေကြောင်းကင်းထောက်မှုကိုစပြီးသုံးခဲ့ကြတယ်၊ လေယာဉ်တွေဟာ အကဲကြည့်ဖို့ ကင်းထောက်ဖို့ သက်သက်ပါပဲ။

ဒါပေမယ့် ပထမကမ္ဘာစစ်လည်းပြီးရော လေယာဉ်တွေမှာ လက်နက်တွေတပ်ဆင်လာတယ်၊ ဗုံးတွေတပ်ဆင်လာတယ်၊ ပစ္စည်းတွေသယ်နိုင်အောင်လုပ်လာနိုင်တယ်၊ လေထဲမှာပျံဝဲချိန်ကြာအောင်လုပ်လာနိုင်တယ်၊ ဒါ့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးလည်း ဖြစ်ရော လေတပ်ဆိုတာပီပီပြင်ပြင် ပေါ်လာတော့တာပါပဲ၊ ဥရောပနိုင်ငံများနဲ့ အမေရိကန်တို့ဟာ အမျိုးမျိုးထွင်လာကြတယ်၊ အမေရိကန်ဆိုတာကတော့ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ ကနေဒါ စတဲ့လူမျိုးပေါင်းစုံနဲ့ ဒေသခံ **Red Indian** လူနီတွေ စုပေါင်းစပ်ပေါင်း ပေါင်းထားတဲ့ နိုင်ငံပါ၊ ဒါ့ကြောင့် လူမျိုးပေါင်းစုံရှိပြီး ဉာဏ်ရည်ဉာဏ်သွေးကလည်း ကောင်းကြလို့ အမျိုးမျိုးအဖုံဖုံ တီထွင်နိုင်ကြပါတယ်၊ ကပြားတွေဖြစ်ကုန်ကြတော့ ဉာဏ်တွေကလည်း ပိုထက်လာကြတယ် ထင်ပါရဲ့။

ဒုတိယကမ္ဘာစစ်မှာ အာရှကဂျပန်ရော၊ ဥရောပက အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီနဲ့ အမေရိကတိုက်က အမေရိကန်တို့ဟာ လေတပ်ကိုအကြီးအကျယ်အသုံးချကြ

ပါတယ်၊ လေယာဉ်နဲ့ဗုံးကြဲတယ်၊ စက်သေနတ်တွေနဲ့ပစ်တယ်၊ လေယာဉ်ချင်း စီးချင်းထိုးတယ်၊ ဒါ့ကြောင့် အဲဒီကတည်းက လေယာဉ်တွေမှာ အမျိုးအစား အမျိုးစုံရှိနေပြီ၊ Series တွေ အမျိုးမျိုးရှိနေပြီ။ Class ခွဲထားတယ်ခေါ်မလား၊ Catagory ခွဲတယ် ခေါ်မလား၊ Classify လုပ်တယ်ခေါ်မလားတော့ မသိဘူး။

**T** ဆိုရင် **Trainer** လေ့ကျင့်ရေးလေယာဉ်

**C** ဆိုရင် **Cargo** ကုန်တင်လေယာဉ်

**F** ဆိုရင် **Fighter** တိုက်လေယာဉ်

**B** ဆိုရင် **Bomber** ဗုံးကြဲလေယာဉ်စသည်ဖြင့်ပေါ့။

အဲဒါနဲ့ ဆက်စပ်ပြီး အစ်ကို့အကြောင်းလေးနည်းနည်း ဖြည့်စွက် ပြောပါရစေ။

အစ်ကိုက ငယ်ငယ်က လေယာဉ်အတော်ရူးခဲ့ပါတယ်၊ အညာကျေးလက်က တောသားမို့လေယာဉ်ကို မမြင်ဖူးပါဘူး၊ အရုပ်ထဲမှာသာ တွေ့ဖူးနေတာပါ၊ တစ်ခါတစ်ခါ အိန္ဒိယဘက် ဖြတ်ပျံသွားတဲ့ လေယာဉ်မှုန်မှုန်လေးတော့ တစ်နှစ်တစ်ခါ၊ နှစ်ခါ မြင်ဖူးပါတယ်၊ ပေတစ်သောင်းနှစ်သောင်းကဆိုတော့ အဖြူစက်ကလေးလောက်ပါပဲ၊ ညအိပ်တန်းဝင်ဖို့ ပျံလာတဲ့ ဗျိုင်းကလေးတွေလောက်ပဲ ရှိမယ်ထင်ပါရဲ့၊ ဒါပေမယ့် အဲဒီလေယာဉ်ကို ကြည့်ပြီး သဘော်သား ဆင်းဘက်လို အဝေးကြီးသွားချင်တဲ့ စိတ်က မသေးလှပါဘူး၊ လေယာဉ်ကို ၁၉၆၁ ခုနှစ် ၁၀ တန်း

အောင်ပြီး တက္ကသိုလ်ရောက်မှ သူများလိုက်ပို့လို့ မင်္ဂလာဒုံ လေဆိပ်ရောက်ဖူးမှ မြင်ဖူးတာပါ၊ ရောဂါက လေယာဉ်မြင်မှ ပိုဆိုးသွားပါတယ်၊ ဒါကြောင့် ဗိုလ်သင်တန်းဝင်ဖြေတော့ လေတပ်ကိုလျှောက်မိတယ်၊ လူက ဗလံလေး၊ ပေါင် ၉၀၊ သေးသေးကွေးကွေး မျက်မှန်လေးနဲ့၊ ယူထားတာကလည်း Arts ဝိဇ္ဇာဘာသာတွဲ၊ ဘယ်ကလာပြီး လေတပ်ကရွေးမလဲ။

လေတပ်သွားမယ့်လူဆိုတာ သိပ္ပံဘာသာတွဲယူပြီး အတွက်အချက်တွေ ကျွမ်းကျင်ရမယ်၊ အလင်းအမှောင်၊ နေ့ည၊ တောတောင် ရာသီဥတု ဒါတွေကိုရင်ဆိုင်နိုင်ဖို့၊ ကျန်းမာရေး အလွန်ကောင်းရမယ်၊ မျက်စိက အရေးကြီးဆုံး၊ ဘာဖြစ်လို့လဲဆို ရင် မျက်စိနဲ့ကြည့်ပြီးမှ **Direction** ထိန်းရမှာ၊ အန္တရာယ်တွေ ကိုရှောင်ရမှာ၊ တောင်၊ တော၊ တိမ်ဆိုတဲ့ တသုံးလုံးကိုမြင်ရမှာ၊ အဲဒါကြောင့် ငယ်ငယ်ရွယ်ရွယ်မျက်မှန်နဲ့က လေတပ်မှာ မဖြစ် ဘူး၊ အစ်ကိုက "မင်း ဘာကြောင့် လေတပ်လျှောက်တာလဲ" လို့ ဘုတ်အဖွဲ့က လူကြီးတွေကမေးတော့ "လေယာဉ်မောင်း ချင်လို့ပါခင်ဗျ"ဆိုပြီး ဖြေလိုက်ရော ရယ်စရာမပါဘဲ ဝါးခနဲ တသောသော ရယ်မောကြပါတယ်၊ ပြီးတော့ လေတပ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေမေးတယ်၊ အဓိကတော့ လေယာဉ်ပျံတွေ အကြောင်းပါပဲ၊ သူတို့ မေးတာတွေ တော်တော်လေး ပြည့်ပြည့် စုံစုံဖြေနိုင်ပါတယ်၊ ဒါပေမယ့်

"မင်းက မျက်မှန်လေးနဲ့ကွ၊ **Arts** လည်းယူထားတော့

ကြည်းတပ်ပဲ သွားပါကွာ"

ဆိုပြီး ရယ်ရယ်မောမောနဲ့ ကြည်းတပ်ကို ပို့လိုက်ရြပါတယ်။

အစ်ကိုက စိတ်ဓာတ်မကျပါဘူး၊ ရောက်လေရာမှာ လေယာဉ်တွေကို စိတ်ဝင်စားပြီးအမြဲလေ့လာတယ်၊ ဒါ့ကြောင့် လေယာဉ်တွေနဲ့ပတ်သက်ရင် သာမန်လူတွေထက် အများကြီး ပြောနိုင်ဆိုနိုင်ပါတယ်၊ နောက်ပိုင်း ရိုးရိုးလေယာဉ်တွေတင် မကပါဘူး ရဟတ်ယာဉ်တွေကိုပါ စိတ်ဝင်စားတယ်၊ ရဟတ်ယာဉ်တွေအကြောင်း သိအောင်လုပ်တယ်၊ အစ်ကိုတို့နိုင်ငံမှာ ဘိန်းစစ်ဆင်ရေး အတွက်ရထားတဲ့ **Bell** ရဟတ်ယာဉ်တွေရှိတယ်၊ **Bell 205** နဲ့ **Bell 206** နှစ်မျိုးဖြစ်ပါတယ်။

ရဟတ်ယာဉ်က လေယာဉ်နဲ့မတူပါဘူး၊ လေယာဉ်ပျံရတာဟာသူ့ရဲ့ အတောင်တွေကြောင့်ပါ။

ရဟတ်ယာဉ်ကျတော့ ဒီလိုမဟုတ်ဘူး။

ရဟတ်ယာဉ်ရဲ့ပန်ကာဒလက်က ကိုယ်ထည်အမိုးပေါ်မှာရှိတဲ့အတွက် သူရဲ့လည်အားနဲ့ ရဟတ်ယာဉ်ရဲ့ကိုယ်ထည်ကြီးကို လေထဲ မ,ချီသွားနိုင်တာပါ၊ ပြီးတော့ လေထဲမှာ ပျံရုံသာမဟုတ်ဘူး ရဟတ်ယာဉ်ကြီးဘယ်ညာယမ်းတာတွေ အပေါ်တက် အောက်ဆင်း လုပ်တာတွေကိုလည်း ဒီခေါင်းပေါ်ကဒလက်ကြီးကလုပ်တာပါ။

အစ်ကိုတို့ အညာက ကညင်ပင်ကြီးက ကညင်ပွင့်လေး

တွေလည်ပြီး အောက်ကျလာတာနဲ့ ခပ်ဆင်ဆင်တူတယ် ထင်ပါရဲ့၊ ဆက်စပ်တွေးမိတာပါ၊ နီးစပ်ပါလိမ့်မယ်။

ကဲ ဒါထားပါတော့ ဒုတိယကမ္ဘာစစ်က လေကြောင်းစစ်ဆင်ရေးတွေပြန်ဆက်ကြပါစို့။

ဒုတိယကမ္ဘာစစ်မှာ လေယာဉ်တွေဟာ အလွန်အသုံးတဲ့လှပါတယ်၊ ထွင်လည်းထွင်ကြတယ်၊ ဂျာမဏီက **Zeppelin** လို့ခေါ်တဲ့ လေသင်္ဘောတွေထွင်ပြီး အင်္ဂလန်ကျွန်းကို ဗုံးကြဲတယ်၊ တခြားတိုက်လေယာဉ်အမျိုးမျိုး ဗုံးကြဲလေယာဉ်အမျိုးမျိုးကိုလည်း စစ်ဖြစ်နေတဲ့ နိုင်ငံအားလုံးကြိုးစားတီထွင် ထုတ်လုပ်ကြတာပဲ၊ **Air superiority** လို့ဆိုရမယ့် လေကြောင်းအကဲသာမှုနဲ့ **Air supremacy** လို့ခေါ်တဲ့ လေကြောင်းစိုးမိုးမှုတွေကို ရအောင်ကြိုးစားကြတယ်၊ တကယ်လည်း အဲဒီလိုသာလွန်တဲ့ နိုင်ငံတွေက စစ်နိုင်သွားကြတာပါပဲ။

လေယာဉ်ဟာ ခေတ်ပေါ်ယာဉ်တွေထဲမှာ အမြန်ဆုံးနဲ့ **Crow Fly** တစ်ဖြောင့်တည်းအသွားနိုင်ဆုံးယာဉ်ဖြစ်ပါတယ်။ တခြားကားတို့ ရထားတို့နဲ့မတူပါဘူး၊ အမြန်ဆုံးရောက်ချင်ရင်တော့ လေယာဉ်သာစီးပါ။ ရထားတို့ ကားတို့ သင်္ဘောတို့မစီးပါနဲ့၊ လေယာဉ်တွေဟာ ဟိုတုန်းကတစ်နာရီ မိုင် ၂၀၀ သာသာပဲသွားနိုင်ပြီး ဒီခေတ်မှာတော့ **Super Sonic** လို့ခေါ်တဲ့ အသံထက်မြန်တဲ့ **Jet** ဂျက်လေယာဉ်တွေပေါ်နေပြီဖြစ်တဲ့ အတွက် တစ်နာရီ မိုင်လေးရာကျော်ငါးရာသွားနေပါပြီ၊ ဒါ့ကြောင့်

ရန်ကုန်နဲ့ မန္တလေး၊ ကားနဲ့သွားရင် ၁၀နာရီ၊ ရထားနဲ့ သွားရင် ၁၂နာရီ လေယာဉ်နဲ့ကျတော့ တစ်နာရီလောက်နဲ့ ရောက်တယ်ညီလေးရေ၊ ဒီလိုအသုံးတည့်လို့ စစ်တိုက်တဲ့အခါမှာလည်း လေယာဉ်ကိုသုံးကြပြီး လေတပ်ဆိုတာ ရှိလာတာပါပဲ။

လေယာဉ်ဟာ တောတွေတောင်တွေ မြစ်တွေချောင်းတွေကို အလွယ်တကူဖြတ်ကျော်နိုင်တယ်၊ သူကြောက်တာကတော့ ဆိုးဝါးတဲ့ရာသီဥတုကိုပါပဲ၊ ရာသီဥတုကြောင့်ပဲ ပျက်ကျရတာ များပါတယ်၊ ဒုတိယကမ္ဘာစစ်က မြန်မာပြည် စစ်မြေပြင်မှာ အလွန် ကျော်ကြားခဲ့တဲ့ ဗိုလ်ချုပ်ဝင်းဂိတ်ဟာ အင်ဖာနားမှာ ဆိုးဝါးတဲ့လေဝဲကတော့နဲ့တိုးပြီး ၁၉၄၄ မတ်လထဲမှာ လေယာဉ်ပျက်ပြီးကျဆုံး ခဲ့ရပါတယ်၊ ဝင်းဂိတ်ဟာ လေကြောင်းအကဲသာမှုကို အားကိုးပြီး မြန်မာပြည်မြောက်ဖျားမှာ **Wingate Expedition** ဆိုပြီး ခရီးရှည်ထိုးဖောက်ခြင်းကို လေကြောင်းအကူနဲ့ လုပ်နိုင်ခဲ့လို့ ရန်သူဂျပန်တွေအများကြီးတုန်လှုပ်ချောက်ချားခဲ့ကြရပါတယ်၊ စစ်ပွဲအစမှာ အရှုံးကြီးရှုံးသွားတဲ့ အင်္ဂလိပ်တွေ အဖို့လည်း ဝင်းဂိတ်ကြောင့် အားတက်စရာတွေတွေ့ပြီး ဂျပန်တွေကို တဖြည်းဖြည်းအောင်နိုင်ခဲ့ပါတယ်၊ ဝင်းဂိတ်အဲဒီလိုလုပ်နိုင်ဖို့အတွက် **R.A.F** လို့ခေါ်တဲ့ ဘုရင့်လေတပ်မတော်ကရော **A.A.F** လို့ခေါ်တဲ့ အမေရိကန် လေတပ်ကရော အများကြီးလုပ်ပေးခဲ့ရပါတယ်၊ နောက်ပိုင်းမှာ အင်္ဂလိပ်နဲ့ အမေရိကန်တို့ရဲ့ လေကြောင်းစိုးမိုးမှု၊ လေကြောင်း အကဲသာမှုတွေက ဂျပန်တွေ

ကို မြန်မာနိုင်ငံက အမြန်ဆုံးထွက်သွားအောင် ပံ့ပိုးနိုင်ခဲ့ပါတယ်။

အဲဒီ ဒုတိယကမ္ဘာစစ်မှာပဲ ဂျပန်တွေလက်နက်ချအညံ့ခံအောင် အမေရိကန်က ဘီ ၅၂ ဗုံးကြဲလေယာဉ်ကြီးနဲ့ ဟီရိုရှီးမားရဲ့ နာဂါစကီကို အနုမြူဗုံးကြဲခဲ့တာလည်း ညီလေးအသိပါပဲ၊ ဒါ့အပြင် ပုလဲဆိပ်ကမ်းကို အလစ်အငိုက်ဝင်တိုက်သွားတဲ့ ဂျပန်ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုကို ဝိုင်းဝန်းတိုက်ခိုက်လုပ်ကြံကြတာလည်း အမေရိကန်လေတပ်ပါပဲ၊ ဒါကြောင့် ဒုတိယကမ္ဘာစစ်မှာတော့ လေတပ်ဟာ အလွန်အရေးပါလှပြီး အဆုံးအဖြတ်ပေးတဲ့ တိုက်ပွဲတွေမှာ ရှေ့ဆုံးကပါဝင်ခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးတော့ ရဟတ်ယာဉ်တွေ အသုံးများလာတယ်၊ ရဟတ်ယာဉ်ရဲ့အားသာချက်ကတော့ အများကြီးပါပဲ၊ အစ်ကိုလေ့လာတွေ့ရှိထားချက်ကတော့ ဒီဘက်ခေတ်မှာရဟတ်ယာဉ်တွေကို အောက်ဖော်ပြပါကိစ္စများမှာ သုံးကြတယ်လို့သိရပါတယ်။

(က) တိုက်ခိုက်ရေးရဟတ်ယာဉ်အဖြစ်အသုံးပြုခြင်း၊
(ခ) ကင်းထောက်ပျံသန်းခြင်း၊
(ဂ) စစ်နည်းဗျူဟာ မြောက်သယ်ယူရွှေ့ပြောင်းခြင်း၊
(ဃ) ခေါင်းဆောင်များ အခြေအနေကြည့်ရာတွင် အသုံးပြုခြင်း၊
(င) လေကြောင်းအကဲကြည့်ခြင်း၊

(စ) လူနာသယ်ဆောင်ခြင်း
(ဆ) ပျက်ကျသွားသော လေယာဉ်မှ လေသူရဲများကို ကယ်တင်ခြင်း
(ဇ) အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ခြင်း
(ဈ) မိုင်းများချထားခြင်း စတာတွေပဲဖြစ်ပါတယ်။

ဒါ့ကြောင့် ရဟတ်ယာဉ်ရဲ့အသုံးတဲ့မှုက ရိုးရိုးလေယာဉ်တွေထက် ပိုကောင်းတဲ့ကိစ္စတွေရှိပါတယ်၊ သူက နေရာကျယ်ကျယ် မလိုဘူး၊ ပေတစ်ရာ့ငါးဆယ် ပတ်လည်ရှိရင်ရတယ်၊ ပြီးတော့ **Vertical Take off and Landing** ဒေါင်လိုက်တည့်တည့် တက်နိုင်တယ်၊ ဆင်းနိုင်တယ်၊ လေယာဉ်ကြီး တွေလို ပြေးလမ်းတွေ ဘာတွေမလိုဘူး၊ အုပ်ချုပ်မှုအလွန်ရှင်းလင်းလွယ်ကူတယ်၊ ဒါ့ကြောင့် ရဟတ်ယာဉ်ကို လူကြိုက်များကြတယ်၊ တစ်နာရီ ကီလိုမီတာ ၁၅၀နဲ့ ၂၀၀ ကြားလောက်ပဲ ပျံတယ်လို့သိရပါတယ်၊ ရဟတ်ယာဉ်ဟာ **Versatile** လို့ခေါ်တဲ့ စွယ်စုံရပါပဲ၊ ညီလေး ကြည့်ဖူးတဲ့ **James Bond** ကားတွေ **Action** ကားတွေမှာ ရဟတ်ယာဉ်ကို နည်းအမျိုးမျိုးနဲ့ အသုံးချတာ မြင်ဖူးပါလိမ့်မယ်။

ရဟတ်ယာဉ်ကို တိုက်ပွဲတွေမှာ သုံးတာကတော့ အမေရိကန်တွေရဲ့ ဗီယက်နမ်စစ်ပွဲမှာ ပထမဆုံးတွေ့ရပါလိမ့်မယ်၊ ဗီယက်နမ်က တောထူတော့ လေယာဉ်ကြီးတွေ အသုံးသိပ်မတဲ့ဘူး၊ ပြင်သစ်တွေ စစ်ရှုံးသွားလို့ ဒါကို သင်ခန်း စာယူပြီး

အမေရိကန် က ရဟတ်ယာဉ်ကို **Attack Helicopter** တိုက်ခိုက်ရေးရဟတ်ယာဉ်အနေနဲ့သုံးတယ်၊ ပြီးတော့ လူနာသယ် လူနာကောက်စတဲ့ ကိစ္စတွေမှာသုံးတယ်၊ အဲဒါကို အလွန်ဉာဏ်များတဲ့ ဗီယက်နမ်တွေက တောသားပီပီ ရဟတ်ယာဉ်တွေ မဆင်းနိုင်အောင် ဝါးချွန်ကြီးတွေလုပ်ပြီးစိုက်ထားတယ်၊ အမေရိကန်တွေ တော်တော်ခံစားရတယ်၊ ဝါးချွန်ဒဏ်ခံလိုက်ရတဲ့ အမေရိကန် ရဟတ်ယာဉ် တွေမနည်းလှဘူးလို့ကြားရပါတယ်။

ဆေးဂုံကျသွားတုန်းကလည်း အမေရိကန်သံရုံးက လူတွေကို ရဟတ်ယာဉ်နဲ့ပဲ ကယ်ထုတ်ကြရတာ ရုပ်ရှင်တွေထဲမှာ ကြည့်လိုက်ရပါတယ်။

အမေရိကန်တွေလိုပဲ အာဖဂန်နစ္စတန်တိုက်ပွဲမှာ ရုရှားတွေလည်း ရဟတ်ယာဉ်သုံးကြပါတယ်၊ ဒါပေမယ့် ရုရှားတွေ မနိုင်ပါဘူး၊ တောင်ဗီယက်နမ်မှာ အမေရိကန်တွေရှုံးသလို ရှုံးသွားကြတာပါ၊ မတရားတဲ့စစ် ဆင်နွှဲရင်တော့ ဘယ်လောက် လက်နက်ကောင်းကောင်း မနိုင်ပါဘူး၊ ရှုံးရမှာပါပဲ။

လေတပ်ဗဟုသုတတွေတော့ အစ်ကိုသိသလောက် ပေးလိုက်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီခေတ် လေတပ်တွေရဲ့နေရာချထားမှု၊ ဖွဲ့စည်းတည်ဆောက်မှုတွေပါပဲ။

နိုင်ငံကြီးအတော်များများကတော့ လေတပ်ရဲ့ အားသာချက်ကြောင့် လေတပ်ကို ကြီးကြီးကျယ်ကျယ် ဖွဲ့စည်းထားကြပါ

တယ်၊ ကမ္ဘာပေါ်မှာ အင်အားအကောင်းဆုံးလေတပ်က အမေရိကန်လို့ဆိုပါတယ်၊ အမေရိကန်ဟာ သူရဲ့ လေတပ်စခန်းတွေကို အာရှ ဥရောပ၊ လက်တင်အမေရိကတိုက်တွေမှာ ဖြန့်ကျက်ချထားပါတယ်၊ ဂျပန်မှာရှိတယ်၊ ထိုင်းမှာရှိတယ်၊ ဖိလစ်ပိုင်မှာရှိတယ်၊ ဟိုတုန်းကဆို လာအိုတို့၊ ကမ္ဘောဒီးယားတို့မှာတောင်ရှိပါတယ်၊ အလားတူပဲ ရုရှားကလည်းထားတာပါပဲ၊ ဒါပေမယ့် အမေရိကန်ကို မမီပါဘူး။

လေတပ်မှာ တိုက်ခိုက်ရေး၊ အုပ်ချုပ်မှုနဲ့ လေ့လာအကဲကြည့်စတာတွေကို ခွဲထားပါတယ်၊ **Radar Squadron** တွေလည်း ထားရပါတယ်၊ ပုလဲဆိပ်ကမ်းတိုက်ပွဲတုန်းက ဂျပန်လေယာဉ်တွေ လာနေတာ ရေဒါထဲမှာ တွေ့ရဲ့သားနဲ့ အချိန်မီသတင်းမပို့ မိလို့အဖြစ်ဆိုးခဲ့ရတာကို အမေရိကန်တွေမမေ့ကြပါဘူး။

သိပ္ပံနဲ့နည်းပညာ အလွန်ထွန်းကားနေပြီဖြစ်လို့ မောင်းသူမဲ့ သူလျှိုလေယာဉ်တွေလည်းလွှတ်နေကြပါတယ်၊ ဒီလိုအများကြီးနဲ့ အမျိုးစုံကို ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်နေကြပါတယ်။

လေသူရဲတွေဘဝကလည်း မလွယ်ပါဘူး၊ ကျန်းမာရေးကောင်းမှ လေဖိအားနည်းဒေသမှာ နေနိုင်မှာဖြစ်ပါတယ်။ လေတပ် အကြောင်း တစေ့တစောင်းသိသွားပြီဖြစ်တဲ့ ညီလေးက လေယာဉ်မောင်းချင်တယ်၊ လေတပ်ထဲဝင်ချင်တယ်၊ လေတပ်

သားဖြစ် ချင်တယ်ဆိုရင်တော့ ကျန်းမာရေးကောင်းအောင် ကြိုးစားပါ၊ ခြေနှစ်ဖက်မပါတဲ့ ဗြိတိသျှလေသူရဲ ဒေါက်ကလပ် ဗေဒါလို စိတ်မျိုးမွေးပါလို့ မှာပါရစေ၊ ဘာတဲ့

**Nothing is impossible under the blue sky** ကောင်းကင်ပြာပြာကြီးအောက်မှာ မဖြစ်နိုင်ဖူးဆိုတာ ဘာမှ မရှိဘူး ဆိုတာပါပဲ။

နိုဂုံးချုပ်ပါတော့မယ်၊ နိဂုံးမချုပ်ခင်မှာ တစ်ခုမေ့ပြီး ကျန်ခဲ့တယ်၊ အဲဒါကတော့ **Paratrooper** လို့ခေါ်တဲ့ လေထီး စစ်သားတွေအကြောင်းပါ။

လေထီးစစ်သားဆိုတာကတော့ တကယ်တော့ ကြည်း တပ်ကစစ်သားပါပဲ၊ ဒါပေမယ့် သူက လေယာဉ်ပေါ်က လေထီး ခုန်ဆင်းပြီး နယ်မြေသိမ်းတယ်၊ တိုက်တယ်၊ ခိုက်တယ်၊ ဒါ့ကြောင့် သူ့အခန်းကဏ္ဍကလည်း သိပ်မသေးပါဘူး၊ သာမန် ခြေလျင်တပ် မလုပ်နိုင်တာတွေကို သူကလုပ်နိုင်တယ်၊ ရန်သူ့ နောက်ပိုင်းကို လေထီးနှင့်ဆင်းပြီး ရန်သူကိုတိုက်ခိုက်ခြေမှုန်း နိုင်တယ်၊ စောစောက အစ်ကိုပြောခဲ့တဲ့ ဗိုလ်ချုပ်ဝင်းဂိတ်ရဲ့ ခြသေ့်တပ်ဖွဲ့တွေ မြန်မာနိုင်ငံထဲပြန်ဝင်တာ အားလုံးလူ တစ်သောင်းကျော်မယ်၊ ခုနစ်ထောင်၊ ရှစ်ထောင်လောက်က လေထီးနှင့် ဆင်းကြတာလို့ဆိုပါတယ်၊ အချို့တော့လည်း **Glider** လို့ခေါ်တဲ့ စက်မဲ့ လေယာဉ်တွေနဲ့ချပေးတာပါ။

အစ်ကိုတို့ ဗိုလ်သင်တန်းတက်တုန်းက ဗိုလ်သင်တန်း

ကျောင်းက မှော်ဘီမှာဖြစ်ပါတယ်၊ မနီးမဝေးမှာ လေထီး သင်တန်း ကျောင်းရှိတယ်၊ မြန်မာနိုင်ငံအရပ်ရပ်က အရည် အချင်းပြည့်မီတဲ့ တပ်မတော်သားတွေကို လေထီးခုန်ဖို့ သင်တန်း ပေးနေတယ်၊ လေထီးစစ်သားက **Special diet** လို့ခေါ်တဲ့ အထူး အစားအစာ ဒါမှမဟုတ် အထူးရိက္ခာရတယ်၊ ကြက်ဥတို့ ထောပတ်တို့၊ ပေါင်မုန့်တို့၊ ချောကလက်တို့ပါပဲ၊ ကယ်လိုရီ များတဲ့ အစာတွေပေ့ါ၊ လေထီးစစ်သားက တောင့်တင်းကြံ့ခိုင်ပြီး အထူးကျန်းမာ သန်စွမ်းဖို့လိုပါတယ်၊ အရပ်အမောင်းကလည်း ငါးပေခွဲလောက်ရှိမှရတယ်၊ သူတို့ကို ကောင်းကောင်းကျွေး၊ ကောင်းကောင်းမွေးရတယ်၊ နိုင်ငံခြားဖြစ် **Field jacket** တွေနဲ့ လေထီးစစ်သားတွေဟာ တကယ့်တစ်သွေးတစ်မွေးတွေပါ၊ မနက်မနက် **PT** ပြေးတဲ့အခါ အစ်ကိုတို့ ဗိုလ်လောင်းတွေနဲ့ လေထီးစစ်သားတွေ လမ်းမှာဆုံပါတယ်၊ အဲ့ဒီအခါ သူတို့တွေက လှလှပပ အစ်ကိုတို့တစ်တွေက မည်းမည်းသဲသဲ၊ ဒါပေမယ့် သူတို့က

“တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး၊ လေထီးစစ်သား” လို့ အော်တဲ့အခါမှာ

အစ်ကိုတို့ကလည်း အားကျမခံ

“တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး ဗိုလ်လောင်း ကျောင်းသား” လို့ ပြန်အော်တာ သတိရမိပါသေးတယ်။

ပြန်စဉ်းစားပြီး လွမ်းလည်းလွမ်းမိပါတယ်၊ လေဗိုလ်

မလုပ်ရပေမယ့် လေထီးစစ်သားတော့ ဖြစ်နိုင်ကောင်းရဲ့ ဆိုပြီး ဒိုက်တွေထိုး၊ အလေးတွေမနဲ့ ကြိုးစားကြည့်ပါသေးတယ်၊ လေထီးစစ်သားက ရင်အုပ်ကျယ်ရမယ်ဆိုတာကိုး၊ ဘယ်လိုပဲ ကြိုးစား ကြိုးစား ကံမပါလာတော့ နှစ်ခါ၊ သုံးခါ လေထီးခုန်ဖို့ လျှောက်ခဲ့ပေမယ့် စစ်ဆင်ရေးအရေးကြီးလို့ဆိုပြီး အရာရှိ အခက်အခဲကြောင့် တပ်ကမလွှတ်လို့ လေထီးမခုန်ခဲ့ရပါဘူး။

ကဲ ညီလေး

ဒါလောက်ဆိုရင် လေတပ်အကြောင်း တစေ့တစောင်းတော့ သိလောက်ပါပြီ၊ စောစောကပြောခဲ့တဲ့အတိုင်း လေတပ်သား ဖြစ်ချင်တယ်ဆိုရင်တော့ ကျန်းမာရေးကိုဂရုစိုက်၊ သိပ္ပံပညာတွေကိုလေ့လာ၊ ရုတ်ချည်းကြုံတွေလာတဲ့ အခက်အခဲတွေကို လျှပ်တစ်ပြက်ဆုံးဖြတ်နိုင်အောင်ကြိုးစား။


ဒါဆိုရင် ညီလေးကို လေတပ်က လက်ခံမှာပါလို့ စကားလက်ဆောင်ပါးလိုက်ပါတယ်။

အောင်မြင်ပါစေ။
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ




လေတပ်သွားမယ့်သူတွေအတွက်


နမူနာရဟတ်ယာဉ်နဲ့ လေကြောင်းချီစစ်သည်များ



ရဟတ်ယာဉ်တစ်စီးရဲ့ ဖြတ်ပိုင်းပုံ Diagram



ဒီခေတ်သုံးတဲ့ ရဟတ်ယာဉ်တွေ



လေယာဉ်တစ်စီးရဲ့ ဖြတ်ပိုင်းပုံ Diagram

# အစ်ကိုတို့စစ်သား (၁၀)

## စစ်သားတို့၏ အာဝေဏိက ဒုက္ခများ

ညီလေး

မင်းကို အစ်ကို့အနေနဲ့ စစ်သားတွေအကြောင်း သိကောင်းစရာ တစေ့တစောင်းနဲ့ကြည်း၊ ရေ၊ လေ ဆိုတဲ့ တပ်မတော်ကြီး သုံးရပ်အကြောင်း တော်တော်လေးပြည့်ပြည့်စုံစုံ ရှင်းပြခဲ့ပါပြီ၊ ဒါ့ကြောင့် အစ်ကိုတို့စစ်သားအကြောင်းတွေ ပုံလည်းပေါ် လာလောက်ပြီထင်ပါတယ်။

စစ်သားလုပ်ချင်တဲ့ ညီလေးအတွက် ဒီစာဟာ နောက်ဆုံးစာဖြစ်ပါတယ်၊ ဒါလေးပြီးအောင်ဖတ်ပြီးမှ စစ်တပ်ထဲ ဝင်ပါလို့ မှာပါရစေ။

စစ်သားတွေမှာ သာမန်အရပ်သားနဲ့ မတူတဲ့ အာဝေဏိက ဒုက္ခဆိုတာရှိတယ်၊ အာဝေဏိကဆိုတာကတော့ သီခြားဖြစ်သောလို့ အဓိပ္ပာယ်ရတယ်၊ မိန်းမတို့၏ အာဝေဏိက ဒုက္ခဆိုတာဟာ မိန်းမမှာပဲရှိတယ်၊ ယောကျ်ားမှာမရှိဘူး၊ အဲဒါ တွေက ဘာလည်းဆိုရင် အရွယ်ရောက်ရင် တစ်လတစ်ခါ ရာသီပန်းပွင့်ရတယ်၊ ဒီပန်းပွင့်ကလည်း တယ်မလွယ်ဘူး၊ သိပ် ပွင့်လွန်း ရင်လည်း မကောင်းဘူး၊ မပွင့်ပြန်ရင်လည်း ဒုက္ခ၊

အဲ့ဒီပန်းကလေးမှန်မှ မိန်းကလေးတွေဟာ ကျန်းမာဝဖြိုးပြီး အလှတိုးမှာပါ၊ ဒါ့ကြောင့် အရွယ်ရောက်တဲ့ မိန်းကလေးတိုင်း အဲ့ဒီပန်းကို တယုတယနဲ့ အရိုပ်တကြည့်လုပ်နေရတယ်၊ အသက်လေးဆယ်ကျော် ငါးဆယ်နားရောက်လို့ အဲဒီပန်းကြွေသွားမှ အဲ့ဒီဒုက္ခက အေးတော့တယ်။

နောက်တစ်ခုက ကိုယ်ဝန်ဆောင်ရတဲ့ကိစ္စပဲ၊ သက်ရှိသတ္တဝါတွေအားလုံး အမက ကိုယ်ဝန်ဆောင်ရတယ်၊ လူမှာလည်း မိန်းမက ကိုယ်ဝန်ဆောင်ရတယ်၊ လေးငါးဆယ်ရက် မဟုတ်ဘူး၊ ကိုးလ၊ ဆယ်လကြာတယ်၊ ပိသာလေးကြီး ဗိုက်ထဲထည့် လွယ်ထားရသလို ဖြစ်နေတာပေ့ါ၊ အဲ့ဒီအရသာသိချင်ရင် ညီလေး လည်း ကျွဲကောသီးဖြစ်ဖြစ်၊ ဖရဲသီးကြီးဖြစ်ဖြစ် ဗိုက်နဲ့အကျီကြားထည့်ပြီး လျှောက်သွားကြည့်ပါလား၊ အနေရအထိုင်ရခက်ပြီး တော်တော်ခံစားရမယ်ထင်တယ်နော်၊ နောက်ပြီးတော့ အဲ့ဒီကိုယ်ဝန်ဆောင်ကို မွေးရတယ်၊ ဒါကလည်း အခန့်မသင့်ရင် အသက်ပါ ပါသွားနိုင်တယ်၊ ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့ နောက်ထပ်သုံးလေးငါးချက် ရှိသေးတယ်နဲ့တူတယ်၊ အစ်ကိုမမှတ်မိတော့ဘူး။

အဲဒီလိုပါပဲ တို့စစ်သားတွေမှာလည်း သူများနဲ့ မတူတဲ့ ဒုက္ခတွေတော်တော်များများရှိတယ်၊ အဲဒါတွေကတော့ ပထမဆုံးအချက်ဟာ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ အမိန့်ကို နာခံရခြင်း

ပဲ၊ တပ်ထဲရောက်ရင် ဒါကို အရင်သင်တယ်၊ စစ်ရေးပြဟာ အဲ့ဒါရဲ့အစပဲ၊ ရှေ့ကြည့်ဆို ရှေ့ပဲကြည့်၊ ဘေး၊ ဘယ်၊ ညာ မကြည့်နဲ့ သတိဆို မတ်နေအောင်ဆွဲထား၊ လုံးဝမလှုပ်နဲ့ နေပူထဲမှာ တစ်နာရီလောက် သတိဆွဲထားရတာ သိပ်မသက်သာဘူး၊ တချို့ဆို ဒိုင်းခနဲ ပစ်လဲသွားတယ်။

အစ်ကိုဟာ ဘဝကို အစာမကြေဘဲ ဂျစ်တိဂျစ်တန်နဲ့ စစ်တပ်ထဲရောက်သွားတာ၊ အပြင်မှာတော့ တော်တော်အပေါက်ဆိုးတဲ့ကောင်၊ ဘယ်သူပြောတဲ့စကားမှ နားမထောင်ဘူး၊ လုပ်ချင်ရာလုပ်တယ်၊ ဒါပေမယ့် တပ်ထဲရောက်တော့ အဲ့ဒီသတိ၊ သက်သာ၊ အေးစေနဲ့ မိသွားတဲ့အခါ တော်တော်အပိုးကျိုးသွားပါတယ်၊ တစ်နှစ်လောက် သင်တန်းတက်ပြီးတဲ့အခါ လုံးဝဘဝပြောင်းသွားတော့တယ်၊ အဲ့ဒါကြောင့်လည်း စစ်သည်တော်ဟောင်းတစ်ဦးကြီးက ဒီလိုဆိုခဲ့သတဲ့။

"ငါ့သားများ စစ်ထဲဝင်ရင်လေ၊ သူ့ကို ပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာ လိုက်နာရင် တကယ့်ယောကျ်ားမြတ် ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့"

နောက်တစ်ခုက ခြေ၊ လက်၊ ကိုယ်ခန္ဓာနဲ့ အသက်ပါ စွန့်လွှတ်ရခြင်းပဲ၊ တပ်ထဲမှာ သေနိုင်တယ်၊ ကျေနိုင်တယ်၊ ကျိုးနိုင်တယ်၊ ကန်းနိုင်တယ်၊ ပဲ့နိုင်တယ်၊ ရွဲ့နိုင်တယ်၊ ပြတ်နိုင်တယ်၊ အတိုတစ်၊ အရှည်တစ်နဲ့ ဒုက္ခိတဖြစ်သွားနိုင်တယ်။

အတိုတစ်၊ အရှည်တစ်ဆိုတာတော့ မိုင်းထိလို့ ခြေပြတ်ပြီး၊ ခြေနှစ်ဖက်က တိုရှည်ဖြစ်နေတာကို ပြောချင်တာပါ၊ မိုင်းပေါတဲ့ အရပ်တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ရဲဘော်တွေရဲ့ လက်သုံးစကားပေါ့။

ဒါတွေကို မကြောက်မရွံ့ ရင်ဆိုင်နိုင်အောင် တပ်မတော်ထဲဝင်ကတည်းက စစ်သားတွေအတွက် သစ္စာ လေးချက်ဆိုတာရှိပါတယ်၊ ညီလေးလည်းသိပြီးဖြစ်ပါလိမ့်မယ်။

* ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။
* ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကိုစောင့်သိရိုသေပါမည်။
* ငါ့အား အထက်မှ ပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။
* ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အမြဲအသင့်ရှိ ပြုပါ၏။

အဲဒီလို ဆိုထားတယ်ညီလေး၊ လိုအပ်ရင် အသက်ကို စွန့်ရလိမ့်မယ်။

"ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်
နိုင်ငံဝန်၌၊ ကုမ္ဘာကျယကွ
နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း
ခွာ၍မဆန့်၊ အသက်စွန့်လော့"

မြရတနာစာပေ

အဲဒီစကားလိုပါပဲ အသက်ကိုစွန့်ရတတ်ပါတယ်။

နောက်တစ်ခုကတော့ တောတွေတောင်တွေထဲမှာ လပေါင်းများစွာ လှည့်လည်သွားလာနေရတတ်တယ်၊ တစ်ခါတလေ လူမနီးသူမနီးတောကြီးမျက်မည်းထဲမှာ တောင်ထိပ်တွေမှာ Out post လို့ခေါ်တဲ့ စခန်းထိန်းတာဝန်ထမ်းဆောင်ရင်းလအတော်ကြာနေရတတ်တယ်၊ မနေတတ်ရင်တော့ တော်တော် ပျင်းစရာကောင်းတယ်၊ အဲ့ဒီနေရာမျိုးတွေမှာ မိန်းမဆိုလို့ မူးလို့ရှူစရာတောင်မရှိဘူး၊ မနက် မနက် ရေဒီယိုကလာတဲ့ "သောတရှင်များ ကျန်းမာတော်မူပါစရှင်"ဆိုတဲ့ အသံလေးကရှားရှားပါးပါး မိန်းမပါပဲ။

အဲဒီလို စခန်းတွေ ထိုင်ရရင် အစ်ကိုကတော့ ဘာလုပ်တယ်ထင်သလဲ၊ ကက်ဆက်ကလေးတစ်လုံးဝယ်ပြီး အမျိုးသမီးအဆိုတော်တွေရဲ့ သီချင်းတွေချည်းပဲ နားထောင်တော့တာပဲ၊ ဒေါ်ကြောင့် တင်တင်မြရဲ့ တောင်တန်းပြာနဲ့ ကျောပိုးအိတ်၊ ထားရဲ့ နက်ဖြန်သို့မဟုတ်ဘယ်သောအခါ၊ သန်းသန်းဆင့်ရဲ့ ဆီမလူးတဲ့ ပေဖူးလွှာ၊ ဒေါ်မေရှင်ရဲ့ ကျေးစေတမန်၊ ဒေါ်တင်တင်မူရဲ့ ရွှေလည်တိုင် စတဲ့သီချင်းတွေကို နားထောင်လွန်းအားကြီးလို့ အလွတ်ရသွားတယ်၊ နောက်တော့လည်း ယောကျ်ားအဆိုတော်တွေရဲ့ သီချင်းတွေပါ ရတော့တာပဲ။

ဥပမာပြောရရင် တပ်ကြပ်ကြီး ညွှန့်ခင်ရဲ့ အစ်ကိုတို့စစ်သား၊ ပြည်လှဖေရဲ့ နတ်ရှင်နောင်၊ စန္ဒယားထွန်းညွှန့်ရဲ့ စာဆို

စစ်သူ၊ ကိုလေးမြင့်ရဲ့ ချစ်ရတုထံတျာ၊ မောင်မောင်ညွှန့်ရဲ့ စစ်သည်မှတေးတစ်ချိုးနဲ့ စိုင်းဆိုင်မောဝ်ရဲ့ တောင်ပြာတန်းကသိတယ် စတာတွေပါပဲ၊ အဲဒီလိုနဲ့ စခန်းတွေ မရေမတွက်နိုင်အောင် ထိုင်ရတော့ သီချင်းရာချီပြီး အလွတ်ရခဲ့ပါတယ်၊ မယုံဘူးဆိုရင် ကြုံတဲ့အခါ ဆိုပြပါ့မယ်။

နောက်တစ်ခုကတော့ ဘယ်နေရာရောက်ရောက် ရုံးပိတ်ရက်မရှိ ၂၄ နာရီ တာဝန်ရှိသူတွေဖြစ်လို့ ကိုယ့်ကိုကိုယ် မပိုင်ပါဘူး၊ တပ်မတော်ကသာ ပိုင်ပါတယ်၊ လုပ်ချင်ရာလုပ် စားချင်ရာစား သွားချင်ရာသွားလို့ မရပါဘူး၊ တပ်မတော်သားတွေရဲ့ ကျင့်ဝတ် (၆၀)ရှိပါတယ်၊ အဲဒါကို လိုက်နာရပါတယ်၊ တပ်ထဲရောက်သွားသူတိုင်း အဲဒီကျင့်ဝတ် (၆၀)ကို အလွတ်ကျက်ရတယ်၊ နှုတ်ငုံဆောင်ရတယ်၊ ဒီဒဏ်တွေကို ခံနိုင်ပြီဆိုရင်တော့ စစ်ထဲဝင်သာဝင်ပါ ညီလေး၊ တပ်မတော်ကြီးက မင်းကို ကြိုဆိုနေပါလိမ့်မယ်။

တကယ်တော့လည်း "ဖန်နေဝန်းသို့ညီထွန်းလင်းပြောင်ပေသည်၊ ဒါတို့တိုင်းတို့ပြည်တို့ကာကွယ်မည်" ဆိုတဲ့ လူငယ်တွေ ရှိနေလို့ တို့တိုင်းပြည်ကြီး လွတ်လပ်ရေး အစွန့်ရှည်နေတာပေါ့။

ကိုယ်က အဲဒီလို ချွေးနဲ့သွေးနဲ့ ပေးဆပ်လိုက်တဲ့အတွက် တိုင်းပြည်နဲ့ တပ်မတော်ကလည်း ညီလေးကို ထိုက်တန်တဲ့ တုန့်ပြန်မှုတွေ ရှိပါတယ်၊ ဘယ်ရောက်ရောက် စားဖို့သောက်ဖို့

နေဖို့ထိုင်ဖို့ မပူရပါဘူး၊ ကျန်းမာရေးက အစပေါ့၊ ပြီးတော့ တတ်သင့်တတ်အပ်တဲ့ ပညာရပ်တွေကို ကျောင်းတွေဖွင့်ပြီး သင်ပေးပါတယ်၊ တချို့သော ပညာရပ်တွေဟာ တပ်ကနေ အငြိမ်းအစား ယူသွားတဲ့အထိ အပြင်မှာ အသက်မွေးဝမ်းကြောင်းလုပ်စားလို့ရနိုင်တဲ့ အခြေအနေရှိပါတယ်၊ နောက်ပြီးတော့ ရဲဘော်ရဲဘက်စိတ်ပါ၊ စစ်မြေပြင်မှာ အတူတိုက်ပွဲဝင်ခဲ့ကြတဲ့သူတွေဟာ

သေတူရှင်ဖက် ဆောင်ရွက်မကင်း
အချင်းချင်းတွင် အခင်းကြီးငယ်
ရှိခါဝယ်တည်း မဖယ်မသွေ
ညီညာကုန်း၍ ရုန်းကြလေ။

ဆိုတဲ့ စကားအတိုင်း ရှေးဖြစ်ဟောင်းများကို အောက်မေ့ပြီး သစ္စာစောင့်သိ ဖေးမကူညီတတ်ကြပါတယ်။

ဒါ့ကြောင့်

"ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်၏" လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

နောက်တစ်ခုကတော့ စစ်သားဆိုတာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပါ၊ အစ်ကိုတို့ ငယ်ငယ်ကပေါ့၊ ၁၉၄၉-၅၀ လောက်ကထင်တယ်၊ အစ်ကိုတို့ ရေဦးမြို့ကလေးကို အလံနီကွန်မြူနစ်တွေ

လက်ထဲက ဗိုလ်မှူးကြီးအယ်လ်ခွန်နောင်ဦးစီးတဲ့ အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်းက ပြန်သိမ်းပေးတယ်၊ မြို့စောင့်ဖို့ တပ်ခွဲတစ်ခွဲထားပြီး အဲဒီတပ်ရင်းက ရွှေဘိုပြန်သွားတယ်၊ ထားခဲ့တဲ့ တပ်ခွဲက တပ်ခွဲမှူးက ကချင်၊ ဗိုလ်ဇလွန်းတဲ့၊ ဗမာစကား မပီကလာ ပီကလာနဲ့ လူပျိုပါ၊ လေးငါးခြောက်လအကြာမှာ သဘောကောင်းတဲ့ ဗိုလ်ဇလွန်းနဲ့ ရေဦးက အလှမယ်ကလေး မခင်ရီတို့ ရသွားကြတယ်၊ မခင်ရီက အတော်လှတယ်၊ ကြိုက်တဲ့သူတွေအများကြီး၊ ဗိုလ်ဇလွန်းကတော့ အသားခပ်ညိုညိုနဲ့ စစ်သားရုပ်ပါပဲ၊ မြို့ကိုကယ်တင်တဲ့ ကျေးဇူးရှင်မို့ မခင်ရီက ဗိုလ်ဇလွန်းကို လက်ထပ်လိုက်တယ်လို့ ပြောသံကြားတယ်၊ အဲ့ဒီတုန်းက ရေဦးက မိန်းကလေး တော်တော်များများ ကချင်(၁) နောက် ပါသွားလေရဲ့။

အဲဒီလိုပါပဲ၊ ၁၉၅၈ အိမ်စောင့်အစိုးရလက်ထပ်မှာ ခလရ (၁၈)နဲ့ ခမရ (၁၀၅)က တပ်ခွဲနှစ်ခွဲဟာ တစ်နှစ်စီလောက် ရေဦးမှာနေသွားတယ်၊ လူပျိုတပ်ခွဲတွေကို ရွေးပို့တာတဲ့၊ အဲဒီတပ်ခွဲတွေပြန်သွားတော့ တပ်ခွဲတစ်ခွဲကို ရေဦးသူ အစိတ်၊ သုံးဆယ်ပါသွားလေရဲ့၊ အဲဒီအထဲမှာ အစ်ကို့အစ်မဝမ်းကွဲ နှစ်ယောက်တောင် ပါသွားတယ်၊ နှင်းဆီခိုင်တွေ ဘယ်လောက် များလဲဆိုတာ ညီလေးစဉ်းစားကြည့်ပါတော့။

စာလည်း အတော်ရှည်ပြီမို့ နိဂုံးချုပ်တော့မယ်၊ အစ်ကိုနဲ့ ရှေ့ဆင့်နောက်ဆင့် ဗိုလ်ဖြစ်တဲ့ တပ်မတော်လေက တပ်ကြပ်

ကြီး ညွန့်ခင်ရဲ့ အစ်ကိုတို့စစ်သားသီချင်းလေးကို နောက်ဆုံးပိတ် အိတ်နဲ့လွယ်ပြီး ညီလေးအတွက် ဖော်ပြပေးလိုက်ပါတယ်။ အဲဒီ သီချင်းကို ခံစားနားလည်နိုင်ရင် ညီလေးစစ်သားကောင်း တစ်ယောက် ဧကန်ဖြစ်ပါလိမ့်မယ်။

## အစ်ကိုတို့စစ်သား

ဂီတစာဆို – ဓနုရားလေးလှိုင် တေးသံရှင် – ထပ်ကြပ်ကြီး ညွန့်ခင်

(အစ်ကိုတို့ စစ်သားတွေ)၂ ဟာလေ တောတောင် ရေမြေ ဆူးအထပ်ထပ် ××× နွယ်ရုံချုံကြား တကယ် မှုန်ဝါးတဲ့နေရာ အသခေါ် ဖြတ်ကျော်လာခဲ့ရ ဟင် ××× တပ်မတော်ရဲ့ဘဝ စစ်သားဇာနည်မောင်တွေ။

(အစ်ကိုတို့စစ်သားတွေ သစ္စာလေးချက် ရင်ဝယ် ပိုက်လို့လေ စံရာဟာမြေ ခန္ဓာကြေကြေ ××× အသက်ကို ပမာမထား စစ်သားဘဝရဲ့အခြေ ××× စစ်မြေပြင် ညို့ညို့ဆိုင်းဆိုင်း မှုန်မှိုင်းမှိုင်းနဲ့ ဘဝလှိုင်းဒဏ် ခံနိုင် ရဖို့လေ)၂

(ဩော် ××× တစ်ခါတလေ တွေးမိတိုင်း မျက် ရည်ဝိုင်းလို့ဝေ ××× ဒါပေမယ့်လေ ကိုယ့်စိတ်ကိုဖြေ)၂

စေခိုင်းလေသမျှ သွေမဆိုင်း တာဝန်ကျေ ××× ကြံ့ကြံ့ ခိုင်ခိုင် ဖွဲ့သတ္တိနဲ့ သစ္စာအမိကပေ။

(အစ်ကိုတို့ စစ်သားတွေ)[၂] ဘဝမှန်တိုင်း ကြမ်းချင် ကြမ်းပါစေ ××× မဆန်းတော့တဲ့ ကိုယ့်အဖြစ်မှာလေ ××× နွယ်ရုံချုံကြား တကယ်မှန်ဝါးတဲ့ နေရာအသချော် ××× ဖြတ်ကျော်လာခဲ့ရ ဟင် တပ်မတော်ရဲ့ ဘဝ (စစ်သားဇာနည်မောင်တွေ)[၂]။

အောင်မြင်ပါစေ။
သင့်အစ်ကိုကြီး
တပ်စခန်းတစ်နေရာ

မြရတနာစာပေ



ရန်သူကိုစောင့်တဲ့အခါ စိတ်ရှည်ရှည် စောင့်ရမယ်

အချင်းချင်းစကားမပြောနဲ့၊
စစ်မြေပြင် ကင်းစောင့်တာဝန်တွေမမေ့နဲ့

မြရတနာစာပေ



ဒီလို အသေအချာ နေရာယူထားမှရမယ်

မြရတနာစာပေ



ဒါက နေရာယူခိုင်းနေတာ

မြရတနာစာပေ